www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မီထယ်

ဣဥပမာ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၅၂၄၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၆၈၀၁၂၀၉

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မီထယ်
ဣဥပမာ/ရှင်မီထယ်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၀- စာ၊ ၁၂×၁၈ စင်တီ။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး။
- ပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# ရှင်မိထယ်






ကြူဥပမာ

www.burmeseclassic.com

www.burmeseclassic.com









အရှုံးတွေကို … တင်းခံသတ်ပြီး
ခံစားနေရတာကြာရင် …
အဲဒီ ဗုံးတွေကို ရင်ဝယ်ပိုက်ပြီး
သိမ်းဆည်းလိုက်တာက
ငြိမ်းမှုမြတ်ပါတယ် ရှင် …

www.burmeseclassic.com





ဘဝမှာ နှစ်ခါမွေးဖို့တာ
မရှိသလောက်ရှားတဲ့
မိန်းမတစ်ယောက် ...
အခုတော့ဖြင့် ...
နှလုံးသားရဲ့ အနှအရ ...
ပျော်ဝင်ပေးသပ်လိုက်ချင်ပြီ
ဆိုရင် ... အဲဒီဘဝကို ...
သူမ ကျေနပ်ရောင့်ရဲ
နိုင်ပါ့မလား ...





# ၁

မိုးတွေ တဖွဲဖွဲကျနေသည့် ဒီကနေ့လောက် အိမ်မှာနေရတာ ရန် ပျင်းတာ၊ ငြီးငွေ့တာမရှိ။

"အင်း ... ဘာလုပ်ရရင် ကောင်းမှာလဲ ..."

ဆိုပြီး အကြံကောင်း ဉာဏ်ကောင်းထုတ်လိုက်သည့် တစ်ခဏအတွင်းမှာပဲ Honda Civic ပြိုင်ကား အနီကလေးကို ဒက်ဒီ မာမီတို့ ဂိုဒေါင်ထဲကထုတ်ကာ တစ်ယောက်တည်း လမ်းအတိုင်း ကားလေးကို ... လေထဲတဝိုးဝိုးဖြတ်ပြေးသွားအောင် အရှိန်မြင်း မောင်းချလိုက်ပါတော့သည်။

အင်း ... ရန်လို ဆံပင်လေးတွေ ဖွာလန်ကြဲအောင် တဝိုးဝိုးမောင်းနေသည့် အမျိုးသမီးဖြစ်ဖြစ် ကားပြိုင်မောင်းဝံ့သူ

www.burmeseclassic.com



တစ်ဦးလောက်ရှိသည်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ ကွယ် ... လို့ စဉ်းစားနေတုန်းမှာပဲ ...

"အဟား ... တွေ့ပြီ ... တွေ့ပြီ ... တွေးရင်းပြုံးရင်း ... "

ရန် အတွေးတွေတောင် အဆုံးမသတ်ခင်မှာပဲ လှိုင်နှင့်အပြိုင် ကားပြိုင်မောင်းလာသူ တစ်ယောက်ကို တွေ့လိုက်ရပါသည်။

အဲဒီတော့လည်း ရန်တို့က ကြာသလားလို့ မမေးနဲ့။ ပြိုင်ပြီပေါ့ ... ။

အသစ်စက်စက် Honda Civic ကားလေးကို အရှိန်မြင့်သထက် မြင့်အောင် လီဗာနင်းချလိုက်တော့သည်။

"ကျိုး ... ကျလိ ... "

"အား ... အမယ်လေး ... သေပါပြီ ... ဝဲ့ ဘဝကြီးမွဲပါပြီ"

"ဟ ... ကား ... ကားတိုက်မိပြီ ... "

ဆိုသည့် ရန့် ကားအရှေ့က ရုတ်တရက် ဖြတ်ပြေးလိုက်သည့် ကောင်လေးတစ်ယောက်ရဲ့ အလန့်တကြားအော်ဟစ်လိုက်သည့် အသံတစ်ခုကိုပဲ ရန် သဲ့သဲ့လေး ကြားလိုက်ရသည်။

"ဟား ... ပွတ်ခါသီခါလေး လွဲသွားလို့ ... တော်သေးတာပေါ့ ... နို့မို့ ... ဒီကနေ့ ... ကျွန်တော့်ဓိဝိန်ချုပ်သွားမှာ အမှန်ပဲ ... ဟား ... လွဲသွားလို့ ... လွဲသွားလို့ ... "





တကဝေသည် ဖြစ်ခဲ့သည့် အဖြစ်အပျက်ကြီးကို ... ကယောင်ကတမ်း ရှေ့တက်ရင်း လမ်းမပေါ် တုံ့ခနဲ ပြေးရပ်သွားသည့် ကျေးရူးရှင် ကားမောင်းသူ အမျိုးသမီးလေးကို တအံ့တသြ ငေး အကြည့်မှာပဲ ထင်မှတ်ဘဲ မြင်တွေ့လိုက်ရသည့် မြင်ကွင်းက သူ့ရင်ကို တဒိန်းဒိန်း ဆောင့်ခုန်သွားသည်အထိ သူ့ အာမေဋိတ်ဖြစ်လျက် မေ့မောသွားရလေတော့သည်။

"ဟိုက် ... "

ဘုရား ... ဘုရား ... ဒီမိန်းကလေး အသက်များရှိ သေးရဲ့လားမသိ။ သူ့ကို ကားနဲ့တိုက်မိမလို့ ဖြစ်သွားတာကို ကားနဲ့ တိုက်မိတယ်ထင်ပြီး အကြောက်လွန်ပြီး ကားကူရှင်ကြီးမှာ မျှော့ မျှော့လေးလဲကျ ... သတိလစ်သွားသည့် သူတို့အရွယ်လောက်ရှိ သည့် ကောင်မလေးကို သူ ဘာမှ မပြောနိုင်တော့သလို။ ဒီကောင် မလေးများ နှလုံးသွေးရပ်ပြီး သေသွားရင် ဆိုသည့်အတွေးက သူ့ နှလုံးအိမ်ထဲကို လှိုင်းပြင်းပြင်း ရိုက်ဝင်သွားတော့သည်။

"အင်း ... ဒီကောင်မလေး တစ်ခုခုဖြစ်သွားတာတော့ သေ ချာတယ် ... ငါ ... ငါ ... ဘာလုပ်ရမလဲ ... ဟိုတ် ... ဒီ မှာ ... သတိရပြီလား ... သတိရပြီလား ... "

ကောင်မလေးကို ကြည့်ပြီး သူ ကတုန်ကယင်ဖြ ဖြစ်ကာ ကားကူရှင်ကြီးမှာ လဲကျနေသည့် ကောင်မလေး ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထုံးလေးကို ဆတ်ခနဲ တည့်မတ်ပေးပြီး ခေါ်လိုက်ပေမယ့် ကောင်မလေးဟာ သတိမရသေးချေ။

အဲဒီနောက် ကောင်မလေး ရင်ဘတ်က နှလုံးခုန်နှုန်းကို စမ်းရကောင်းမလား၊ သင့်တော်ပါ့မလားလို့ ဝေခွဲမရ ဖြစ်နေတုန်းမှာပဲ ဒက်ရှ်ဘုတ်ပေါ်က Hand Phone မြည်သံလေးက သူ့ကို အကျပ်အတည်းကြားက လွတ်မြောက်ခွင့်ရအောင် ကယ်တင်လိုက်လေသည်။

"တူ ... တူ ... တူ ... "

"တူ ... တူ ... တူ ... "

"ဟင် ... "

အခုအချိန်အထိ သူအကြောက်လွန်ပြီး ဒက်ရှ်ဘုတ်ပေါ်က သူမရဲ့ Hand Phone ကလေးကို မကိုင်မိသေးတာကို သတိရသွားပြီး ဖျတ်ခနဲ ဖုန်းကလေးဖွင့် နားထောင်လိုက်သည့် အချိန်မှာပဲ သူ့နှလုံးသားတစ်ခုလုံး ကြက်သီးထသွားရသည့် ကြောက်စရာ အသံမာမာကြီးကို ကြားလိုက်ရပါသည်။

"ဟိတ် ... မင်း ... ဘယ်သူလဲ ... ဒီ ဖုန်းက ... ငါ့သမီးဖုန်းလေ ... ဘာကိစ္စ ... မင်းဆီ ရောက်နေတာလဲ ... "

"ဗျာ ... အဲ ... "

သူ ဘာပြောရမှန်းမသိ အကြံအိုက်သွားချိန်မှာ တင်





ဖက်ဂ. အသံကြီးက ဖုန်းထဲကနေ စီခနဲ အားပြင်းဖြင့် ဝင်လာခဲ့ပြန်သည်။

"အဲဒီမှာ ... ဘာ ... ဗျာတွေ ... အဲတွေလုပ်နေတာလဲ ... မင်း ဘယ်သူလဲလို့ မေးနေတာ ... နားမလေးဘူးဆိုရင် ပြန်ပြောမှပေါ့ကွ ... "

"ဟာ ... ဒီ ... ဒီလိုပါ ... အန်ကယ် ... ဒေါသရှေ့မထားပါနဲ့ အမှားတွေ့ တတ်ပါတယ် ... "

"အောင်မယ် ... မင်းက ... မင်းက ... "

"ဒီလိုပါ ... အန်ကယ် ... ကျွန်တော်ပြောတာကို အေးအေးဆေးဆေး နားထောင်ပေးပါ ... အခု ... ကျွန်တော်တို့ အင်းယားလမ်းမှာ ရောက်နေတယ် ... အန်ကယ့်သမီး အခု သတိလစ်နေတယ် ... ဟို ... "

"ဘာ ... ဘာဖြစ်တယ် ... အန်ကယ့် သမီး ... အန်ကယ့် သမီး"

"အာ ... သတိထားပါ ... အန်ကယ် ... သတိထားပါ ခင်ဗျာ ... ကျွန်တော်က အန်ကယ့်သမီး သတိလစ်နေတာကို အကူအညီပေးနေတဲ့သူပါ ... ဘာမှစိတ်မပူပါနဲ့ ... ဟို ... ဒီလိုပါ ... အန်ကယ် ... "

"အေး ... ပြောပါ ... မောင်ရင် ... သမီး ဘာဖြစ်တာလဲ ... ပြောပါဦး ... အန်ကယ် ရင်တွေတုန်လှပြီ ... သမီးလေးကို

www.burmeseclassic.com



ကူညီပါ … မောင်ရင် … ”

အခုတော့ အသံကြီးက ဖော့သွားလိုက်တာ။

ဒီမိန်းမကြီး စိတ်ဓာတ်ကို သူ ဒီတစ်ထိုင်တည်းနှင့် ခုံးဖြတ်အထဲခတ်လို့ရသွားပြီမို့ နှာခေါင်းကြီးအလိုလို တွန့်ရှုံ့သွားတာ …

“ဟုတ်ကဲ့ … ကူညီနေတာပါ … အန်တီ … အန်တီ့ လိပ်စာကို ပြောပါ … ကျွန်တော်ကိုယ်တိုင် အန်တီ့သမီးကို အန်တီ့ ကားနဲ့ ပြန်ပို့ပေးပါ့မယ် … အန်တီတို့ အိမ်ရောက်မှ အကျိုးအကြောင်းပြောရင် ပိုကောင်းမယ်ထင်တယ် … ”

“ဘယ်ဖြစ်မလဲ … အန်တီ့သမီးကို စိတ်မချပါဘူး … အခု မောင်ရင် ရောက်နေတဲ့ နေရာက ဘယ်နေရာလဲ … အန်တီ လာခဲ့မယ် … မောင်ရင် … ”

“အင်းယားကန်စောင်းကို လာခဲ့ပါ အန်တီ … ကျွန်တော် အဲဒီက စောင့်နေပါ့မယ် … အန်တီ … ဘာမှ စိတ်မပူပါနဲ့”

တစ်ဖက်မှ အလောတကြီး ဖုန်းပိတ်သွားသဖြင့် သူ စိတ်မသက်မသာ ဖြစ်သွားပြီး ဖုန်းပိတ်ကာ သူမကို လှည့်ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ သူ့ကို မျက်လုံးအဝိုင်းသားဖြင့် တအံ့တဩစိုက်ကြည့်နေသည့် ကောင်မလေးကို သူက ဘာပြန်ပြောရ





မှန်း မသိအောင် အံ့ဩမှင်တက်မိစွာ စိုက်ကြည့်နေပြီး အတန်ကြာမှ စိတ်လှုပ်ရှားနေသည့် ရင်ကို သက်ပြင်းကလေး ခိုးရှိုက်ပြီး အမော ဖြေလိုက်ရသည်။

“ဟား … မင်း … မင်း သတိရပြီ ဟုတ်လား … အဲဒါမျိုးကွာ … ကျွန်တော့်ကို ခေါ်လိုက်ရတာမဟုတ်ဘူး … ဒီမှာ ခင်ဗျား … မင်း … မားသားကြီးက ရစ်လိုက်တာ … ကျွန်တော် တော်တော်အူသွားပြီ … ”

“ဆောရီးနော် … ရှန် … တောင်းပန်ပါတယ် … ဟို … မာမီကလေ အဲဒီလိုပဲ … စကားပြောတာ အရှမ်းမာတာပဲ သဘောကတော့ ကောင်းပါတယ် … ”

“စကားပြောမာပါတယ်ဆိုမှ ဘယ်လိုလုပ် သဘောကောင်းတော့မှာလဲ … ကျွန်တော်တော့ ဘာမှမသိရဘဲ အူသွားတာပဲ … ”

“ဒါနဲ့ … ရှင်က ရန့် ကားနဲ့ တိုက်မိမလိုဖြစ်သွားတဲ့ သူလား”

“ဟုတ်ပါတယ် … ကျွန်တော် … မင်းကို တောင်းပန်ပါတယ် … အခုလိုဖြစ်ရတာ ကျွန်တော့် အမှားပါ … ကျွန်တော့်မှာ အရေးကြီးသုတ်ပျာသွားမိတော့ ကံကောင်းလို့ဗျာ … မင်း တားမောင်းကျွမ်းကျင် လို့ … ကျွန်တော်တော့



www.burmeseclassic.com

www.burmeseclassic.com



အခြွတ်သွောပြီဆိုပြီး ဘုရားတပြီး မျက်လုံးကို စုံမှိတ်ပစ်လိုက်တာ ...”

“ဟို ... ကားမောင်း မကျွမ်းကျင်ပါဘူး ... သတိရှိတာပေါ့ ယူကဲ တိုက်ပေါ့ ... ယူ့ နာမည်က ...”

“တာဝေမင်းမြတ်ပါ ...”

“တာဝေမင်းမြတ် ...”

“ဟုတ်တယ် ... ဘာလဲ ... နာမည်က ကဗျာဆန်လို့လား”

သူက မျက်မှောင်လေးကုတ်ပြီး “တာဝေမင်းမြတ်” လို့ဆိုပြီး ညည်းလိုက်သည့် သူမ မျက်နှာလေးကို မေးဆတ်ပြီး တရင်းတနှီးဆိုလိုက်လျှင် သူမ မျက်နှာလေးကို ပန်းသွေးရောင် ပြေးသွာခဲ့သည်မှာ ကဗျာဆန်လွန်းလှသည်။

“အင်း အပင်း ... ကဗျာဆန်သလို စာရေးဆရာနာမည်နဲ့ တူလို့ပါ ... စာရေးဆရာလားလို့ ...”

“NO”

“ဒါဆို ဘာလဲ ...”

“လူ ...”

“ဟယ် ... ငကြောင်လေး ...”

ခိခနဲ ရယ်လိုက်သည့် သူမ အသံလွင်လွင်ကလေးတောင် အဆုံးသတ်ခွင့်မရလိုက်ချေ။





သူမတို့နှစ်ယောက် ရယ်သံတွေ တိခနဲ ဖြစ်သွားသည်အထိ ထိတ်လန့်သွားရတာက မာမိ။ ကားကြီး ရန့်တို့ အရှေ့သို့ “ဝုန်း”အဲဒါကြောင့် ညည်းကို ကား ကိုယ်တိုင်မမောင်းနဲ့လို့ ပြောတာ ... ဟင်း ... အခု ... ကံကောင်းလို့ ... မသေတာ ... ဟင်ဟင် ... ညည်း ... ဘာဆင်ခြေပေးဦးမလဲ ...”

“ဟာ ... မာမိကလည်း ...”

“မာမိကလည်း လုပ်နေနဲ့ ... ကဲ ... လာ ... လာ ဆမီ ကားပေါ်တက် ... မောင်ထွန်းက သမီးကားကို မောင်းခဲ့ ... ညော် ... မောင်ရင် ... သမီးကို အခုလို ကူညီတဲ့အတွက် ကျေးဇူးပဲကွယ် ...”

မာမိက ... ပြောပြောဆိုဆို ကားထဲဝင်ထိုင်လိုက်သဖြင့် ရန့်လည်း ရန့်ကို အကူအညီပေးခဲ့သည့် ကောင်လေးကို ဘယ်လိုအားနာသွားမှန်းမသိ ခံစားလိုက်ရကာ သူ့ကို လက်ကလေး ကာ ပြလိုက်ရင်းမှ ဖက်ကလေးပုပြီး “သွားမယ်”ဟု နှုတ်ဆက်လိုက်သည့် တစ်ခဏအတွင်း ရန့် နှလုံးသားထဲက လင်းလက်သွားသည့် အသိတစ်ခုက ရန့်နှင့် သူ့ကို သိပ်မကြာခင်မှာ ပြန်ဆုံစည်းရမယ့် အခွင့်တစ်ခု ဖြစ်သွားခဲ့တော့သည်။

ဒီအချိန်မှာ ရန့် အသည်းကလေး ရွှေသွားသလို ခံ



www.burmeseclassic.com

www.burmeseclassic.com



တလိုက်ချိုး နှုတ်ခမ်းလှလှလေး တစ်စုံကလည်း ကွေးညွတ်သွား ရသည်။

xxx ကဲ ... လှူကြံ့ရင် ဘာခံနိုင်ဦးမလဲxxx

xxx ရှင်နဲ့ ရန် ပြန်ကို ဆုံစည်းရဦးမှာပါကွယ် ... xxx

xxx အဲဒီအတွက် ... ရှင် ရန့်ကို ကျေးဇူးပြန်ဆပ် ... xxx

✷





ရန့်တဲ့ ... ။

သူ့ကို အိပ်မက်ပေးခဲ့သည့် မျက်ခုံး ကောင်းကောင်း ချက်လုံးဝိုင်းဝိုင်းလေးတွေနှင့် သွယ်ပြီး ရှင်းနေသည့် မျက်နှာလှလှ လေးကို ပိုင်ဆိုင်ထားသည့် ရန် ဆိုသည့် ကောင်မလေးရဲ့ ချစ်စရာ အသစ်အဆန်းကလေးတွေက သူ့နှလုံးသားနုနုကို လေပွေတိုက် ဆော်သွားရလေသည်။

ဟား ... ဘယ်လောက်သစ်လိုက်သလဲကွာ။

သူ့ကို မနေ့က အားနာအပြုံးလေးတွေနှင့် နှုတ်ဆက် ဆိုကာ လက်ကလေးကာ ဇက်ကလေးပုပြီး "သွားမယ်"ဟု နှုတ် ဆက်ပြီး သူမ လက်ထဲက ဖုန်းကလေးကို သူ့ရင်ဘတ်ကြီးဆီ ပစ် ညှပ်ပေးလိုက်သည်။ လုပ်ရပ်ကြီးက သူ့ကို ဘယ်လိုအံ့သြသွားမှန်း မသိအောင် ရင်တွေလည်း အရှုးအမူးခုန်မြည်သွားရကာ ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထိကျသွားသည့် ဖုန်းဘလေးကို ဖမ်းကိုင်ပြီး "ရန် ... ရန်" ဟု ကမန်းကတန်း ခေါ်ခေါ်လိုက်မိသည်အထိ သူ နည်းနည်း အသွားခဲ့တာ ပြီးမှ သူ ဒီကနေ့မှာတော့ မောင်းထုတ်ပစ်လိုက်သည်။

အခုတော့လည်း သူပါသွားရပါပြီ။

ကောင်မလေးရဲ့လည်ဝယ်ပါးနပ်ပုံ(ဆန်းပုံ)လေးကိုလည်း ရင်ထဲမှာ ဘယ်လိုကျေးဇူးတင်မှန်းမသိ ခံစားလိုက်ရသလို ရင်တွေလည်း တလှပ်လှပ်ခုန်နေခဲ့ရပြီဖြစ်သည်။

"ရန် ... "

"နာမည်လေးက ရန်တဲ့လား ... "

ဆိုပြီး သူ တစ်ညလုံးလိုလို သူမ နာမည်လေးကို ရေရွတ်နေမိရင်းမှ သိပ်မကြာခင်မှာ သူမလေးနှင့်သူ အရင်းနှီးဆုံး သူငယ်ချင်းတွေ ဖြစ်ရမယ့် ဘဝကြီးကို ရင်ခုန်မျှော်လင့်စွာဖြင့် ရှုးသွပ်စောင့်ဆိုင်းနေရပြီ ဖြစ်သည်။

အခုလို သူ ရူးသွပ်မျှော်လင့်နေတဲ့ အချိန်လေးမှာ ရန် (သူ့ရဲ့ ကောင်မလေး)ဆီက ဖုန်းလေးများ လာခဲ့မယ်ဆိုရင် သူ ဘယ်လောက်အထိ အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ခံစားလိုက်ရမလဲ။ (တစ်နည်းအားဖြင့် နှလုံးသား လတ်သွားသည် ဟု ဆိုလို့လို့ရပါသည်)။

"တူ ... တူ ... တူ ... "





"ဟင်"

တာဝေ အတွေးတောင် အဆုံးမသတ်လိုက်ရသေးခင်မှာပဲ သူ ခုတင်ခေါင်းရင်းက (သူနဲ့သူမ ပြန်ဆုံခွင့်ရအောင် အောင်သွယ်ခဲ့သည့်) ဖုန်းကလေးက တတူတူနှင့် မြည်လာခဲ့ပြီမို့ သူ ဖျတ်ခနဲ အိပ်နေရာမှ ထထိုင်ပစ်လိုက်ကာ ရင်ခုန်သွားသည့် ရင်ဘတ်ကြီးကို လက်တစ်ဖက်ဖြင့် ဖိထားရင်းမှ ဖုန်းကလေးဖွင့်ကာ သူမရဲ့အသံလေးကို နားကဇလေးစွင့်ထားလိုက်သည်။

"တာဝေမင်းမြတ်လား ... "

"အင်း ... အူး ... "

"ဟင် ... "

တစ်ဖက်မှ မဝီကလာဝီကလာဖြင့် ထူးလာသည့် အသံက ရန်ကို မျက်ခုံးလေးတွေကို တွန့်ခနဲ ကွေးညွှတ်သွားသည်အထိ ရင်တထိတ်ထိတ်ဖြစ်သွားရပါသည်။

"ဟင် ... အသံကြီးက ဘာဖြစ်တာလဲ ... "

"ဟဲ ... ဟဲ ... ရင်ခုန်လွန်းလို့ ရင်ဘတ်ကြီးကို ဖိထားတော့ ရင်ဘတ်သံပေါက်သွားတာပါ ... ရန် ... မင်းကို ... ကိုယ် မြင်မြင်ချင်းခင်တယ် ... "

"အင်း ... "

"ဒါပေမဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဒါပေမဲ့ ဘာဖြစ်လဲ … "

"အခု … မင်းရဲ့ ကလေးဆန်တဲ့ အမူအရာလေးတွေနဲ့ လုပ်ရပ်ကလေးကို ဝိုပြီး တမ်းတတယ် … "

"အောင်မယ် … ဖြစ်မယ် Step by Step မပြင်နဲ့နော် … "

"ဟော် … တကယ်ပြောတာပါ … ရင်ထဲက လေးလေးနက်နက်ကို ပြောနေတာပါ … မင်းသာ … ဒီဖုန်းကလေး ထားပစ်ခဲ့မယ်ဆိုရင် … ကိုယ်တို့ ဘယ်လိုလုပ်ဆုံစည်းခွင့်ရှိတော့မလဲ … ဟင် … ပြောပါဦး … ရန်ရဲ့ … "

"ယူ … ရန့်ကို အထင်သေးလား … "

"ဟာ … ဘာလို့ အထင်သေးရမှာလဲ … လောကကြီးမှာ ဖြစ်အောင်ဖန်တီးတတ်မှ ဖြစ်လာတာ … ခင်မင်အောင် ဖန်တီးတတ်မှ ခင်မင်မှာ … ချစ်ခင်အောင် ဖန်တီးတတ်မှ ချစ်ခင်လာမှာ … "

"အမယ်လေးဟဲ့ … ဘီအီဒီ အောင်သိုက်ပဲ … "

"တကယ်ပြောတာ … ရန်ရဲ့ … ကိုယ် မင်းရဲ့ … Br… ကလေးကို လေးစားတယ် … "

ဒီအချိန်မှာ ရန့် ရင်တွေဟာ သူ့အပြောချိုချိုတွေကို နှစ်သက်ကြည်နူးပီတိဖြင့် လှိုင်းသေးသေးထန်နေပြီဆိုတာကို သူသိအောင်တော့ ရန် ဝန်မခံရဲခဲ့ပါ။





ဝန်ခံရင်လည်း မိန်းမတစ်ယောက်အနေနှင့် ဈေးသိပ်ကျသွားတော့မည် ဖြစ်သည်။

"ရန် … "

" … "

"ဟော့ … ရန် … "

"ဟင် … အင် … ဘာလဲ … "

ရန် အတွေးကလေးတွေနှင့် မိန့်မူးကြည်နူးခံစားနေသည့် အချိန်မှာပဲ တစ်ဖက်က သူ့အသံက ရန် နှလုံးသားကို ပုတ်နှိုးလိုက်သလို ထိန့်ပြီး နိုးထသွားရသည်။

"ဘာလဲ … ဟ … ရှင့်ဟာက အကျယ်ကြီးပဲ … "

"ဟော … ဘာ … "

"ဟိတ် … ကျူပ် … ဖုန်းချပစ်မယ် … "

"ဟာ … မလုပ်လိုက်နဲ့နော် … ရန် … မင်း နာမည် အရင်းကလေးပြောဦးလေ … အခုထိ မသိရသေးဘူး … "

"အင်း … ပြောမယ် … အသေအချာနားထောင် … အင်း မယ်မင်းရန်ရန်"

"ဟာ … နာမည်ကြီးကလည်း … "

တစ်ဖက်မှ သူ့အသံက စိတ်ပျက်သလို ကျစ်စုပ်ရေရွတ်လိုက်တာမို့ ရန်က သူတစ်ခုခုဝေဖန်တော့မယ်ဆိုတာကို အထာ



www.burmeseclassic.com

www.burmeseclassic.com



ညက်စွာဖြင့် သူ့ကို ဖုန်းထဲကနေ ခပ်ဆောင့်ဆောင့်လေး အော်ပစ်လိုက်ပါတော့သည်။

"ဟဲ့ … ဘာလဲ … လူကို ဘာဝေဖန်ဦးမလို့လဲ … "

"အဟား … မဝေဖန်ပါဘူး … နာမည်လေးက အပြတ်မိတယ် … အပြတ်မိုက်တယ်လို့"

"မဖားပါနဲ့ … "

"မဖားပါဘူး … "

"ဟယ် … ရှင် ဘယ်လိုဖြစ်နေတာလဲ … "

"ဟယ် … ရန် ဘာတွေပြောနေတာလဲ … "

"တာဝေမင်းမြတ် … "

"မယ်မင်းရန်ရန် … "

"ဟာ … တော်ပြီ … တော်ပြီ … ဖုန်းချမယ် … "

သူ ရန့်ကို အနောက်လွှန်သွားပြီးမှ သူမလေး စိတ်ဆိုးသွားမယ့် အနေအထားကြီးကို အစိုးရိမ်ပိုသွားရကာ ခုတင်ပေါ်ကနေ ဆောင့်ခနဲ အားမလိုအားမရ ထိုင်ချလိုက်ပြီး …

"ဟာ … ဟေ့ ဖုန်းချမပစ်နဲ့နော် … ရန် … ဟာ … ရန်ရယ် ကိုယ် မင်းဖုန်းကို စောင့်မျှော်နေရတာ … ညက တစ်ညလုံးကို မအိပ်ရဘူး သိလား … အခု မျက်စိတွေကို ကျိန်းစပ်နေတာပဲ … "



"အဲဒါဆိုရင် … အခု ပြန်အိပ်လိုက် … "

"ဟာ … မအိပ်ချင်သေးပါဘူး"

"မအိပ်ချင်သေးရင် ပြောမယ် … နားထောင် … ရှင့် အိမ်လိပ်စာ ရန့်ကိုပြော … ရန် ဖုန်းလေးပြန်ယူချင်တဲ့အချိန် လာယူလို့ရတာပေါ့ … "

သူ တစ်ချက် တွေဝေသွားပြီးမှ မျက်မှောင်ကြီးကုတ်ကာ …

"အင်း … အဲဒါဆိုရင် … မင်း အိမ်လိပ်စာအရင်ပြောလိုက် … မင်းကို ဖုန်းလာပို့မယ် … "

"ဟာ … ဘယ်ဖြစ်မလဲ … မာမီ သိသွားမှာပေါ့ … "

"သိတော့လည်း ဘာဖြစ်လဲ … ဘာဖြစ်မှာမို့လို့လဲ … "

"ဘာမှတော့ မဖြစ်ပါဘူး … ဒါပေမဲ့ မာမီက ဆိုးတယ်ကွ … ကဲ … တော်ပြီ … နောက်မှ ဖုန်းဆက်မယ် … ဘိုင် … "

"ဟာ … ဟေ့ … ဟေ့ ရန် … ဖုန်းမချနဲ့ဦး … ဖုန်းမချနဲ့ဦး"

တစ်ဖက်မှ ရန် ဖုန်းချသွားပြီမို့ သူ လွှန့်လွှန့်လူးသွားကာ ခုတင်ပေါ်မှာပဲ အားမလိုအားမရ အော်ပစ်လိုက်တော့သည်။

"အဟား … ငါ မင်းနဲ့ အကြာကြီးစကားပြောချင်တယ်ကွ … ရန်ရ … "

သူ့ရင်ထဲက တစ်လုံးတစ်ခဲသံကြီးကို (ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



အပြည့် ပြောခဲ့တာ) ရန် တစ်ယောက် ကြားသိနားလည်အောင် သူ ပေးတဲ့တစ်နေ့နေ့တော့ ဖွင့်ပြောပြရတော့မည်ဆိုတာကို သူ တစ်ယောက်တည်းပဲ ပုံဖော်ရင်းနှင့် ကျေနပ်သွားပါတော့သည်။

*





## ၂

ရန် ဖုန်းလာယူမယ့်ရက်ကို မျှော်လင့်စောင့်ဆိုင်းရင်းဖြင့် ရက်တွေသာ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့သည်။

ရန်က အခုထိ ပေါ်မလာသေးခဲ့ပြီမို့ သူ စိတ်ညစ်ညစ်နှင့် တစ်ယောက်တည်း ကော်ဖီခွက်ကို ဖလောဖလှယ်လုပ်ပြီး သောက်နေရင်းမှ တစိမ့်စိမ့်တွေးကာ စိတ်တွေယောက်ယက်ခတ်လှုပ်ရှားလာရပြီဖြစ်သည်။

အင်း ဒီပုံအတိုင်းဆို ဒီကောင်မလေး သူ့ကို အိပ်မက်များ ပေးသွားပြီလားမသိ။

ဘယ်လိုပဲဖြစ်ဖြစ် သူမ ဖုန်းကလေးက သူ့ဆီမှာ ရှိနေခဲ့သည့်အတွက် သူမ တစ်နေ့နေ့တော့ သူ့ဆီ ပေါက်ချလာမှာပဲ ဟု အသေအချာယုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို ယုံကြည်ချက်ဖြင့် သူက ရန် ဖုန်းကလေးကို တသသကိုင်ပြီး စောင့်ဆိုင်းနေသည့် အချိန်မှာပဲ သူ စောင့်ဆိုင်းနေသည့် သူ့မ ဖုန်းကလေးက "တတွတ္တ" မြည်လာတော့သည်။

ဒီအချိန်မှာ သူ ဘာကိုမှ မစဉ်းစားတော့ဘဲ ရန် နာမည်ကလေးကို အားရပါးရကြီး ဖိတ်ခေါ်လိုက်တော့သည်။

"ရန် ..."

"ဟင် ... အခု ဖုန်းကိုင်တာ ... ဘယ်သူလဲ ..."

"ဟင် ..."

သူ့တစ်ကိုယ်လုံး ... လေထဲ လွင့်မြောက်တက်သွားသလို ခံစားလိုက်ရသည်။

အဲဒီနောက် ယောင်ယမ်းပြီး လက်ထဲက ရန့် ဖုန်းကလေးကို လွှတ်မချမိအောင် သတိနဲ့ မူးသွားသည့် ခံစားမှုတွေကို ဆင်ခြင်လိုက်ရပါသည်။

အမယ်လေး သူ့မ အမေ အနောက်မယ်တော်ကြီးနဲ့ တိုးခဲ့ရပြန်ပြီ။

ဒီတစ်ခါတော့ သူ ဘယ်လိုမှ လိမ်လည်လို့မရအောင် ကျောင်ပိတ်မိသွားရပါပြီ။

"ဟယ်လို ... ဟယ်လို ..."

အသံက ရုပ်ရည်နှင့်ဘာမဆိုင်အောင် မာထန်လွန်း





တာ။

အင်း ... ဒီမယ်တော်ကြီးကို ယောက္ခမတော်ရရင် သူ ကျွန်းခန်းဖြစ်ရလိမ့်မည် ထင်ပါသည်။

"ဟော့ ... အခု ... ဖုန်းကိုင်တာ ... ဘယ်သူလဲလို့ မေးနေတယ်လေ ..."

"ကျွန်တော် ... ဟိုဒင်း ... ဒီလိုပါ ... ဒီလိုပါ ... အန်တီ ... ကျွန်တော်က ဟိုအရင်တစ်ပတ်က ရန် ကားပြသနာဖြစ်တုန်းက အကူအညီကောင်းပေးခဲ့တဲ့ သူပါ ... ကျွန်တော့်နာမည် တာဝေပါ ... အဲဒီနေ့က ရန့် ဖုန်း ... ကျွန်တော့်ဆီပါလာခဲ့တာ ... ကျွန်တော် မသိလိုက်ဘူး ..."

"ဟင် ... ဖုန်းက မင်းလက်ထဲရောက်တာ လေးငါးရက်ရှိပြီ ... အဲဒါကို သမီးက မင်းဆီကို ဖုန်းမဆက်ဘူးလား"

"ဟုတ်ကဲ့ ... မဆက်ပါဘူး အန်တီ ... သူ မေ့နေလို့နဲ့တူပါတယ် ... အဲဒါ ကျွန်တော်ကလည်း ဖုန်းဆက်မယ့်သူကို မျှော်နေတာ ... ဟို ... အန်တီ ကျွန်တော် ... ဒီဖုန်းကို ဘယ်လိုလာပေးရမလဲ ... ဟင် ..."

"အေး ... အေး ... အင်းယားလမ်း အမှတ်( )ဆိုရင်ရပါတယ် ... ကျေးဇူးတင်ပါတယ် ... မောင်တာဝေ ... အခု မောင်တာဝေအားရင် အိမ်ကို လာပို့ပေးလိုက်ပါကွယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ ... တျှန်တော် ... အခုပဲ လာပို့လိုက်ပါ့မယ် ..."

မယ်တော်ကြီးက ဘာမှထပ်မပြောတော့ပြီမို့ သူ အသာထဝရှုနိုင်သွားပြီး လက်ထဲက ဖုန်းကလေးကို ဝိတ်ကာ ဖုန်းဆေးခွဲ ကျင်းပလိုက်ရတော့သည်။

*



အမြဲတမ်း လပြည့်ဝန်းကြီးလို ဝင်းထိန်ချောမွေ့နေခဲ့သည့် မာမီ့ မျက်နှာကြီးက အခု အိမ်ထဲလှမ်းဝင်လာတာနှင့် သပြေသီးမှည့်ရောင် ပြေးသွားခဲ့တာ။ ပြဿနာတစ်ခုခုတော့ တက်လာပြီဆိုတာကို ရန် ရင်တုန်စွာဖြင့် နားလည်လိုက်ပါသည်။

"ရန် ... Phone ညည်း ရော ..."

"ဟင် ..."

ဒီအကြောင်းတွေကို မာမီ သိသွားပြီမို့ ရန်က အခုမှ သိလိုက်ရသည့် အိုက်တင်ကလေးဖြင့် မျက်လုံးကလေးဝိုင်းကာ ပြူးပြူးမျာမျာဖြစ်သွားလျက် ...

"ဟုတ်တယ် ... မာမီရဲ့ ... ရန့် ဖုန်း ... တာရေဆီမှာ မေ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ခဲ့တာ … ရန့်လည်း မအားသေးလို့ သွားမယူဖြစ်သေး
တာ … ”

“နေစမ်းပါဦး … ညည်းက တာဝေဆီ ဖုန်းကျန်ခဲ့တာတောင်
ဖုန်းဆက်မတောင်းဘဲ ဒီအတိုင်း ငြိမ်နေရသလား … တွေ့
တရာ … မြင်ကရာကို … ကိုယ့်လို အတန်းအစားလိုပဲ
ညည်း လျှောက်ထင်နေသလား … ဒီလောက်အထိ ယုံ
ကြည်ကိုးစားရသလား မိရန့်ရန့်ရဲ့ … ”

အကြီးအကျယ် ဒေါသထွက်နေသည့် မာမီကို ကြည့်ပြီး ရန် မျက်တောင်တောင် မခတ်ရအောင် ငြိမ်ကုတ်သွားရသည်။

အခုလို အသာကလေး မငြိမ်ဘဲ စောဒကတက်ရင် မာမီက ပြဿနာ တစ်စိတ်ကို တစ်အိတ်လုပ်တတ်လေသည်။

“ဟဲ့ … ငါ မေးနေတယ်လေ … ညည်းက တာဝေဆီ ဖုန်း
ဆက်မတောင်းဘူးလားလို့ … ”

“ဟို … တောင်းပါတယ် … မာမီ … သူ့ အိမ်ကိုလာရင်
မာမီက တစ်မျိုးထင် … ”

“တော်ပြီ … ရန် … ညည်း သူ့ကို ဖုန်းဆက်ပြီးတာ သေချာ
တယ်နော် … ”

“သေချာပါတယ် မာမီ … ”

မာမီ ဘာကိုဆိုလိုတယ်ဆိုတာကို သဘောမပေါက်





ဘဲ ရန်ကုန် သေချာပိုင်နိုင်စွာ ပြောလိုက်တော့ မာမီက မျက်နှာခန့်ခန့်တည်တည်ကြီးဖြင့် တစ်ဖက်လှည့်ပြီး ခနိုးခနဲပြုံးလိုက်သေးသည်။

“အဟင်း … ဟင်း … လူငယ်တွေ လူလည်တွေ … သိပ်
လက်တစ်လုံးခြားလုပ်တာပဲ … ”

မာမီ ဘာကိုဆိုလိုနေတယ်ဆိုတာကို ရန် ကောင်းကောင်း သဘောပေါက်သွားသည့် အချိန်ကတော့ တာဝေ ရောက်လာတော့မှပင်ဖြစ်သည်။

“ဪ … မောင်တာဝေ … ရောက်လာပြီလား … ထိုင်
ထိုင် … ”

တာဝေ ဧည့်ခန်းထဲ လှမ်းဝင်ဝင်ချင်း မာမီက ခနိုးခနဲ (မဲ့တဲ့တဲ့အပြုံးကြီး)နှင့် နှုတ်ဆက်လိုက်သဖြင့် တာဝေနှင့် ရန် ကြည့်ချင်းဆုံပြီး မျက်နှာလေးတွေ ငယ်သွားကြသည်။

“ထိုင်လေ … မောင်တာဝေရဲ့ … ”

“ဟို … မထိုင်တော့ပါဘူး အန်တီ … ဒီမှာ ရန့် ဖုန်းပါ …
ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျ … ”

“အေး … အေး … ကျေးဇူးတင်ပါတယ် ကွယ် … ”

“ဟုတ်ကဲ့ … ခွင့်ပြုပါဦး … ရန် … ငါသွားလိုက်ဦးမယ်”

ရန့် မယ်တော်ကြီးကို လူမှုရေးအရ အပြုံးတစ်ချက်ခေါင်းညွှတ်နှုတ်ဆက်ပြီး ဧည့်ခန်းထဲမှ သူ ခပ်သွက်သွက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှောက်လိုက်ပါသည်။

"ဩော် … မောင်တာဝေ … ခဏ … "

အဲဒီအချိန်မှာ အနောက်ကနေ လှမ်းခေါ်လိုက်သည့် ရန့် မာမီ အသံက သူ့ ခြေလှမ်းတွေကို တုံ့ခနဲ ရပ်တန့်သွားသလို ရှောက်နှာဝင်းဝင်းချောချောကြီးနဲ့မှ မလိုက်ဖက်အောင် တွန့်မဲ့နေသည့် နှုတ်ခမ်းတစ်စုံဖြင့် သူ့ကို ခနိုးခနဲ့ စိုက်ကြည့်လာသည့် ရန့် မာမီကို သူ စိတ်ပျက်စွာ ငေးကြည့်လိုက်မိသည်။

သူ ငေးကြည့်လိုက်သည့် ခဏအတွင်းမှာပဲ သူ့မကြီး အသံက အောင်မြင်ထည်ဝါစွာ ထွက်လာခဲ့ပြန်သည်။

"ဩော် … မင်းကို အန်တီ မေးစရာရှိလို့ပါ … အားတော့ နာပါတယ် … အန်တီက နည်းနည်းလွဲချော်ချက်ကလေး ကို မကျေနပ်ဘူးကွဲ့ … ဒီလိုပါ … သမီးကို အန်တီ မေး ကြည့်တော့ မောင်တာဝေဆီ ဖုန်းဆက်တယ်ဆိုပါလား … မောင်တာဝေကို မေးတော့ သမီးမဆက်ဘူးဆို … ဘာတွေ လဲ … အဲဒါ … အန်တီ မရှင်းဘူး … "

သူ့မျက်နှစ်တစ်ခုလုံး ထူပူကျိန်းမြသွားပြီး ညိုမှောင် သွားသည်အထိ သူ အရှက်ကောင်းကောင်းကွဲသွားရပါသည်။

ဒီမိန်းမကြီး သူ့ကို ပညာသားပါပါနှင့် ပြန်ထိုးနှက် တာကိုလည်း သူ ဘယ်လိုကြီးခံစားလိုက်ရမှန်းမသိအောင် ရှက်မိ





သွားကာ ဘာစကားမှ ပြန်မပြောနိုင်အောင်ကိုပင် စွံအသွားတော့ သည်။

"ဘာမှ ပြောစရာမရှိတော့ရင်လည်း … ရပါတယ်ကွယ် … သွားတော့ … သွားတော့ … မောင်တာဝေ … "

ဒီမိန်းမကြီး လူကြီးမပီသစွာ သူ့ကို ခနဲ့လိုက်တာကို သူက မခံချင်စိတ်သွားရကာ ငုံ့နေတဲ့ ခေါင်းကို ဆတ်ခနဲ မော့ပစ် လိုက်ပြီး ရန့် မာမီကို တစ်ချက်ကြည့်လျက် …

"ကျွန်တော် ဝန်ခံပါတယ် … အန်တီ … အန်တို့ကို ကျွန် တော်လိမ်ပြောလိုက်မိတဲ့ စကားတွေက အန်တီ … ရန့်ကို ဆူမှာစိုးလို့ လိမ်ပြောခဲ့တဲ့ စကားဆိုရင် ကျွန်တော်ဟာ လူ လိမ်တစ်ယောက်မဟုတ်ဘူးဆိုတာ အန်တီ နားလည်ပေး မှာပါ … တခြား ဘယ်လိုနည်းဝရိယာယ်မျိုးမှ မပါခဲ့ပါဘူး … ကျွန်တော်ဟာ မိကောင်းဖခင်သား တစ်ယောက်ဆိုတာကို တော့ အန်တီ ယုံစေချင်တယ် … "

ညော့ခန်းထဲကနေ တာဝေ တစ်ချက်ကျောခိုင်းလှည့် ပျောက်သွားသည့် အချိန်မှာတော့ ရန့်ကို မာမီက အကြီးအကျယ် ဆူပူကြိမ်းမောင်းလာခဲ့တော့သည်။

"မိရန် … ညည်းဟာ … ကိုယ့်အဆင့်အတန်း ကိုယ့်ဂုဏ် သိက္ခာကိုမှ မထောက် … လမ်းမှာ ခဏတစ်ဖြုတ်တွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့တဲ့ သူကို ဒီလောက်ယုံကြည်ရသလား … အခုတွေ့ပြီ ဟုတ်လား … ညည်း ဖုန်းဆက်တာကိုတောင် မဆက်ခဲ့ဘူးလို့ ခြောင်လိမ်ခြောင်စားပြောတာ … နေပါဦး … သူက ညည်းကို အဆူခံရမှာစိုးလို့ အရှေ့ကနေ မားမားမတ်မတ် ကာကွယ်ပေးရအောင် ညည်းနဲ့ သူနဲ့က ဒီငါးရက် ခြောက်ရက်အတွင်းမှာ ဘယ်လောက်အထိ ရင်းနှီးသွားခဲ့ပြီလဲ … ပြောစမ်း … ငါ့ကိုပြောစမ်း …”

ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး အခုလိုမျိုး တစ်ခါမှ အဆူအကြိမ်းမခံရဖူးသည့် ရန် ဒီအဖြစ်အပျက်ကြီးကို ရှက်သွန်းလို့ မျက်ရည်တွေ ပေါက်ပေါက်ကျသွားတော့သည်။

“အမယ်လေး … ဒီအမေကတော့ … ဒီသမီးလေး တစ်ယောက်တည်းကို ယုံကြည်ထားခဲ့တာ … အခုတော့ လမ်းမှာ တွေ့ခဲ့တဲ့ သူကို ကိုယ့်ရဲ့ ဖုန်းကို ငါးရက်ထားတဲ့ အဆင့်အထိ စိတ်ဓာတ်အောင်တန်းကျခဲ့ပြီလား …”

“မာမီ … အဲလိုမပြောပါနဲ့ … တာဝေက ရန့်ကို ကူညီခဲ့တဲ့သူပါ … ရန် သူ့ကို ဖုန်းဆက်ထားသားပဲ … သူ့လက်ထဲမှာ ငါးရက်လောက်ကြာသွားတာကလည်း ရန့်မှ သူ့ဆီသွားမယူဖြစ်တာ …”

“ငါ့ကို … ဘာမှ ဆင်ခြေမပေးနဲ့ ရန် … ညည်း လုပ်ပေါက်





လုံးဝအံမဝင်ဘူး … ဘယ့်နဲ့ ယောက်ျားတစ်ယောက်ဆီမှာ ကိုယ့်ဖုန်းပါသွားတာကို ညည်းက ပြန်မယူသေးဘဲ သူနဲ့ ဘာတွေများ ဖုန်းထဲမှာ အီလုံးရိုက်နေရတာလဲ … အရှက်မရှိ မိန်းမတစ်ယောက်ဖြစ်ပြီး မိန်းမသိက္ခာ တန်ဖိုးတွေကို မမြှင့်တင်တဲ့အပြင် အောက်ဆုံးတန်းဝစ်ချခဲ့တာ … ညည်း မရှက်ပေမယ့် … ညည်းအမေ ငါရှက်တယ် … မဖြစ်ဘူး… မဖြစ်ဘူး … ဒီကိစ္စ ကိုကို့ကို ဖွင့်ပြောရမယ် …”

ရန် တစ်ခေါင်းလုံး မူးနောက်ပျာယီသွားတော့သည်။

ဒီကိစ္စ ဘာမဟုတ်တာလေးကို ဒက်ဒီသိအောင် ကြေညာဦးမည်ဆိုတော့ ရန် ရှိသမျှ ဂုဏ်သိက္ခာကို မာမီ ရိုက်ချိုးလိုက်တာပင် ဖြစ်သည်။

“ဟာ … ဒီသားအမိတွေ … ဘာတွေပြဿနာ ဖြစ်နေကြတာလဲ … ဟော … သမီးကလည်း မျက်ရည်စက်လက်နဲ့ပါလား …”

ရန်တို့ ပြဿနာကြားကို ဒက်ဒီ ရောက်လာခဲ့ပြီမို့ ပြဿနာက ပိုပြီး မြင့်သထက် မြင့်တက်သွားပါတော့သည်။

“အမယ်လေး … မပြောချင်တော့ဘူး … ကိုရေ … ဟိုတစ်လောက ရန် သတိလစ်လို့ ကူညီပေးခဲ့တဲ့ ကောင်လေးဆီ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဝဲဆောက်ပါသွားတာ ... အခုမှ ပြန်ယူဖြစ်တယ်လေ”

“[illegible]”

“အဲဒါကြည့် ... လမ်းပေါ်မှာ တွေ့တဲ့သူကို ယုံကြည်ကိုးစားတာ မပြောချင်ဘူး ... ဖုန်းကို ပြန်မယူသေးဘဲ ဖုန်းကိုသဘောရှိ အပြန်အလှန်ဆက်နေကြမှာပေါ့ ... ကောင်လေးကလည်း မလိမ္မာတစ်ပတ်လုပ်သေးတယ် ... သမီး သူ့ဆီကို ဖုန်းဆက်ရက်နဲ့ မဆက်ဘူးလို့ ကျွန်မကို လိမ်ပြောတယ်လေ ... သူ ဖုန်းလာပို့တော့မှ ကျွန်မက မေးကြည့်တော့ သမီးကို ကျွန်မတို့က ဆူမှာစိုးလို့တဲ့လေ ... အဲဒီလို ပြောရအောင် သူတို့တွေ ဘယ်အတိုင်းတာအထိ ရင်းနှီးပြီးပြီလဲ လို့ ...”

“ဟေ”

ဒက်ဒီက မျက်မှန်အောက် မျက်လုံးကြီး ပြူးထွက်သွားသည်အထိ အံ့ဩသွားရကာ ရန်ကို သံသယတစ်လုံးတစ်တွေး မျက်လုံးကြီးတွေနှင့် ငုံ့ကြည့်လာတော့ ရန်က ခေါင်းကလေးငုံ့ချလျှက် ငိုရှိုက်မိပါတော့သည်။

တစ်သက်နဲ့တစ်ကိုယ် ရန့်ကို မဆူဘူး။ မငေါက်ဖူးသည့် ဒက်ဒီက အခု ဆူငေါက်ကြိမ်းမောင်းတော့မည် ဖြစ်သည်။

“သမီးက ... အေး ... အေး ... ဒက်ဒီ ထပ်မဆူတော့ပါဘူး





ဒါပေမဲ့ သမီးကိုတော့ ... ဒက်ဒီ သိအောင်ပြောချင်တယ်ဒါ ... ဒက်ဒီ သမီးကို ဆူတာမဟုတ်ဘူးနော် ... သမီးနားလည်အောင် နောက်တစ်ခါ ဒီအဖြစ်မျိုး မဖြစ်ရအောင် ဆုံးမတာ ... လူတစ်ယောက်ကို ယုံကြည်မှု သိပ်မလွယ်ကူနဲ့ သမီး ... ကိုယ်နဲ့ ပတ်သက်တဲ့ လူမှမဟုတ်တာ ... ခင်မင်ယုံကြည်တာ သမီးအမှားပဲ ... ဒါ ... ဒက်ဒီ တစ်ဖက်ကောင်လေး သိက္ခာနဲ့ စာရိတ္တကို မယုံလို့ပြောတာ မဟုတ်ဘူးနော် သမီး သဘောပေါက်အောင်လို့ ရှင်းပြတာပါ ...”

“အမယ်လေး ... ရှင်ပြောတာလောက်ကတော့ ... ရှင့်သမီးက ကျွဲပါးစောင်းတီးပဲ ...”

“ကဲ ... မြတ် ... မင်းကလည်း တော်သင့်ရော်သင့်ဆူပါ ... သမီးက အသက်နှစ်ဆယ့်နှစ်ပဲရောက်ပြီ ... သူ့အသိ သူဉာဏ်လေ ... တွေ့ရာ ကြုံရာလူကို အပေါင်းအသင်းလုပ်တာ ကောင်းကောင်းကြီး ဒုက္ခတွေ့လိမ့်မယ် ...”

“ကဲ ... ကဲ ... သမီးကလည်း ကိုယ့်အသိနဲ့ကိုယ် ဆင်ခြင်ပြီးနေ ... သမီး မာမီ မကြိုက်တာ ဘာတစ်ခုမှ မလုပ်နဲ့ ... မင်းကလည်း တော်တော့ ... သမီးကို တအားဆူမနေတော့နဲ့ ... ကဲ ... ကဲ ... သမီး သွားတော့ ... အခန်းထဲမှာ အနားယူတော့ ...”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ထုတ်လိုက်တော့မှ ရန်လည်း ကုပ်ချောင်း ကုပ်ချောင်းနှင့် အဲဒီနှင့် မာမီ အရှေ့က သွက်သွက်ကြီး ထွက်လာခဲ့ပါတော့သည်။

အဲဒီလို ရန် ထွက်လာတာကို မာမီ မကျေနပ်တဲ့ အဲဒီကို ဆူပူကြိမ်းမောင်းနေသံကြီးကိုလည်း ကြားလိုက်ရသေးသည်။

အင်း ... ဘာပဲဖြစ်ဖြစ် ရန့် ဘက်မှာတော့ ဒက်ဒီက အပြည့်အဝ ရည်ဘည်ပေးခဲ့ပြီမို့ ရန် ဆုံးဖြတ်ချက် တစ်ခုကို အလွယ်တကူဝင် ချလိုက်မိပါတော့သည်။

ဒီဆုံးဖြတ်ချက်ဟာ မိဘစကား နားမထောင်ခဲ့သည့် သမီးမိုက်တစ်ယောက် မဖြစ်ခဲ့တာတော့ ရန် ဝန်ခံချင်ပါသည်။

*





## ၃

မိဘစကားနားမထောင်သည့် သမီးမိုက်ဟု ဆိုရင်လည်း ဆိုပါစေ၊ ရန်ကတော့ မာမီကွယ်ရာမှာ တာဝေနှင့် အမြဲတမ်း အဆက်အသွယ်ရှိနေခဲ့ပြီး ဒီကနေ့မှာတော့ ရန့်ကို သူက တဆင့်တက်ကာ (ခင်မင်မှုသံယောဇဉ်ကို အပြည့်အဝယုံကြည်ပြီး) လူချင်းတွေ့ဖို့ ချိန်းဆိုလာခဲ့သည်။

ဖုန်းထဲက သူ့အသံလေးက တကယ့်ကို အောက်ဘန်းကျ နောက်ကျိုရှိခဲ့တာမို့ ရန် နှလုံးသားနုနုလေး အရည်ပျော်သွားခဲ့ရလေသည်။

"ရန် ... ကိုယ်တို့ ... ဒီကနေ့ စွန့်စွန့်စားစား နှစ်ယောက်တွဲ လမ်းလျှောက်ရအောင်ကွာ ... ရန့်ကို ကိုယ် ဘာဝယ်ပေးရမလဲ ... ရန် ဘာစားချင်လဲ ... ကြိုက်တာပြော ... "

www.burmeseclassic.com



"အင်း_ ဟုတ်တော့ဟုတ်ပါတယ် ... မာမီက အလစ်မပေး

ဘူး _ "

"အေးကွာ ... ရန့် မာမီကလည်း ကိုယ့်ကို မြင်မြင်ချင်း

မျက်မှန်းကျိုးတာ ဘာဖြစ်လို့လဲမသိဘူး ... ကိုယ်ကတော့

ရန့် မာမီကို မျက်နှာကြီး မြင်ကတည်းက ချစ်ခင်တာ ...

မျက်နှာကြီးက ဝင်းထိန်ပြီး ပြည့်ပြည့်ဝဝရှိလိုက်တာ ...

ချောလိုက်တာနော် ... ပြီးတော့ ထွားလည်းထွားတယ်...

မျက်နှာကြီးက ချစ်စရာကြီး ... ရန့်လိုပဲ ... "

"အောင်မယ် ... မာမီ ပြောသလိုလိုနဲ့ လှည့်မလာနဲ့နော်"

"လှည့်လာတော့ ဘာတွေ့မလဲ ... "

"မျက်နှာအကြီးကြီး ... "

"ဟိုက် ... ကိုယ့်မျက်နှာက ကြီးတယ်လား ... "

"ကြီးတာပေါ့ ... ယောကျာ်းဖြစ်ပြီး မျက်နှာကြီးဝိုင်းသလိုနဲ့

ပြားတာ ... ရယ်စရာကြီး ... ဟိ ... ဟိ ... ပြီးတော့လည်း"

"ဘာဝေဖန်ဦးမလို့လဲ ... "

"ယောကျာ်းဖြစ်ပြီး မေးခွက်ပါတာတို့ ပါးချိုင့်ပါတာတို့ ...

ပါးမှာ မှဲ့ပေါက်တာတို့လောက် ရယ်ချင်စရာမရှိဘူး ... ဟိ

ဟိ ... ရယ်စရာကြီးနော် ... "





ရန့်က ပြောရင်းနှင့် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ

တဟိဟိရယ်ချလိုက်ပါတော့သည်။

ပြုံးတော့ ...

မေးခွက်ပါသည့် မျက်နှာချောချောကြီးကိုလည်း

မြင်ယောင်ရင်းက တစ်ယောက်တည်း ရယ်ရတာ မေးတွေတောင်

ညောင်းလာပြီဖြစ်သည်။

"ဟော့ ... ကိုယ့်ကို လှောင်နေတာလား _ ရန့်"

"မလှောင်ပါဘူး ... တာဝေက မျက်နှာဖောင်းဖောင်းကြီး

နဲ့ ချောပါတယ် ... "

"အင်း ... ထားပါ ... ထားပါ ... ရန့် ကိုယ်တို့ ခံစားချက်

ပြည့်တဲ့ Feel မှာ အေးအေးဆေးဆေး စကားပြောကြမယ်

ကွာ ... ရန့်ကို ... ကိုယ် ... ရန့်တို့ လမ်းထိပ်က စောင့်နေ

မယ်ကွာ ... ရန့် ကားမယူရင် မယူနဲ့ ... ကိုယ်တို့ တက္ကစီ

နဲ့ လစ်ကြစို့ ... "

"အိုကေ ... Go မယ် ... အခု ဆယ့်ငါးမိနစ်အတွင်း စောင့်

နေနော် ... ရန့် လာခဲ့မယ် ... "

"အိုကေ ... See you ... "

ရန့်က ဖုန်းပိတ်ပြီးပြီးချင်းမှာပဲ ဖုန်းကလေးကို ခါး

ကြားချိတ်လျက် အပေါ်မှ ရှပ်လက်ရှည်နက်ကျပ်ကလေးကို ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တား တဖွဲဖွဲရွာနေသည့် မိုးရွာထဲသို့ သွက်လက်သည့် ခြေလှမ်းလေးတွေနှင့် လျှောက်လှမ်းလိုက်တော့သည်။

အဲဒီအချိန်မှာ ရန်တို့ ခြံထိပ်ကနေ အဆင်သင့်စောင့်နေသည့် တာဝေကို လက်ခုပ် တဖြောက်ဖြောက်တီးပြီး လက်သီးလက်မောင်းတန်းလျက် ရန် အချက်ပေးလိုက်သည်။

"အဟား ... လွတ်ပြီ ... ကျွတ်ပြီ ... ဒက်ဒီနဲ့ မာမီက ကုမ္ပဏီ ထိုင်တယ်လေ ... အဲဒါကြောင့်မို့ အခုလို လွယ်ကူတာ ... "

ရန်က အပြုံးနုနုလေးဖြင့် သူ့ကို နှုတ်ဆက်လိုက်တာကို သူက မျက်မှောင်ကြီးတွန့်ပြီး တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်ရင်းက အသံကြီး အင့်တာ ...

"ရန်က ... ရန့် မိဘတွေကို သိပ်ကြောက်ရတယ်လား ... " 'မိဘကို မကြောက်ရတဲ့ သားသမီး ဘယ်သူရှိမလဲ ... ဆိုရိုးစကားမရှိလိုက်တာ ဟယ် ... "

"ထားလိုက်တော့ ... လစ်တော့မယ် ... "

ဘယ်အချိန်ကတည်းက ရန့် လက်ကို ဆွဲပြီး ပြေးဖို့ တာစူနေသည့် တာဝေလက်ထဲသို့ ရန့် လက်ကလေး မိမိရရပါသွားရလေတော့သည်။





ဒီအချိန်မှာ အိမ်ကနေ ခိုးထွက်လာခဲ့တာတွေကို မေ့သွားပြီး တာဝေနှင့်အတူ တဖွဲဖွဲ တစ်စီးကိုတားကာ လွတ်လွတ်လပ်လပ်ပျော်လိုက်ရသည့် ဘဝတစ်ခုကိုပဲ အကျေနပ်ကြီး ကျေနပ်သွားပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



"ရန် ... မုန်းစားမလား ... ကိုယ် ခွဲကျွေးရမလား ... "

ဆိုပြီး မချိုမချဉ်မျက်နှာပေးဖြင့် ပြောလာသည့် တာဝေကို ရန် မျက်စောင်းနက်နက်ကလေးခဲရင်း လက်သီးထောင်ပြလိုက်သည်။

"သေသွားမယ် ... ရှိသဲ့သဲ့ပြောမယ် မကြံနဲ့ ... "

"ဒါဆို ... မရှိဘူး ... အတည်ပြောမယ် ... "

"တာဝေနော် ... ယူ့ သိက္ခာကို တို့အပြီးယုံလို့ လိုက်လာတာနော် ... မလိုအပ်တဲ့ အချိန်တွေမှာ မလိုအပ်တဲ့ စကားတွေကို မပြောနဲ့ ... "

"ဟာ ... အခုထိ မလိုအပ်သေးဘူးလား ... ဘာလို့တော့လို့လဲ ... ရန်ရယ် ... ကိုယ့် Family အကြောင်းလည်း မင်းကို





အားလုံးပြောပြီးပြီပဲ ... ရန်ကလည်းကွာ ... အခိုကက ... ကိုယ်တို့နှစ်ယောက် နားလည်ဖို့ပဲ မဟုတ်လား ... "

ရန့် မျက်နှာလေးကို တစိမ့်စိမ့် (တစ်နေကုန်ထိုင်ကြည့်သလိုမျိုး) အကြည့်မျိုးဖြင့် မျက်စိအောက်က အပျောက်မခံနိုင်အောင် စိုက်ကြည့်နေသည့် သူ့ အကြည့်တွေအောက်မှ ရန် ရှက်ကိုးရှက်ကန်း မနေတတ်မထိုင်တတ် ဖြစ်သွားရတာ ... မျက်လုံးအကြည့်တွေကို ဆိုင်အဝင်ဘက်ဆီသို့ လွှဲအကြည့် ဒိုင်းခနဲ ခွန်းတက်သွားသည်အထိ ရန် မူးသွားရလေတော့သည်။

"အမယ်လေး ... မာမီ ... "

"ဟင် ... ဘာ ... ဘာ ... "

ရန် မျက်နှာကြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ အကြပ်ရိုက်သွားချိန်မှာ သူက ဖျတ်ခနဲဆိုသလို လက်ထဲက သတင်းစာရွက်ကြီးဖြင့် ရန့် မာမီ မျက်နှာခြမ်းဘက် သူ့ မျက်နှာကြီးပိတ်ကွယ်ကာ ရန့်ကို သူ့ဆိုဖာဘေးမှာ ငုတ်တုတ်ကလေး အထိုင်ခိုင်းစေလိုက်သည်။

"ရန် ... ဘာမှမဖြစ်ဘူး ... ဒီမှာ ကိုယ့်မျက်နှာကွယ်ထားတယ် ... မင်း ကိုယ့်ခွဲဘေးမှာ ငုတ်တုတ်လေးထိုင်ပြီး ခေါင်းငုံ့ထားလိုက် ... "

သူပြောတဲ့အတိုင်းပင် ရန်ကလည်း သူ့ထိုင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာလေးဘေးမှာ ဆောင့်ကြောင့်လေးပုလိုက်ကာ မျက်နှာက လေးကိုလည်း လက်နှစ်ဖက်နှင့် အုပ်ကာထားလိုက်သည်။

အမယ်လေး။ ရင်တွေ ခုန်လိုက်တာ။

အသက်ထွက်မတတ်ပင် ခံစားခဲ့ရသည်။

"ရန် ... ဘာမှမကြောက်တော့နဲ့ ... အဲဒီအတိုင်းပဲ ခဏ လောက်အေးအေးဆေးဆေးနေလိုက် ... ရန့် မာမီ ကိုယ့်ကို လုံးဝမမြင်ဘူး ... ကျောခိုင်းထိုင်လိုက်ပြီ ... သူ့မိတ်ဆွေ အမျိုးသမီးနဲ့ စကားအဖွဲ့ကျသွားပြီ ... ဘာမှမပူနဲ့ မပူနဲ့"

သူကသာ "မပူနဲ့ ... မပူနဲ့" ဆိုပြီး ချော့မော့နှစ်သိမ့် နေခဲ့ပေမယ့် ရန်ကတော့ ရင်တွေ တဒိန်းဒိန်းခုန်ပြီး ကြောက်ချွေး တွေပျံနေလိုက်တာ။ ဒီနေရာမှာတင်မူးပြီး သတိလစ်မလား အောင့် မေ့ရသည်။

"အမယ်လေး ... ကြောက်လိုက်တာ ... တာဝေ ... မာမီ မပြန်သေးဘူးလား ..."

"ပြန်တော့မယ် ... ခဏနော် ... ခဏသည်းခံလိုက်"

"ဒုက္ခပါပဲဟယ် ... လူတွေ ကွက်ကြည့် ... ကွက်ကြည့် လုပ်နေပြီလား မသိဘူး ..."

"မကြည့်ပါဘူး ... ရန်ရဲ့ ..."

"ဟင်း ... တစ်ခါလေး ခိုးထွက်မိပါတယ် ... အသက်ထွက်





မတတ်ကိုခံစားရတာပဲ ..."

"ရန်ကလည်း စကားများ မနေနဲ့လေ ..."

"ရှင်ကလည်း မျက်နှာကြီးကို ကွယ်အုပ်ထားဦး ... မာမီ ကျောခိုင်းထားတယ်ဆိုပြီး ပေါ့မနေနဲ့ ..."

"အေးပါ ... ဟော ... ပြောရင်းဆိုရင်း ... ရန်ရေ ... မင်း မာမီ ထထွက်သွားပြီ ... နေဦး ... နေဦး ... ချက်ချင်းကြီး တော့ မထလိုက်နဲ့ဦး ..."

"အင်း ... အင်း ..."

အတန်ကြာ ကြာမှ ရန့်က တာဝေကို ရဲရဲမော့ကြည့် ကာ "ဟီး"ခနဲ ရယ်ချလိုက်ပြီး ...

"လွတ်ပြီလား ... ကျွတ်ပြီလား ..."

"လွတ်ပြီ ... ကျွတ်ပြီ ..."

အခုမှပဲ ... သူလည်း မျက်နှာကို ကွယ်ထားသည့် သတင်းစာရွက်ကြီးကို ဖယ်ချလိုက်ပြီး အသက်ဝဝရှူနိုင်သွားတော့ သည်။

"ဟား ... သေချင်စော်နံသွားတာပဲကွာ ..."

ကိုယ့်နဖူးကိုယ် ဖတ်ခနဲ ရိုက်ပြီး သူ စိတ်ပျက်လက် [illegible]ကြီး ညည်းလိုက်တော့ ရန်ကလည်း မျက်နှာလေး ရှုံ့မဲ့ရှုံ့မဲ့နှင့် [illegible]အရှေ့မှာ မေးကလေးထောက်ထိုင်ရင်း ညည်းညည်းညူညူ ဆို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတော့သည်။

"အမယ်လေး ... အသက်သာ ထွက်သွားချင်တယ် ... ခိုး ကြောင်ခိုးဝှက်လုပ်တဲ့ အလုပ်လောက် ရင်မောတာ မရှိတော့ပါလား ..."

ကိုယ့်အတွေးနဲ့ကိုယ် ရန် ညည်းလိုက်တာကို တာဝေက မျက်နှာကြီးထန်သွားပြီး ဆတ်ခနဲ မျက်နှာကြီးကို ဝိတ်မော့ ပစ်လိုက်သည်။

အဲဒီနောက် ရင်ထဲက မကျေမခဲ့သံ လိပ်လိပ်ကြီး နှင့်...

"ဒါဆိုလည်း ... ပေါ်ပေါ်ထင်ထင်ပဲ ... ဖွင့်ပြောလိုက်တော့ ပေါ့ ..."

"ဟာ ... ဘယ်ဖြစ်ဦးမလဲ ..."

"ဒါဆို ... ကိုယ်တို့က ဒီအတိုင်းပဲ နေသွားရတော့မှာလား"

"အေး ... ပေါ့ ... လိုမှမလိုအပ်သေးတာ ..."

"မင်း လိုအပ်တဲ့အချိန်က ဘယ်အချိန်လဲ ..."

ဂျစ်တီးဂျစ်ကန် မေးလာသည့် တာဝေကို ရန် တစ်ချက် ရီရီစိုက်ကြည့်ပြီး ပခုံးနှစ်ဖက်တွန့်ကာ ခပ်သွက်သွက်ကလေး ပြောလိုက်ပါတော့သည်။

"ခင်မင်မှု သံယောဇဉ် ကြီးထွားသွားမယ့်အချိန် ..."





"အိုကေ ... ကြိုက်တယ် ... ကျေနပ်တယ် ..."

ပြောပြောဆိုဆို တာဝေက လက်ဖျစ်တစ်ချက် တွက်ပြီး ရန် လက်ကလေးကို သူ့ လက်ကလေးဖြင့် ထပ်အုပ်လိုက် ချိန်မှာ ရန်ကလည်း တာဝေရဲ့ ကြင်နာမှုတွေကို မဖယ်ရှားနိုင် လောက်အောင် တာဝေ အကြင်နာ သံယောဇဉ်တွေအပေါ် ပျော် ဝင် ယစ်မူးသွားရတော့လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



# ၄

နှစ်ထပ်ရှိမှ မှတ်မိမယ့် အဖြစ်ကို သူ ရောက်သွားရပြီဖြစ်သည်။

ဖြစ်ပုံက ဒီလိုပါ ... ။

ဘယ်ဘဝ ရေးရေစက်က မျက်မုန်းကျိုးလာခဲ့မိသည့် သူနှင့် ရန်မာမီ( အနောက်မယ်တော်ကြီး)တို့ သူ့ သူငယ်ချင်း Dinner မှာ ဆုံစည်းခဲ့ရာမှ သူ အရှက်ကွဲခဲ့ရတာ ဖြစ်သည်။

သူငယ်ချင်း Dinner ပွဲကို သမီး လက်ကိုဆွဲပြီး ဝင့်ဝင့်ထည်ထည် တက်လာသည့် အမျိုးသမီးချောကြီး (သူ့ကို မျက်မုန်းကျိုးနေသည့် သူကလည်း မျက်မုန်းကျိုးသည့်) မယ်တော်ကြီးရဲ့ အပြင်အဆင်ရှိုးကျပုံကြီးကို သူက သဘောတကျ စိုက်ကြည့်ရင်း





မှ ဘိုဆန်ဆန်လေးနှင့် လှနေသည့် ရန့်ကို အပြုံးနုနုဖြင့် နှုတ်ဆက်လိုက်သည်။

"ရန့် ... Dinner ပွဲ လာတာလား ... "

"အင်း ... တာဝေရော ... "

"အတူတူပဲ ... "

ရန်နှင့် သူ စကားပြောနေတာကို သိသိကြီးနှင့် သူ့ကို တစ်စက်မှ လှည့်ကြည့်ဖော်မရသည့် မယ်တော်ကြီး ရင်ထဲမှာ အစာခကြေချက်ရှိပြီဆိုတာကို သူ ပါးပါးလေး သိလိုက်ရသည်။

အင်း ... အတော်ဝါးတဲ့ မိန်းမကြီး။

သူ့ သမီးကိုများ အူတိုနေလိုက်တာ။

အတွေးအခေါ်ကအစ ဆန်းသည့် မယ်တော်ကြီးရဲ့ အပြင်အဆင်တွေကို သူက တစ်ချက်ပင် ကြည့်ပြီး ပြုံးလိုက်မိပါသည်။

အင်း ... သမီးနဲ့အပြိုင် အလှမာန်ထည့်နေတာတော့ တွေ့ကယ်ပူမိပါသည်။

ပိုးသား မီးပေါက်ဂနီရောင်ကို လက်စက ခါးတင်ကလေးဖြင့် ကြီးကြီးဒိုတ် နှံ့သာရောင်ဖြင့် မြန်မာဆန်ဆန် လှပနေသည့် ယောက္ခမကြီးကို အကြည့်လွှန်ပြီး ချစ်ရသူကလေးကိုတော့ သတိတစ်ချက် လစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ရန်က သူ့ လက်ကလေးကို မသိမသာ ကုတ်ပြီး ...

"ကြည့်လှချည်လား ... "

လို့ လေသံကလေးနှင့် မေးလာခဲ့တာကို သူက လည်း လေသံကလေးနှင့် ပြန်ဖြေလိုက်သည်။

"ကြောက်လို့ ... "

"အဟင်း ... ဟင်း ... "

ရန်က တစ်ဖက်လှည့်ပြီး နှုတ်ခမ်းလေးလှုပ်ရုံ ဖြီး သွားတာကို မယ်တော်ကြီးက အကင်းပါးစွာ ရိပ်မိသွားပြီး ရန့် လက် ကလေးကို ဆွဲကာ စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

"ရန် ... ဒီစားပွဲမှာ ထိုင်မယ် ... "

"ဟုတ်ကဲ့ ... မာမီ ... မာမီ ... ဒီမှာ ... တာဝေ ... "

"သြော် ... အေး ... "

သူ့ကို တစ်ချက် ပတောပတားကြည့်ပြီး ခေါင်း မညိတ်ချင် ညိတ်ချင်သည့် မယ်တော်ကြီးကို သူ့ရင်ထဲမှာ အင်သွားခဲ့ ပေမယ့် မျက်နှာချိုချိုနှင့်ပင် နှုတ်ဆက်လိုက်ရတော့သည်။

"အန်တီ ... နေကောင်းတယ်နော် "

သူကသာ အပြုံးချိုချိုနှင့် နှုတ်ဆက်လိုက်ပေမယ့် ရန့် မာမီကတော့ သူ့ကို သုံးခါ လှည့်မကြည့်ဘဲ စားပွဲတစ်ဝိုင်း





ထဲက သူမတို့အရွယ် အမျိုးသမီးကြီးကို စကားတွေ လိုမ့်ပြောနေခဲ့ တာကြီးက သူ့ကို အရှက်ကောင်းကောင်း ကွဲသွားတော့သည်။

ဟား ... ဒီစကားပွဲမှာ ဒီအဒေါ်ကြီးတစ်ယောက် တည်းရှိလို့ ... ။

သက်တူရွယ်တူတွေသာ ရှိရင် သူ ဘယ်လောက် အရှက်ကွဲလိုက်မလဲ။

တောက် ... ပညာမဲ့လိုက်တာကွာ။

သူ ကြိတ်မနိုင်ခဲမရ ရင်ထဲမှာ တောက်ခေါက်ကြေ ကွဲအရှက်ရသွားကာ သူ့အရှေ့မှာ ထိုင်နေသည့် ရန့်ကိုတောင် ဘာမှ မမြင်ရတော့ဘဲ မျက်လုံးတွေ ဝေဝါးသွားချိန်မှာ ရန်ရဲ့ အသံလေး ကို သဲ့သဲ့လေး ကြားလိုက်ရသေးသည်။

"တာဝေ ... ရန် ... "

သူ ... ဒီနေရာက အမြန်လှည့်ထွက်လိုက်တာပဲ သူ အရှက်သက်သာသွားလိမ့်မည် ထင်သည်။

အင်း ... ဒီမိန်းမကြီးနှင့် သူနဲ့ကတော့ ကမ္ဘာမကျေ ရန်သူတွေတောင် ဖြစ်ကောင်းဖြစ်နိုင်မလား မသိ။

*



www.burmeseclassic.com

www.burmeseclassic.com



တာဝေ အပေါ်ဆက်ဆံခဲ့သည်။

မာမီရဲ့ ရိုင်းပျတဲ့ အပြုအမူကြီးကို ရန် အရမ်းအား

သွားကာ ရင်ထဲမှာ ဘယ်လိုသနားသွားမှန်းမသိ ခံစားလိုက်ရ

တစ်ညလုံး အိပ်စက်မရအောင် ရန့်ကို နှိပ်စက်နေခဲ့သည်။

တစ်ညလုံးလိုလို ... အိပ်စက်မရသည့် ခံစားချ

အပြည့်။ ရန်က နောက်တစ်နေ့နံနက်မှာပဲ တာဝေတို့အိမ်ကို ရော

သွားရသည်အထိ ရန် အောက်ကျပေးလိုက်မိသည်လား မသိ။

"တာဝေ ..."

ဂျင်းဘောင်းဘီရှည်ကလေးနှင့် ကိုယ်ကျပ်အစိမ်း

လက်စကလေးကို အပြင်ထုတ်ဝတ်ထားသည့် တာဝေ စတိုင်လ်

ရန် ရောက်လာတာကို လုံးဝ ဂရုမစိုက်ဘူး စတိုင်လ်ဖြင့် ဆတ်





ကျောခိုင်းလိုက်သဖြင့် ရန်က တာဝေ လက်မောင်းကြီးကို ကိုင်ပြီး မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

"တာဝေ ... ဒါ ... ဘာအထာလဲ ..."

"မင်း ... ဘာလာလုပ်တာလဲ ..."

"ကျစ်" တစ်ချက်စုတ်ပြီး ရန့် မျက်နှာကို တစ်ချက် စိုက်ကြည့်ကာ ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်သည့် တာဝေကို ရန် တောင်းပန်သည့် မျက်လုံးလေးတွေနှင့် စိုက်ကြည့်လိုက်ပြီး ...

"မာမီ ... ရှင့်အပေါ် ရိုင်းခဲ့တာတွေအတွက် ... ရန် တောင်းပန်ချင်တယ် ... တာဝေ ..."

"ဒီကိစ္စတွေ ဘာမှ မပြောတော့နဲ့ ... ဒီပွဲမှာ ... ငါရှုံးသွားတယ် ... မင်း အမေ ... ကိုယ့်ကို ကောင်းကောင်း ပညာပြသွားတာပဲ ... သူ့သမီးနဲ့ လုံးဝမပတ်သက်ဖို့ အနုနည်းနဲ့ ပညာပြခဲ့တာပဲ ..."

သူက ဒေါသတွေ အုံကြွကာ စိတ်ဆိုးမာန်ဆိုး အော် လိုက်တော့ ရန့် ကိုယ်လုံးလေး တွန့်ခနဲ ဖြစ်သွားပြီး မျက်နှာက လေး မဲ့သွားတာကို သတိထားမိသွားရသည်။

ဒီတော့မှ သူ့မျက်နှာကြောကြီး နည်းနည်းလျော့ စ လိုက်က ရန့်ကို မေးဆတ်ပြလျက် ...

"ထိုင်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"မထိုင်တော့ဘူး ... ရန်တို့ လက်ဖက်ရည်ဆိုင်မှာဖြစ်ဖြစ် စကားပြောကြရအောင် ... ရန် ... ယွန်ကို ကျေနပ်လောက်တဲ့အထိ တောင်းပန်ချင်တယ် ... "

"ကောင်းပြီလေ ... ကိုယ် ကျေနပ်တဲ့အထိနော် ... တောင်းပန်ပေါ့ ... အဲဒါဆိုရင် ... ကျေနပ်မယ် ... လာ ... လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြမယ် ... "

ရန်နှင့် နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထိုင်ပြီးသည့် အချိန်အထိ သူ ရန့်ကို စကာတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်နေမိသည်။

စိတ်ထဲမှာ ရှက်သည့် စိတ်တွေနှင့် ဘာစကားတစ်ခွန်းမှ မပြောဖြစ်ခဲ့တာ ဖြစ်သည်။

ရန်ကတော့ သူ့ကို တောင်းပန်တိုးလျှိုးစွာ မော့ကြည့်လာပြီး အသနားခံသည့် အသံကလေးနှင့် တောင်းပန်လာခဲ့သည်။

"တာဝေ ... မနေ့က မာမီ အပြုအမူသိပ်ရိုင်းသွားတယ်ဟာ အဲဒီအတွက် ... ရန် ... ရှင့်ကို အနူးအညွှတ်တောင်းပန်ပါတယ် ... ရှင် ကျေနပ်တဲ့အထိ ... တောင်းပန်ပါတယ် ... မာမီကိုတော့ အငြိုးအမျက် မထားပါနဲ့နော် ... "

"မထားပါဘူး ... ကိုယ် ဒီလောက်အထိ စိတ်ဓာတ်မသိမ်





ဖျင်းသေးဘူး ... ဒါပေမဲ့ ကိုယ် ရင်နာတယ် ... မင်း မာမီရဲ့ လုပ်ရပ်ကြီးကကွာ ... စဉ်းစားကြည့် ... ကိုယ့်ကို မတူသလို ဆက်ဆံရအောင် ကိုယ်က ဘာဖြစ်နေလို့လဲကွ ဟိုကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်ကို ဒီလောက်အထင်သေးစရာ မလိုပါဘူး ... "

သူ့ရင်ထဲက မခံချင်သည့် ရှက်ဒေါသတွေက ရန့်အပေါ် စုပြုံရောက်ရှိသွားတော့သည်။

သူ အခုလို အော်ငေါက်လိုက်တော့သည်။ ရန်က မျက်တောင်လေးပုတ်ခတ်ပုတ်ခတ် လုပ်လျက် အပြောရကြပ် အတြဲအိုက်သွားပုံလေးကို ကြည့်ပြီး သူ့နှုတ်ခမ်းတင်းဖက်မဲ့ကာ ရန့်ကို မထိတထိ စိုက်ကြည့်ပြီး လိုချင်သည့် အရာတစ်ခုကို ဦးတည်လိုက်သည်။

"အင်း ... မင်းက ... ကိုယ် ကျေနပ်ပါပြီဆိုတဲ့ စကားကို လိုချင်တာလား ... အဲဒီသဘောလား ... "

"အင်း ... ရှင့်ကို ကျေနပ်စေချင်တာ ... "

သူ့ အကြံကို ဘာမှမသိဘဲ အရိုးခံလေးဖြင့် စားပွဲမှာ မေးလေးထောက်ကာ မျက်လုံးဝိုင်းဝိုင်းလေးနှင့် သူ့ကို ကြည့်လာသည်။ ကောင်မလေးကို သူ ညို့ရိရိတစ်ချက် စိုက်ကြည့်ပြီး ခပ်လွှင့်လွှင့် မြို့လျက် ရင်ကော့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ … ကိုယ့်ကို … မင်း မာမီနဲ့ ပတ်သက်ပြီး … ကျေနပ်စေချင်တယ်ဆိုရင် … မင်း ကိုယ်ခိုင်းတာကို ဘာမဆို လုပ်ပေးနိုင်မှာလား … အဲဒါ လုပ်ပေးနိုင်ရင် … ကိုယ် ကျေနပ်မယ် … "

"ရှင်က … ဘာခိုင်းမှာ မို့လို့လဲ … "

ဖိုက်ဘာနားဆွဲလေးကို လက်ကလေးနဲ့ ကိုင်ပြီး ချစ်စရာမျက်နှာပေးနှင့် မေးလာသည်။ မျက်နှာဖူးဖူး ချောချောပိုင်ရှင် ကောင်မလေးကို သူ ခပ်အီအီမျက်လုံးတွေနှင့် စိုက်ကြည့်ရင်းက ရင်ခုန်သံတွေ ကြမ်းလာရပြီ ဖြစ်သည်။

ကောင်မလေးကတော့ သူ့ရင်ဘတ်ကြီးထဲမှာ ဘာရှိတယ်ဆိုတာ ဘာမှမသိဘဲ သူ့ကို အကြံအိုက်သွားသည့် မျက်လုံးတွေနှင့် မော့ကြည့်ကာ …

"ဘာခိုင်းမှာလဲ … ပြောလေ … "

သူက ခေါင်းတစ်ချက်ဆတ်ကာ ကော်ဖီတစ်ကျိုက်မော့လျက် မုန့်ပန်းကန်လေးကို လက်ညှိုးညွှန်ပြလိုက်သည်။

"အဲဒါကို့ကို … မုန့်ခွံကျွေးမယ်ဆိုရင် အရာအားလုံး လျှော့ပစ်လိုက်တော့မယ် … ဘယ်လိုမှ သဘောမထားတော့ဘူး ကျေလည်း ကျေနပ်တယ် … "

သူ ပြောလိုက်တာကို ရန်က ချက်ချင်းလက်ငင်းကြီး





မဲ့ရွဲ့ပြလိုက်တာမို့ သူ ရှုတ်ခမ်းစေ့ကာ ပြုံးလိုက်မိသည်။

"မမေ့နဲ့နော် … ကိုယ့်ကို စိတ်ချမ်းသာစေချင်ရင် လုပ်လိုက်ပါ … ပြဿနာက အေးဆေးရှင်းသွားလိမ့်မယ် … "

"အောင်မယ် … လူပါးဝတဲ့ အလုပ်ကြီး … လုပ်မပေးနိုင်ပါဘူး"

"ဒါဆိုလည်း ပြီးတယ်လေ … လုံးဝမကျေနပ်ဘူး … "

သူ ခပ်တည်တည် ပြောလိုက်တော့ ရန်က သူမရဲ့ဆံပင်အိအိကလေးတွေ ရှေ့သို့ ဖတ်ခနဲ ဝဲကျအောင် မျက်နှာကို ဆတ်ခနဲပင် မော့ခါပစ်လိုက်ပြီး သူ့ကို ရန်တွေ့လာခဲ့သည်။

"ရှင်နော် … လူလည်သိပ်မကျနဲ့ … "

"ဒါ … ကိုယ်ကျေနပ်နိုင်မယ့် အရာကို ပြောပြတာပဲ … မင်းပဲ ကျေနပ်စေချင်တယ်ဆိုရင် ကိုယ်မေးသားပဲ … ဘာမဆို လုပ်ပေးမလားလို့ … "

"ကဲ … ကဲ … ဒီလိုဆိုလည်း လျှာရှည်မနေပါနဲ့ … ပါးစပ်ဟပင်း စေတနာကိုမရှိဘူး"

"အဟား … စေတနာမရှိပေမယ့် မေတ္တာတော့ ရှိမှာပါနော်"

ရန် ခွံကျွေးလာသည့် မုန့်ကလေးကို ဆတ်ခနဲ တစ်ကိုက်ကိုက်ပြီး ရှိသ့ဲသဲ့ပြောကာ ရန့် မျက်နှာလေးကို သူ ညှို့ရီရီစွာ မျက်တောင်မခတ် စိုက်ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ သူ့အကြည့်တွေက ဘယ်လောက်အထိ ကြာရှည်သွားသည် မသိ။ တွန့်ခနဲ ဖြစ်သွားသည့် ရန့် ကိုယ်လုံးလေးကို မြင်တော့မှ သတိထားမိသွားကာ သူ့ ရင်ခုန်သံတွေကို နွေးနွေးထွေး အလိုက်သင့် စီးမျောသွားစေလိုက်တော့သည်။

အဲဒီနောက် ရင်ထဲက ခံစားချက်သီးနေသည့် အင်အားအပြည့်ပါသည်။ လက်အစုံဖြင့် ရန့် လက်ကလေးကို ဆုပ်ကိုင်ကာ ရင်ခွင်ထဲကို ထွေးအပ်ပြီး ...

"ရန် ... ကိုယ် ... မင်းကို ... သိပ်ချစ်တယ် ... ကိုယ် ... ကိုယ်တို့နှစ်ယောက်ရဲ့ ... ခင်မင်မှုကို အခွင့်အရေးယူတာ မဟုတ်ပါဘူး ... ကိုယ့်ရင်ထဲမှာ မျိုသိပ်ထားလို့မရအောင် မင်းကို သိပ်ချစ်သွားလို့ ရင်ထဲမှာ မထားနိုင်တော့တာ ... ကိုယ့်ကို ဘယ်လိုမှ မသတ်မှတ်ပါနဲ့နော် ... "

သူ အနူးညွတ်တောင်းဆိုပြီး ရင်ပွင့်သွားချိန်မှာ ရန့် မျက်နှာကလေး ရဲခနဲ ဖြစ်သွားတာကို သတိထားလိုက်မိသည်။

ဒီအချိန်မှာ သူ့ရင်ခုန်သံတွေဟာ ကြောက်ခမန်းလိလိ ခုန်မြည်နေခဲ့တာဟာ ကိုယ်ချစ်သည့် ချစ်သူလေးက ကိုယ့်ကို ပြန်ချစ်မှ ချစ်ပါ့မလား ဆိုသည့် အတွေးရှုးတွေဖြင့် ရင်မောသွားခဲ့ရသည့် အဖြစ်ကို တစ်ယောက်တည်းပဲ အကြပ်ရိုက်လှောင်ပိတ်မိသွားရသည်။





သူ လှောင်ပိတ်မိသွားချိန်မှာ ရန်ကတော့ သူ့ကို ကောင်းကောင်းကြီးကို စိတ်ဆိုးဝေါက်ကွဲလို့သွားရပါပြီ။

သူ့ရင်ခွင်မှာ ဆွဲအပ်ထားသည့် လက်ကလေးကို ဆွဲယူကာ ...

"ယူ ... တို့လက်ကို လွှတ်နော် ... ယူဟာ ... အခွင့်အရေးတစ်ခုကို အမိအရ ယူတတ်တဲ့ ယောကျ်ားပဲ ... ဒါ ... အိုင့်ကို စော်ကားတာပဲ ... "

"ဟာ ... မဟုတ်ပါဘူး ... မဟုတ်ရပါဘူး ... ကိုယ် မင်းကို အခွင့်အရေးယူပြီး ပြောတာမဟုတ်ပါဘူး ... ရင်ထဲမှာ ရှိနေတာတွေကို မခံစားနိုင်တော့လို့ လွှတ်ထွက်သွားရတာပါပါ ... ကိုယ့်ရင်ထဲက ခံစားချက်အမှန်ပါ ... ကိုယ့်ကို အထင်မလွဲလိုက်ပါနဲ့နော် ... ရန် ... တောင်းပန်ပါတယ်"

"အခုမှ လာတောင်းပန်မနေနဲ့ ... အပိုပဲ ... အခွင့်အရေးယူတဲ့ ယောကျ်ားတစ်ယောက်ကို ဒီနေ့ကစပြီး သူငယ်ချင်းအဖြစ်က ပြတ်စဲတယ် ... အခုမှခင်တယ် ... အခုပဲ ရည်းစားစကားပြောတယ် ... အညာလွယ်လိုက်တဲ့ ယောကျ်ားအဲဒါကို အမုန်းဆုံးပဲ ... ယူ့ကို အိုင် လုံးဝမေတ္တာမရှိဘူး"

"ဟာ ... ရန် ... မင်း ... ကိုယ့်ကို သက်သက်အထင်လွဲနေပြီကွာ ... မင်းကိုယ် ... ကိုယ် အဲဒီလိုစိတ်မျိုးလုံးဝ မမွေး

www.burmeseclassic.com



အူး ... ကိုယ့်စိတ်ခံတတ် ဒီလောက်အောက်တန်းမကျပါဘူး"

"ဘာမှနားမလည်ဘူး ... သွားမယ် ... သွားမယ် ... သူ

တို့နောက်ကို လုံးဝမလိုက်ခဲ့နဲ့ ... "

ပြောပြောဆိုဆို စားပွဲမှ ထရပ်ပြီး သူ့အရှေ့ကနေ နှာခေါင်းလှည့်ထွက်သွားသည့် ရန့်ကို သူဘာပြန်ပြောရမှန်းမသိ အံ့ဩ ငေးကြောင်စွာ ငေးကြည့်ရင်းမှ ကုန်းကုန်းကွကွကြီး ကျန်ရစ်ခဲ့ တော့သည်။

ရန့် ကားလေး သူ့မြင်ကွင်းမှ ပျောက်သွားသည် အထိ သူတွေတွေကြီး ငေးကြည့်နေခဲ့တာဖြစ်သည်။

ရန်ကတော့ သူ့ကို စိတ်ဆိုးသွားခဲ့ပြီ ဖြစ်သည်။

အင်း ... သူ ဘာဆက်လုပ်ရင်ကောင်းမလဲ။

အခုလောလောဆယ်တော့ သူ ဒီဆိုင်လေးအတွင်း ကနေ ကုပ်ချောင်းချောင်းကလေး ထွက်လာခဲ့ရပါတော့သည်။

*





# ၅

ရန့်ဆီ အကြိမ်ကြိမ် ဖုန်းခေါ်ခဲ့ပေမယ့် သူ့ ဖုန်းမှန်း သိပြီး ဖုန်းပြန်ပြန်ပိတ်သွားခဲ့တာက သူ့ကို ဒီကနေ့မှာတော့ ရင်ထဲမှာ အစိုင်အခဲကြီးတစ်ခု အုံသွားခဲ့ရပြီ ဖြစ်သည်။

ရန့် ဒီတစ်ခါ ဖုန်းကို မကိုင်ရင်တော့ ရန့် အိမ်ကို လိုက်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဖြင့် မျက်အိမ်ကလေးကျဉ်းပြီး တစ်ဖက်က ဖုန်းဖွင့်နားအထောင်ကို စောင့်ဆိုင်းလိုက်သည်။

ကံကောင်းချင်တော့ ငါးရက်မြောက် ဖုန်းခေါ်သည့် နေ့မှာ ရန်က သူ့ဖုန်းကလေးကို လက်ခံကိုင်လာခဲ့တာမို့ သူက နှုတ်ထိတ်ထိတ်ဖြင့်ပင် ရန့်ကို အရင်ဆုံး တောင်းပန်လိုက်ပါသည်။

"ရန် ... ရန် ... ကိုယ့်ဖုန်းကို ... မပိတ်လိုက်ပါနဲ့နော် ... တောင်းပန်ပါတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို တောင်းပန်တာလဲ ... "

"ဟား ... တော်ပါသေးရဲ့ ... စကားပြောဖော်ရလို့ ... "

သူ့ရင်ထဲက စိုးရိမ်ပူပင်ခဲ့ရသည့် ခံစားမှုအလုံးကြီး အခုအခါမှပဲ ပြုတ်ကျသွားတော့သည်။

"ရှင် ... ဘာဖြစ်နေတာလဲ ... ရှင့်ကို ဘယ်သူက ကျေနပ်တယ်ပြောလို့လဲ ... "

"မပြောလည်း သိပါတယ်ကွာ ... "

"ဘာသိတာလဲ ... ရှင်နော် ... "

ခြံစပ်ဖက်မှ ရန့် အသံလေးက တဖြည်းဖြည်းကြည်လာခဲ့ပြီမို့ သူက အပျော်လွန်သွားကာ ဖုန်းကလေးကို ညာဘက်မှာ ကိုင်ထားရာနေ ဘယ်ဘက်ကို လွှဲကိုင်ပစ်လိုက်ပြီး "ဂိ"ခနဲ အသံထွက်အောင် အော်ပစ်လိုက်တော့သည်။

"ဟဲ့ ... ဘာဖြစ်လို့ ဂိတာလဲ ... "

"ပျော်လို့ ... ပျော်လို့ ... "

"အဟင်း ... ဟင်း ရယ်ရတယ်နော် ... ယူ ရူးနေပြီ ... တို့ဘက်က ဘာစကားထွက်မယ်ဆိုတာ မသိသေးဘဲနဲ့ ... ပျော်နေတာ ... ယူ ရူးလို့ ... "

"ရန် ... မင်း ... ဘာတွေလျှောက်ပြောနေတာလဲ ... ကိုယ့်ကို အခုထိ အမြင်မကြည်သေးဘူးလား ... "





"အင်း ... ယူနဲ့တို့က သူငယ်ချင်းစာရင်းပြတ်ပြီပဲ ... ယူ အခု ပြောနေတာလည်း အလကားပဲ ... "

"ဟာ ... ရန် ... မင်းမဆိုးစမ်းနဲ့ကွာ ... ရန် ... ကိုယ် မင်းကို အနူးအညွတ်တောင်းပန်ပါတယ် ... မင်း ဘာဖြစ်လို့ ကိုယ့်ကို မချေမငံ ဆက်ဆံရတာလဲ ... လူတစ်ယောက်ရဲ့ နှလုံးသားကို မင်း မစော်ကားပါနဲ့ ... ခင်မင်တဲ့ရက် တိုခဲ့ပေမယ့် ရင်ထဲကနှလုံးသားက မင်းမှမင်းပဲ တမ်းတမ်းတတ ဖြစ်နေခဲ့တာ ... မင်း မယုံရင်လည်း မတတ်နိုင်ဘူး ... ဒါပေမဲ့ ... ငါ မင်းနောက်မှာ အမြဲရှိတယ် ... "

"ယူ ပြောချင်တာက ... ဒါပဲလား ... "

"ဟာ ... ဒါတင် ဘယ်ကမလဲ ... မင်း ကိုယ့်ကို ခံစားချက်တွေကို ယုံစေချင်တာ ... ကိုယ် ကြုံလို့ ရည်းစားစကားပြောတဲ့ ယောကျ်ားထဲမှာ မပါဘူး ... မယုံရင် ကိုယ့်နှလုံးသားကို မင်း အသေအချာ ဖတ်ကြည့်ကွာ ... ကိုယ့်မျက်လုံးကို မြင်ယောင်ကြည့်စမ်းပါ ... ရန် ရယ် ... မင်း ကိုယ့်ကို အထင်သေးတာ ကိုယ်လက်မခံနိုင်ဘူး ... မင်း ကိုယ့်ကို ယုံပါလို့လည်း မတောင်းဆိုချင်တော့ဘူး ... ကိုယ် တောင်းဆိုချင်တာက မင်း ... ကိုယ့်ကို ရှောင်ဖယ်မနေပါနဲ့ကွာ ... ကိုယ် ဇွတ်တရွတ်မလုပ်ချင်ဘူး ... လူကြီးတွေ မရိုမသေ



www.burmeseclassic.com

www.burmeseclassic.com



ခွင်ရှင် ကိုယ့်ကို ပြန်အသိအမှတ်ပြု ... ”

“အောင်မယ် ... လူပါးဝလိုက်တာ ... ပဲ့ကများ တို့… မြိမ်းလာခြောက်လား ပြောအောင် ... ဒီမှာ ... ရှင် … ခြောက်ကိုင်းလည်း ကြောက်လိမ့်မယ်မထင်နဲ့ ... ”

သူ ပြေရာပြေကြောင်း တောင်းပန်နေခဲ့ပေမယ့် အ… ထိ ရန်က တင်းမာနေခဲ့သေးတာမို့ သူ့ စိတ်မရှည်နိုင်တော့… မခံချင်စိတ်တွေက မောက်တက်သွားတော့သည်။

ဖြစ်နိုင်ရင် ရန့်ကို အခုပဲ ချက်ချင်းကြီး ပြေး… လိုက်ပြီး မျက်နှာချင်းဆိုင် ပြောပစ်လိုက်ချင်သည်။

“ကျွတ် ... ရန် ... မင်း ဘာဖြစ်နေတာလဲ ... ”

အခုထိ ဖုန်းထဲကနေ လှမ်းပြောနေရတာ သူ… အခံရခက်ခက် ဖြစ်နေရပါပြီ။

“ရန် ... မင်းက ကိုယ့်ကို တကယ်ပြတ်နိုင်တာလား … ကဲ ပြော ... ”

ရန့်ကို လှမ်းအော်မေးလိုက်ပေမယ့် ရန့်ရဲ့ အသံ… ဖုန်းထဲကနေ ပါးပါးလေးမျှပင် မကြားရတော့ချေ။

အဲဒါကြီးကို သူ ပိုပြီး ခံရခက်သွားရကာ အံ… တင်းတင်းဖိကြိတ်ပစ်လိုက်ပြီး ရင်ထဲကလာသည့် အသံကြီးနှင့် … ကို အသာနားခံလိုက်ပြန်သည်။





“ရန် ... မင်း ကိုယ့်ကို ပြောစရာစကား မရှိတော့ဘူးလား ဟင် ... ”

“ပြောစရာရှိတယ် ... ရှင် ... နောက်တစ်ခေါက် ရန့်ဆီ ဖုန်းမဆက်ပါနဲ့ ... ရှင့် လုပ်ရပ်တွေကို ... ရန် သိပ်မုန်းတယ် ... ခွင့်မလွှတ်ဘူး ... ”

“ဘာကို မုန်းပြီး ... ဘာကို ခွင့်မလွှတ်နိုင်တာလဲ ... ရန်”

“အကုန်လုံးပဲ ... ရှင့်ရဲ့ ကိုယ်ကျင့်တရား မစောင့်စည်းမှု”

ရန့်ရဲ့ ဂွစ်တီးဂွစ်ကန် အသံလေးကို နားထောင်ရင်း သူရင်ခုန်စွာ ပြုံးလိုက်မိပါသည်။

“ဟာ ... ဒါကတော့ကွာ ... ကိုယ်မှ မမျိုသိပ်နိုင်တော့တာ မင်းကို သိပ်ချစ်နေတာကို ... ကိုယ့်က ဟန်ဆောင်ပန်းဆောင်နဲ့လည်း မမျိုသိပ်ချင်တော့ဘူး ... ဒါ စိတ်ဆိုးစရာလား ... ရည်းစားစကားပြောတာ ... စိတ်ဆိုးစရာ မဟုတ်ဘူးကွ ... ရှက်ခုန်စရာ ... ကျေနပ်စရာ ... မြူးဖျစရာ ... ”

သူက ကျေနပ်မြူးဖျသံကြီးနှင့် ရယ်လိုက်တော့ ရန်က ငြိမ်သက်သွားလေသည်။

အခုလို ရန် စိတ်ကောင်းဝင်နေတုန်းမှာ သူက အခွင့်အရေးတစ်ခုပြီးတစ်ခု ဖွင့်ချလိုက်တော့သည်။

“ကိုယ် ... ရည်းစားစကားပြောမလို့ ... မင်း စိတ်ဆိုးတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် … ဒါဆို … ကိုယ့်ကို ချစ်တယ်လို့ အလျော်ပြန်ပေး… ဟာ … ဟော့ … ဟယ်လို … ဟယ်လို … ရှန် … အဲဒီလို မလုပ်နဲ့ကွာ … ဟား … သေလိုက်ပါတော့ကွာ … ကောင်းခန်းလေးရောက်မှ … ဟင်း … ”

ရင်ထဲမှာ ဘယ်လိုကြီးခံစားလိုက်ရမှန်း မသိအောင် ဟတာတာကြီး ဖြစ်သွားသည့် သူ့မှာ ကြိတ်မနိုင် ခဲမရဖြင့်သာ "ဟင်း"ချလိုက်ရပြီး ရှန် ဖုန်းပိတ်သွားပြီး အတော်ကြီးကြာမှ သူ ဖုန်းလေးကို သူ မအီမလည်ကြီး ပိတ်လိုက်ရတော့သည်။



အမှုလွန်သွားသည့် ရှန် တစ်ယောက် တာဝေးဆီက ဖုန်းကို မျှော်ရတာ ရင်ထဲမှာ အမော့ဆို့လာရပြီ ဖြစ်သည်

မျှော်သူမောပြီး ပေါ်မလာခဲ့သည့် သူ့ကိုလည်း တစ်စတစ်စ မုန်းလာခဲ့ရပြီဖြစ်သည်။ လေး ငါးရက်လုံးလုံး ပစ်ထားသည့် သစ္စာမဲ့တဲ့ ယောကျ်ားကို ရှန် ဖြစ်နိုင်ရင် ကုတ်ဖဲ့သာ ဆွဲပစ်လိုက်ချင်သည်။

"ဟဲ့ … ဘာဖြစ်နေတာလဲ … လမ်းလျှောက်နေတာက ရှပ်ပျာရှပ်ပျာနဲ့ … မျောက်တောင်မူးမယ် … "

"အဟင်း … မာမီကလည်း ပြောတော့မယ် … "

စိတ်မကြည့်သည့်ကြားက (လမ်းလျှောက်နေရာမှ) မာမီ့ကို လှမ်းကြည့်ပြီး "အဟင်း"ခနဲ ရယ်ပြလိုက်ပြီး ဇက်ကလေးပု



www.burmeseclassic.com

www.burmeseclassic.com



လှာကလေးထုတ်ကာ ကိုယ့်အကြဲ့ကို နည်းနည်းရှက်မိသွားရသည်။

တာဝေ ဖုန်းကို မျှော်လို့မရလို့ စိတ်ပေါက်ပေါက်နှင့် သူ့ဆီ ဖုန်းဆက်ရကောင်းနိုးနိုး ချီတုံချတုံ စဉ်းစားနေဆဲ မာမီအသံ မာမာကြီးက စီခနဲ ထွက်လာခဲ့ပြန်သည်။

"ဟဲ့ … ငါ စာဖတ်နေတာ … ဖတ်လို့မရအောင် မူးလာပြီ ရန် … ညည်း ဘယ်လိုဖြစ်နေတာလဲ … "

"ဟာမ် … ဘာမှမဖြစ်ပါဘူး မာမီရဲ့ … ခိ … မာမီက စော စောကတော့ ရန့်ကို မျှောက်မူးမယ် … ခုတော့ မာမီက"

"ဟဲ့ … ဘာစကားပြောတယ် … မိဘကို ဒီလိုစကားပြော စရာလား … တောက်တ … အပိုးမကျိုးတဲ့ ရုပ် … အဖေနဲ့ တစ်ရုပ်ထဲပဲ မုန်းလိုက်တာ … "

"လုပ်မုန်းကြီးပါ … မာမီရာ … "

"ဟယ် … ငါလုပ်မိတော့မယ် … မိရန်ရန် … သွားစမ်း … ငါ့ရှေ့မှာ လမ်းလျှောက်မနေစမ်းနဲ့ … "

မာမီ နှင်ထုတ်လိုက်တာက ရန့်ကို အကြံကောင်း ကောင်းရသွားတော့သည်။

ရန်က ခါးကြားမှ ဝှက်ထားသည့် ဖုန်းကလေးကိုစမ်း ပြီး နှုတ်ခမ်းကလေး တစ်ဖက်မဲ့ပစ်လိုက်ကာ …

"ဒါဆို … ခြံထဲမှာ အညောင်းပြေ … အညာပြေ လမ်းလေး





လျှောက်လိုက်ဦးမယ် … "

ဒီတော့မှ မာမီက မျက်မှန်အောက်က မျက်လုံးဝိုင်း ဝိုင်းကြီးနှင့် ရန့်ကို မျက်စောင်းတစ်ချက် ချေကြည့်ပြီး ဖတ်လက်စ နယ် စာမျက်နှာပေါ် မျက်လုံးတွေ ပြန်အာရုံရောက်သွားတော့ သည်။

ရန်ကတော့ … ရင်ခုန်ခုန်နှင့်ပင် တင်ပါးလေးကို ကောက်ပစ်ကာ ဂျင်းဘောင်းဘီထဲ လတ်နှိုက်ပြီး ခြံထဲကို အပြေး လေး ဆင်းလာခဲ့တော့သည်။

အဲဒီနောက် ဘာမှစဉ်းစားမနေတော့ဘဲ တာဝေကို ချစ်စိတ်တွေက ကြီးစိုးသွားကာ အမှုမဲ့ပိုနိုင်တော့ဘဲ သူ့ဖုန်း တ်ကလေးကို နှိပ်ချပစ်လိုက်မိပါတော့သည်။

အင်း … မိန်းကလေးက ပြန်လိုက်ရတာ ရင်တော့ ခုန်သွားကွယ်။

ရန် ကိုယ့်လုပ်ရပ်ကိုယ် အရှက်ကြီးရှက်ပြီး ရင်တွေ ဒိန်းဒိန်းခုန်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ (သူ့ကို ပြောစရာ ပုံးတွေ ရွေးနေချိန်) မှာပဲ တစ်ဖက်က သူ့ရဲ့ "ဟယ်လို"ဆိုပြီး ထူးလာသံက ရန့် အသည်းထဲကို လှပ်ခနဲ အေးမြသွားတော့ သည်။

အသည်းထဲအေးသလို ပါးစပ်ကလည်း စက်သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သလို တရစပ်တွန်းချလိုက်တော့သည်။

"ဒီမှာ ... တာဝေ ... ယူ ဘယ်လို ယောက်ျားမျိုးလဲ ... မိန်းကလေးတစ်ယောက်ကို Propose လုပ်ထားတဲ့ သူ... အခုလို ပစ်စလက်ခတ်ကြီး မေ့ထားရတယ်ပေါ့ ... ဟု... လား ... ယူ့ရဲ့ သစ္စာတို့ မေတ္တာတို့ အချစ်တို့က အဲဒီမှာတ... ပေါ်လွင်သွားပြီ ... "

"ဟာ ... ဟိုဒင်း ... ကျွန်တော် ... တာဝေ ... မဟုတ်... ဗျ ... တာဝေ ... ရေချိုးခန်းဝင်နေလို့ ... သူ့ဖုန်းကို ကျွ... တော် ကိုင်လိုက်တာ ... "

"ဟာ ... သွားပါပြီ ... "

ရှိသမျှ တစ်ကိုယ်လုံးက ရှန့် အရှက်တွေ သူ... ယောက်ျားတစ်ယောက်ရှေ့ ပစ်ကျသွားချိန်မှာ ရန် ရှက်လွန်း... ဆောင့်ခနဲ ထိုင်ချပစ်လိုက်ပြီး မျက်နှာလေးကို လက်ဝါးလေး... အုပ်ကာ "ဟီး"ခနဲ ငိုချပစ်လိုက်မိပါတော့သည်။

အခုလို ရန် တစ်ယောက် အရှက်ကြီးရှက် ငိုချလို... တဲ့အချိန်မှာ တစ်ဖက်က တာဝေ။ သူငယ်ချင်း မျိုးကြီးကတော... (တာဝေ အတုရင်ဘတ်ကြီးဖြင့်) မိန့်မိန့်ကြီး ပြုံးသွားကာ မရှိ... ရှိမယ့် နှုတ်ခမ်းမွေးလေးကို ပွတ်သပ်ပြီး ရေချိုးခန်းထဲက ထွ... လာသည့် သူငယ်ချင်းရဲ့ ဗလာမဲ့ အင်္ကျီရင်ဘတ်ကြီးကို လက်သီး...





ဆွဲထိုးပစ်လိုက်သည်။

"အား ... နာတယ်ကွ ... မင်းဟာက တအားလုပ်တာပဲ ဘာဖြစ်တာလဲ ... မျက်နှာကြီးက ဆေးမိထားတဲ့ ရှပ်ကြီးနဲ့"

"အင်း ... ဆေးအတု ... အစစ်မဟုတ်ဘူးကွ ... အဲဒီတော့ ပိုပြီး ရင်ဘတ်ထိတယ် ... "

"ဟာ ... ဘာတွေလဲ ... ရှုပ်နေတာပဲ ... "

သူက သူငယ်ချင်းဖြစ်သူကို ကြည့်ပြီး စိတ်တိုသွားရကာ ခပ်ဆတ်ဆတ် ဖိတ်ဟောက်လိုက်တော့ မျိုးကြီးက နှာခေါင်းတစ်ချက်ရှုံ့လျက် စားပွဲပေါ်က ဖုန်းကလေးကို ကောက်ကိုင်ကာ...

"အသည်းကလေး ဖုန်းဆက်တယ် ... "

"ဟင် ... ဘယ်သူလဲ ... "

ထူးခြားနေသည့် သူငယ်ချင်းကို ကြည့်ပြီး သူ့ရင်ထဲ ယားကျိကျိကြီး ဖြစ်သွားရကာ သိချင်စိတ်ပြင်းသွားရသည်။

"မင်းကို ... ဖုန်းဆက်တာ ဘယ်သူလဲ ... "

"ငါ့ မိန်းမ ... "

"Cobra ကိုက်လို့သေမဲ့ကောင် ... "

သူ ကျိန်ဆဲရင်း အသည်းယားလာကာ မျိုးကြီးသည် ပင်းကြီး တင်းခနဲနေအောင် ဖိတ်ဖျစ်လိုက်သည်။

"အား ... မင်းက ရန် ကိုက်လို့ သေမဲ့ကောင် ... ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားလေ — ယူ့ ဘယ်လိုယောကျ်ားမျိုးလဲ … မိန်းကလေး တစ်ယောက်ကို Propose လုပ်ထားတဲ့ သူက ပစ်စလက်ခတ် ပြီး မေ့ထားရတယ်ပေါ့ … ဟုတ်လား … ယူ့ရဲ့ သစ္စာတို့ မေတ္တာတို့ အချစ်တို့က အဲဒီမှာတင် ပေါ်လွင်သွားပြီ … ”

“ဟာ … တကယ် … ”

“ဘာဖြစ်တာလဲ … ရန် အကိုက်ခံရမယ့်ကောင်ရဲ့”

“ဝါး … ပျော်လိုက်တာကွာ … လောကကြီး တစ်ခုလုံး လင်းသွားပြီ … အိုကေ … သူငယ်ချင်း … ကျေးဇူး Goပြီ”

ဆိုဖာပေါ်မှာ တင်ထားသည့် စပို့ရှပ်တစ်ထည်ကို ကောက်စွပ်ကာ ပွသွားသည့် ဆံပင်ကို လက်ဖြင့် တစ်ချက်နှစ်ချက် ဖီးသပ်လျက် စားပွဲပေါ်က Hand Phone ကလေးကို ဆွဲကိုင်ကာ တစ်ရှိန်ထိုး ပြေးထွက်လာခဲ့တော့သည်။

အနောက်မှ သူငယ်ချင်းဖြစ်သူရဲ့ တဟဟ တားသံ ကိုလည်း သူ လုံးဝဂရုမစိုက်တော့။

ဒီအချိန်မှာ သူ ဂရုအစိုက်နိုင်ဆုံးသူကတော့ သူ့ အသည်းပေါက်အောင် သိပ်ချစ်ရသည့် ရန် တစ်ယောက်တည်းသာ လျှင် ဖြစ်ပါသည်။

ရန့်ရေ ကိုယ် မင်းဆီကို ခဏတွင်းချင်း ချက်ချင်း အရောက်လာပြီး ချော့မော့နှစ်သိမ့်ပါတော့မယ်။





မင်းနှလုံးသားလေး xxx

xxx အစွမ်းကုန် ခုန်လှုပ်

ပျော်ရွှင်သွားစေရမယ် … ရန် xxx။

✷



www.burmeseclassic.com

www.burmeseclassic.com



# ၆

သူ ရန့်ဆီကို အကြိမ်ကြိမ် တစ်ရက်က ဖုန်းဆက်

မယ့် ရန်ကတော့ သူ့ ဖုန်းကို ယောင်လို့တောင် ဖွင့်မကိုင်ချေ

သူ ဘာလုပ်ရမှန်းမသိ ကြံ ရာမရဖြစ်ကာ အဲဒီနေ့

မိုးချုပ်မှာပဲ အိမ်ပြန်သွားပြီး နံနက်မိုးမလင်းခင် ရန့်တို့အိမ်ရှေ့ဆီ

ပြန်လစ်ချလာခဲ့ပြီ။

ရန့်တို့အိမ်ရှေ့မှာ ... တစ်ညလုံးလုံး ဒုက္ခခံခဲ့သည့်

(အချစ်ငတ်သူရဲကောင်း)စတိုင်ခင်းလိုက်တော့သည်။

နံနက်မိုးလင်းလို့ ရန် ဝရန်တာမှာ ထွက်ရပ်လာ

မည်ဆိုပါက ဆိုသည့် အတွေးတစ်ချက်က တက်တက်စင်အော

လွဲချော်သွားရလေပြီ ဖြစ်သည်။





ဒီကနေ့မနက် မိုးလင်းလင်းချင်း ဝရံတာမှာ ရပ်လာ

သူကတော့ သူ့ကို မျက်မုန်းနေသည့် သူကလည်း မျက်မုန်းကျိုးနေ

သည့် (အနောက်မယ်တော်ကြီး)ပင် ဖြစ်သည်။

အနောက်မယ်တော်ကြီး ဆိုသည့်အတိုင်း ဇဂလက်

စကာခါးတင် အနက်ကြီးကို ပါတိတ်အညိုရောင် အပွင့်ကြီးတွေနှင့်

တွဲဝတ်ထားသည့် မယ်တော်ကြီးရဲ့ မျက်နှာကို မြင်လိုက်တာနှင့်

သူက အိမ်ကြီးကို မျှော်တော်ယောင်လုပ်နေရာမှ ချာခနဲ ကျောခိုင်း

ပြီး လမ်းသွားလမ်းလာ ဓာတ်ခင်းလိုက်လို့ စားသာသွားရသည်။

"ဟား ... မယ်တော်ကြီးသာ မိသွားရင် မလွယ်ကြောပဲ ...

ကြိုးစကို ထောင်းခနဲပြတ်သွားမှာ ..."

ပါးစပ်က ကြောက်အားလန့်အား ရေရွတ်ပြီး သူ

ဆင်သင့်ဌားရမ်းလာသည့် တက္ကစီပေါ် တက်ထိုင်ကာ လုံခြုံအောင်

ကားမှန်ချလိုက်တော့ ...

တက္ကစီ ဒရိုင်ဘာက သူ့ကို မချိုမချဉ်စိုက်ကြည့်

ကာ ...

"ညီလေး ... ဒီကို ဘာလာလုပ်တာလဲ ..."

"ကျွန်တော့် ကောင်မလေးကို လာချောင်းတာ ..."

"ကြာဦးမှာလား ..."

"ဟုတ်ကဲ့ ... ပြောလို့တော့မရသေးဘူး ... ကြာတဲ့ နာရီ

www.burmeseclassic.com



အတိုင်း အစ်ကိုယူလိုက်ပါ ... ”

သူက တက္ကစီဒရိုင်ဘာနဲ့ ပြောသာပြောနေရတယ် ချက်စိတ ကျိုးကန်းတောင်မှောင် ကလယ်ကလယ်နှင့် ရန်ကို အလွှတ်မပေးနိုင်ဘဲ ရန်တို့တိုက် သံပန်းတံခါး ဘယ်တော့ပွင့်လာမလဲဆိုတာကိုပဲ ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေလိုက်သည်။

နာရီဝက်ပဲ မျှော်လိုက်ရပြီးချိန်မှာတော့ သူ မျှော်လင့်စောင့်ဆိုင်းနေသူကလေးက Honda Civic ကားလေးဖြင့် သူတို့ကားအရှေ့ကနေ ဝူးခနဲ မောင်းထွက်သွားတာကို တွေ့လိုက်ရသည်။ သူက တက္ကစီဒရိုင်ဘာကို ချက်ချင်းကြီး ကားမောင်းထွက်ခိုင်းလိုက်တော့သည်။

“ဟား ... အစ်ကို ... အဲဒါ ... အဲဒါလေး ... သူ့ကားနောက်က အနီးဆုံးလိုက်ပေတော့ ... လုံးဝမလွှတ်စေနဲ့နော် ...”

“အင်း ... ကောင်မလေးက တော်တော်ချောတာပဲ ... ဒါကြောင့် ငါ့ညီကြွေပြီး အသည်းကွဲတာနေမယ် ... ”

“အသည်းမကွဲပါဘူး ... အသည်းစွဲတာပါဗျ ... ခင်ဗျားကလည်း အတိတ်ကောင်း နိမိတ်ကောင်းစကား မပြောတတ်လိုက်တာ ... ”

“ဆောရီး ညီလေး ... မင်းတို့ မင်္ဂလာရှိအောင် မင်္ဂလာဆောင်လိုက်ပါလား ... ”



“ဆောင်တော့မယ် ... ဟဲ ... ဟဲ ... မကြာခင်ပေါ့ ... အစ်ကို မောင်းဗျာ ... ကားချင်းငြိသွားအောင်တော့ မဟုတ်ဘူးနော် ... ဟား ... ဟား ... ဟား ... ”

တမင်ပင် ရန် ကြားသာအောင်ပြောပြီး တဟားဟားအော်ရယ်လိုက်သည့် သူ့အသံက သူ့ရင်ထဲကို ကွက်တိဝင်သွားတော့သည်။

သူ့ရယ်သံကျယ်ကျယ်ကြီးက တစ်ဖက်က ရန့် ကားလေးထဲ ပစ်ဝင်သွားကာ ရန်က ကားမောင်းနေရာမှ တစ်ဖက်က သူတို့ကားဆီသို့ တစ်ချက်ငဲ့အကြည့် သူက ဖတ်ခနဲ မျက်စိမှိတ်ပြလိုက်ပြီး လက်မကြီးထောင်ကာ ရင်ဘတ်ကြီးကို ပုတ်ပြီး ...

“ကိုယ်တို့ အရင်တစ်ပတ်က ထိုင်ခဲ့တဲ့ Feel ကိုပဲမောင်း ... အဲဒီအတိုင်းမမောင်းရင် လူကြီးတွေသိသွားအောင် မွှေပစ်လိုက်မှာ ... ”

လို့ ခြိမ်းခြောက်လိုက်ကော့ ဒေါသမျက်လုံးတွေနှင့် တုံ့ပြန်ခဲ့သည့် ချစ်ရသူလေးကို သူ့စကားမနားခံဘူးဟု ယုံကြည်ထားခဲ့တာ လွဲချော်သွားခဲ့ပါပြီ။

သူမလေးက လိမ္မာစွာဖြင့် Feel ဆိုင်ရှေ့မှာ ကားလေး ထိုးရပ်လိုက်သည်ဆိုရင်ပဲ သူ့ရင်တစ်ခုလုံး ပွင့်သွားသလို လန်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခေါင်းတဲ့ အစ်ကိုကို ကျသင့်ငွေပေးလိုက်ပြီး [illegible]ရာသို့ သွက်သွက်ကလေး လျှောက်သွားလိုက်[illegible]

"အဟား ... လိမ္မာတယ်ကွာ ... ရန်က ... "

"ဗယ်နော် ... ရှင် ... ရန့်ရှေ့ကဖယ် ... "

"ဟား ... အမောမပြေဘူးကွာ ... ညက တစ်ညလုံး ရန်တို့ အိမ်ရှေ့မှာ မျှော်တော်ယောင်လုပ်ခဲ့တဲ့ ကျေးဇူးကို ကျေးစွပ်တာပေါ့ ... "

အဟား ... လိမ်ပြောလိုက်ရသည့် လျှာကြီးက ဆားသွားပေမယ့် ချစ်သူလေး မျက်လုံးတွေ အရောင်ပြောင်းသွားတာက အမြတ်တစ်ခုဖြစ်သွားသည်။

"တာဝေ ... ယူ ... ဘာပြောမှာလဲ ... "

ရန့် အကြည့်တွေက စိမ်းလှပေမယ့် သိထားသည့်သူက ပြုံးမိရင်းပြုံးမိသွားရသည်။

"အဟား ... စိတ်တွေကျေးတယ်ပေါ့ ... မကြည်ဘူးပေါ့ ... အခေါ်ကြီး ဖုန်းမှားပြီး နောက်သွားတဲ့ကိစ္စကို ကိုယ်အနူးညွတ်တောင်းပန်ချင်လို့ ... လာကွာ ... လူတွေကြည့်ကုန်ကြပြီ ... ဆိုင်ထဲဝင်ရအောင် ... "





"ကောင်းပြီလေ ... လူတွေရှေ့မှာခို့လို့ ဒီကလည်း စိတ်လျှော့ထားတာ ... ဒီပြင်နေရာဆို ယူ့ မချောင်ဘူး ... "

"အဲဒီလို မချောင်မလည်ဘာတော့ ခံယူချင်တာ ... ကိုယ့်အပြစ်ကိုယ် ခံယူပါ့မယ် ... ရန် စေ့ဆော်နှစ်တဲ့အထိ ကိုယ့်ကို အပြစ်ပေးပါ ... တောင်းပန်ပါတယ်နော် ... ကိုယ် မင်းကို နှင်းဆီပန်းပေးပြီး တောင်းပန်ပါတယ် ... "

"ကောင်းပြီလေ ... သတ္တိရှိရင် ရှင်ဆိုင်ကြည့်ပေါ့ ... "

ပြောပြောဆိုဆို ရန်က သူ့လက်ထဲက နှင်းဆီပန်းစည်းကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး ဆိုင်ထဲကို သုတ်ခနဲ ဝင်သွားကာ အဝင်ဝက စားပွဲမှာပဲ ဆောင့်ခနဲ ထိုင်ချလိုက်သဖြင့် သူကလည်း ဘာစကားမှ မပြောရဲဘဲ ရန် အရှေ့မှာပဲ ခပ်ကုပ်ကုပ်ကလေး ဝင်ထိုင်လိုက်ရသည်။

အဲဒီနောက် ရန့် လက်ထဲက နှင်းဆီလေးကို ဖျတ်ခနဲ လှမ်းကိုင်ရင်းက ရန့် လက်ကလေးကို အသာချင်းထိလိုက်တာ...

"အဟဲ ... ဟဲ ... နှင်းဆီက ရိုးနှင်းဆီ အကြီးကြီးတွေလေ မွှေးကြည့်ပါလား ... ရန်ရဲ့ ... ရန် ... မျက်နှာကြီးစူမနေပါနဲ့ကွာ ... မျက်နှာကြီးက ကိုးခေါက်ကျိုးကြီး ... မလှဘူး



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ဘူး မမိဘူး … အဟမ် … ငံ့ … ဟိုလေ … ဟို … ခွဲကိုယ့်ဆီဖုန်းဆက် လိုက်တော့လေ … အဲဒါ ကိုယ် ရေချိုးခန်းသင်နေလို့ မသိလိုက် တာ … ဟိုလေ ဘယ်လိုမှ မထင်ပါနဲ့နော် … ကိုယ် … အဲဒီလို တကယ်မရည်ရွယ်ခဲ့ပါဘူး … မထင်မှတ်ဘဲ”

ရန် ကျေနပ်တဲ့အထိ လေချိုသွေးနေတုန်းမှာပဲ သူဆေးလိုက်သည့် နှင်းဆီပန်းစည်းကို ဘယ်လက်ကနေ ညာလက်ကိုပြောင်းကိုင်ပြီး သူ့ကိုယ်လုံးကြီးကို ရွှန်းခနဲ ရိုက်ချလိုက်သည့် ရိုက်ချက်တွေက သူ့ကို မျက်လုံးတွေ ပြာဝေမူးမိုက်သွားသည်အထိ ထိတ်လန့်သွားရသည်။

ဟား … ရိုက်ချက်က ပြင်းပ့ါ။

ကမ္ဘာ့အပြင်ဘက်ကို ဖောက်ထိုးကျသွားသလား အောက်မေ့သွားရအောင် သူ့တစ်ကိုယ်လုံး ဝေဟင်ထဲ ပျံ့ဝဲသွားသလို မူးဓွေသွားတော့သည်။

“ဟား … ရန် … တော်ပါတော့ … ကိုယ်မခံနိုင်တော့ဘူး ကိုယ့်ကို ဒီလောက်တုံ့ပြန်ရရင် ကျေနပ်ပါတော့ကွာ … နော် … နော် … နော် … ရန် … ”

“နှာဘူးသံနဲ့ အိုင့်ကို မပြောနဲ့ … ယူ့ကို တို့သိပ်မုန်းတယ်





ယူဟာ တို့ကို အမျိုးမျိုး အရှက်ကွဲအောင် လိုက်နှောင့်ယှက်တဲ့ ယောက်ျားပဲ … ယူ့ကို မကြည့်ချင်ဘူး … ယူ တို့ရှေ့က ထွက်သွား … ”

ရန်ကတော့ ရက်ရက်စက်စက်တို့ သူ့ကျောပြင်ကြီးကို လိုမှုပိန့်ရိုက်ချနေပြီ ဖြစ်သည်။

“အား … နာတယ်ကွ … အရမ်းနာတယ် … ငါ့ကျောတစ်ပြင်လုံး ဘာဖြစ်သွားပြီလဲ မသိဘူး … နာလိုက်တာ … နာလိုက် တာ … ”

သူ့ အသည်းကွဲမတတ် ညည်းလိုက်တော့မှ ရန့် မျက်လုံးတွေက အရောင်ပြောင်းသွားသလို ရိုက်ချက်တွေကလည်း တိရပ်တန့်သွားတော့သည်။

အဲဒီတော့မှ သူက စားပွဲပေါ် မျက်နှာကြီး အပ်ချလိုက်ပြီး အသက်ဝဝရှူနိုင်တော့သည်။

“ဟင် … ဘုရားရေ … တာဝေ … ယူ့အင်္ကျီမှာ သွေးတွေ သွေးတွေ … ”

ရန်က အလန့်တကြားအော်ပြီး အင်္ကျီအဖြူဝတ်ထားသည့် သူ့ကျောပြင်ကြီးကို စီးမိုးငုံ့ကြည့်လိုက်တော့ …

သူက ပိုပြီး သည်းသည်းဆတ် နာပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... သေပါပြီဗျ ... ဘယ်မှာလဲ ... သွေးတွေ ... ကိုယ့်ကျောပြင်တစ်ပြင်လုံး မွမွကြေနေသလိုပဲ ... နာလို ... တာကွာ ... ရန် ... မင်း ရက်စက်တယ်ကွာ ... မင်း ကို ... အပေါ် တကယ်ရက်စက်နိုင်တယ် ... "

ငိုရှိုက်သံကြီးနှင့်ပင်ကာ ပြောလာသည့် တာဝေ ... ကြည့်ပြီး ရန့် ရင်ထဲမှာ ပြောမပြနိုင်လောက်အောင် ဝမ်းနည်းသွ ... ရကာ မျက်နှာလေးကို လက်ဝါးကလေးနဲ့အုပ်ပြီး အင့်ခနဲ ငိုချလိုက် ... ပါတော့သည်။

"ဟာ ... ရန် ... မငိုနဲ့လေ ... လူတွေကြည့်ကုန်ကြပြီ ... ရန် ... မငိုရဘူး ... ကိုယ် ဘာမှမဖြစ်တော့ဘူး ... ကို ... နာလည်းမနာတော့ဘူး ... မငိုတော့နဲ့ ... မငိုပါတော့နဲ့ ... ကိုယ်ကျေနပ်တယ် ... ဘာမှမဖြစ်ဘူး ... ဒီမှာကြည့် ... ဟီး ... ဟီး ... ဟီး ... "

"ဟင် ... ဘာဖြစ်တာလဲ ... ရယ်သံကြီးက နက်လိုက်တ ... "

"ဟော် ... ချစ်လေး လန့်သွားအောင်လို့ပါ ... "

"ဟင် ... ဘာချစ်လေးလဲ ... စောစောက သေတော့ ... မျက်နှာနဲ့ နာနေလိုက်တာ ... အခု မနာတော့ဘူးပေါ့ ... "

"ဒါပေါ့ ... အချစ်ဆေးမိသွားလို့ ... "



သူ့လက်ကြီး လေထဲဝဲခနဲ ပျံသွားကာ သူမ ပခုံးသိ လှမ်းပွေ့မလို ဟန်ပြင်လိုက်တော့ သူမက မျက်လုံးလေးပြူးပြီး ခြေတစ်ချက် ဆောင့်ပစ်လိုက်သည်။

"ယူ ... ဘယ်လိုဖြစ်နေတာလဲ ... "

"ဟဲ ... ဟဲ ... အချစ်ဆေး ... ရန့် ဆေးမိသွားတာပါဆို တာဝေမင်းမြတ်တို့များ ဘုန်းကံကြီးလား မကြီးလား ... မိန်းကလေးကို အဖြေ ... အဖြေလို့တောင် မတောင်းရသေးဘူး ... ပေးမယ့်သူက အဆင်သင့် Ready နိုပ်သကွ ... "

"ယူ ... "

"မယူသေးပါဘူး ... တင်တောင်းစရာ ငွေမရှိသေးလို့ ... "

"ရန့် ... ထ,ပြန်ပစ်လိုက်မှာနော် ... "

"အဟား ... သိပ်ချစ်တယ်ကွာ ... အဲဒီ အပြောအဆိုအမူ အရာလေးတွေကို ဒီကောင် တာဝေမင်းမြတ်က Heart ထိခဲ့တာ ... ရန် ကိုယ့်အချစ်တွေ ဘယ်လောက်အထိ နက်ရှိုင်းတယ် ... မနက်ရှိုင်းဘူးဆိုတာ ယုံပြီမဟုတ်လား ... "

"မယုံပါဘူး ... "

"တကယ်မယုံဘူးပေါ့ ... "

"ဟာ ... ယူနော် ... လူတွေနဲ့ ... "

"တစ်ခါတည်းပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ — ရောဘူး ..."

ရန် ခေါင်းကလေးငုံ့ချပြင်းဆိုလိုက်ပေမယ့် သူ့ရဲ့ နှုတ်ခမ်းပြဲပြဲကြီးက ရန့်ရဲ့ နှုတ်ခမ်းကလေးဆီ ပွေ့အပ်ရောက်ရှိသွားခဲ့သည်။

အဲဒီအချိန် ခဏအတွင်းမှာ ရန့် တစ်ကိုယ်လုံး ရှိန်းခနဲ့တုန်လှုပ်သွားသလို ခံစားလိုက်ရကာ မျက်ဝန်းအစုံကို ယောင်ယမ်းဖိမှိတ်ပစ်လိုက်မိသည်လား မသိ။

*





# ၇

တာဝေနှင့်ရန် ချစ်သူတွေ ဖြစ်သွားကြသည့် နောက်ပိုင်းမှာ တစ်ယောက်ကိုတစ်ယောက် တစ်နေ့မတွေ့ရ မနေနိုင်အောင် စွဲစွဲလမ်းလမ်းဖြစ်ခဲ့သည်။

ဘယ်လောက်အထိ သည်းသည်းလှုပ်ကြသလဲဆိုရင် ချစ်သူတွေ အတူလျှောက်လည်ကြသည့်အချိန်မှာ အင်္ကျီကလေးကို ဆင်တူဝတ်ခဲ့ကြသည်အထိ ရူးသွပ်ခဲ့လေသည်။ အဲဒီလို ရူးသွပ်မှုထဲမှာ တာဝေ ရူးသွပ်မှုက ပိုပြီးပြင်းသလားမသိ။ (ချစ်သူဖြစ်စရန့်ကို)။

"ကိုယ်တော့ ... ရန့်ကို အမြန်ဆုံး လက်ထပ်ချင်ပြီကွာ"

ဆိုပြီး ရန့် ဆံပင်အိအိကလေးတွေကို ဖွဖွစပ်ဖျား



www.burmeseclassic.com

www.burmeseclassic.com



ဒေးနှင့် ပြီး မှာခဲ့သည့် သူ့အသံက ရန့် ရင်ထဲမှာ အမြဲရှင်သန်နေခဲ့ပြီ၊ ဖျော့ ကွယ်ရာမှာ ရန့်ကို တိတ်တဆိတ် အငဲ့ခတ်နေသည့် အဘိုးနှင့် ခတ်တို တစ်ချက် သတိလစ်သွားရသည််။

"အင်း … ငါ့သမီးကို ကြည့်နေတာ … အခုတလော လမ်းအတော်များနေပါလား … ဘာတွေလုပ်နေတာလဲ … "

တက်ကြွသည့် ခြေလှမ်းတွေနှင့် ညှော့ခန်းထဲ လှမ်းဝင်ချင်း ဒက်ဒီစကားကြီးက ရန့်ကို အိုး မလုံ အုံမပွင့်မိအောင် နည်းသတိထားလိုက်သည်။

အခုတင်ပဲ တာဝေနှင့် ဒခဖြူစပို့ရှပ်ကိုယ်ကျပ်ကလေး ဝတ်ကြမယ်ဆိုပြီး ပြောဖြစ်ခဲ့သည့် ကိုယ့် ဝတ်စုံလေးကို မလုံ့ခဲ့ တစ်ချက်ငုံ့ကြည့်ကာ ရှက်သလိုရှိ့သလိုလေး ဟဲခနဲ ရယ်လိုက်မိသည်။

"ရန် … အိမ်မှာ အသားလွှတ်နေရတာ ပျင်းတာနဲ့ French သင်တန်းတက်ဖို့ သူငယ်ချင်းတွေနဲ့ တိုင်ပင်နေတာ … "

"အေး … ကောင်းသားပဲ … သင်တန်းက ဘယ်သွားတက်ရမှာလဲ … "

"မသိဘူး … ဒက်ဒီ … အခုမှ စုံစမ်းတုန်း … "

ရန်နှင့်ဒက်ဒီ စကားပြောနေတာကို တစ်ခွန်းမှ ဝင်မပါဘဲ မျက်ခုံးတပင့်ပင့်နှင့် အကဲခတ်နေသည့် မာမီကို ရန်ကလည်း





မျက်လုံးကလေးဒေါင့်ကပ်ပြီး ခိုးကြည့်ရင်းက ရင်မောသွားရသည်။

အင်း … မာမီ တစ်ခုခုတော့ ထူးခြားနေပြီဆိုတာကို ရိပ်မိခဲ့ပေမယ့် ရန့် အာရုံထဲမှာ ဆယ်နာရီအတိ ချိန်းထားသည့် သူ့အသံတွေပဲ ဘွားခနဲ ပေါ်လာခဲ့ကာ ဒက်ဒီနှင့် မာမီကို အပြုံးမျက်နှာနုနုလေးနှင့် နှုတ်ဆက်လိုက်ပါတော့သည်။

"ဒက်ဒီနဲ့မာမီ … ရန် … အပြင်သွားလိုက်ဦးမယ်နော် … စတိုင်တို့နဲ့ တက်မယ့်သင်တန်းကိစ္စကို ဒီနေ့သွားပြီး ကိုယ်တိုင်စုံစမ်းရမှာမို့ သွားတော့မယ်နော် … ဒက်ဒီ … တာ့တာ မာမီ … တာ့တာ … မာမီ … တာတာ့ … "

"အေး … အေး … သမီး ကားကို ဖြည်းဖြည်းမောင်းနော်"

"ဘုတ်"

ဂျင်းဘောင်းဘီရှည်ကလေးနှင့် စပို့ရှပ်အဖြူအကျပ်ကလေးဝတ်ပြီး ပလက်တီနမ်ဖိုက်ဘာ နားဆွဲရှည်တွေကို တစ်နေ့တစ်မျိုး မရိုးအောင် စတိုင်ကျကျဝတ်တတ်ကြသည့် ကြွေရုပ်ကလေးလို လှပလွန်းသည့် သမီးချောရဲ့ နောက်ကျောပြင်ကြီးကို ငေးကြည့်ရင်း ကျန်ခဲ့ကြသူများကတော့ ရန် မိခင်နှင့်ဖခင် နှစ်ယောက်ပင်ဖြစ်သည်။

သူတို့နှစ်ယောက်မှာ သမီးလေး ကားနဲ့ထွက်သွားမှ တစ်ယောက်မျက်နှာကိုတစ်ယောက် ပြိုင်တူလိုလို မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ … ကို … ရှင့်သမီး ထူးခြားချက်ကို ရှင် စူးစမ်းနေတာမဟုတ်လား … "

"အေးကွ … ငါလည်း … သမီးတို့ သိပ်မကျော်ချင်တော့ဘူး သမီးဟာ နဂိုတုန်းက ဒီလိုမဟုတ်ပါဘူး … တို့နဲ့စကားဝိုင်းဖွဲ့ပြောပြီး သူ့သူငယ်ချင်းတွေအကြောင်း တစ်ယောက်တစ်မျိုး မရိုးအောင် ပြောနေတာ … အခုတော့ ပါးစပ်ကြီးစေ့သွားပြီ … ထူးခြားတာတော့ အမှန်ပဲ … မင်းက အမေနော် သမီးကို ပေါ့ပေါ့လျော့လျော့တော့ လွှတ်မထားလေနဲ့ … "

"အင်းပါ … ဒီတစ်ခါ အလစ်မပေးတော့ဘူး … စောင့်ဖမ်းရတာပေါ့ … ကျွန်မလည်း ငယ်ရာကကြီးလာတာပဲ … သမီး လည်တာလောက်ကတော့ မေ့အိပ်နေသလောက်ရှိတယ် … ရှင်ကလည်း အဖေနော် … သမီးကို အပြင်မှာ ဘယ်ခြေလှမ်းလှမ်းပြီး ဘယ်သူနဲ့ အပေါင်းအသင်းလုပ်တယ်ဆိုတာကို မျက်စိဖြန့်ကြည့်ထား … "

"အေးပါကွ … ဒါပေမဲ့ မင်းက အမေဆိုတော့ ပိုပြီး အဓိကကျတယ် … "

"ဟုတ်ကဲ့ပါရှင် … ဟုတ်ကဲ့ပါ … ကျွန်မ အမေက အဓိကပါရှင် … "





နှစ်ယောက်သား သမီးကွယ်ရာမှာ သမီးအကြောင်း ပြောကာ မျက်စောင်းပြိုင်တူထိုးလိုက်ရင်းက သက်မမော ကိုယ်စီ ချလိုက်ကြပါတော့သည်။

✱



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ည ဆယ်နာရီတိတိမှာ သူ ဖုန်းဆက်မယ်လို့ ချိန်းထားတာမို့ ရန် တီဗီတောင် ဖြောင့်အောင်မကြည့်နိုင်တော့ပါ။

ခေါင်းတလည်လည်နှင့် မျက်လုံးက ဂနာမငြိမ်ဖြစ်ကာ ရင်တထိတ်ထိတ် စိတ်လှုပ်ရှားနေပြီ ဖြစ်သည်။

"ဘာဖြစ်နေတာလဲ … ရန် … တီဗီကြည့်တာ ကောင်းကောင်းမကြည့်ဘူး … တောင်ကြည့်မြောက်ကြည့်နဲ့ မျက်လုံးက ဆန်ကောပိုင်းထိုးနေတာပဲ … "

ခေါင်းတလည်လည်ဖြစ်နေသည့် ရန်ကို မာမီတ မျက်မှောင်ကြီးကုတ်ပြီး အသံမာမာကြီးနှင့် မေးလာတော့ ရန် ကိုယ့်ကိုယ်ကိုယ် သတိထားထိန်းချုပ်လိုက်ရသည်။

"အဟင်း … အိပ်ချင်လို့ပါ မာမီရဲ့ … "





"ဟဲ့ … ဒါအိပ်ချိန်လား … အခုမှ ဆယ်နာရီတောင် မထိုးသေးဘူး … "

"ဒါပေမဲ့ မာမီရယ် … ထမင်းစားများသွားတော့ အရမ်းအိပ်ချင်နေပြီ … အပဲတ်ဟန်ဆောင်လို့ကိုမရတော့တာ … သွားအိပ်တော့မယ်နော် … မာမီ … ဒက်ဒီ သွားအိပ်တော့မယ်နော် … "

"ကားလေးက ကောင်းနေတာပဲ သမီးရယ် … ကြည့်လိုက်ပါဦးလား … "

"ဟင့်အင်း … မကြည့်တော့ဘူး ဒက်ဒီ … "

ရန် ဟန်မဆောင်နိုင်လောက်အောင်ပင် ဒက်ဒီကို ခါးခါးသီးသီးငြင်းကာ ထထွက်လာခဲ့သည်။

အင်း …

ဆယ်နာရီထိုးဖို့က မိနစ်ပိုင်းလောက်ကလေးပဲ လိုတော့သည်မို့ အခန်းထဲကို မပြေးရုံတမယ် ခြေလှမ်းတွေနှင့် လှမ်းဝင်ခဲ့ပြီး ဖုန်းထားတဲ့ ခုတင်ကြီးမှာ စိတ်မောလူမောကြီး တုံးလုံးကြီးပစ်လှဲချလိုက်တော့သည်။

"အင်း … ဒုက္ခ … ဒုက္ခ … ရည်းစားခိုးထားရတာ ဒီပြားခိုးစားတာလောက် မလွတ်လပ်ပါလား … "

ရန် တစ်ယောက်တည်း တိုးတိုးလေး ရေရွတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မာမီတို့ကို ဓာတ်ဆင်ခဲ့ရတာကြီးကို စိတ်မသက်သာဖြစ်နေချိန်မှာပဲ တာဝေ ဖုန်းကလေးက မြည်လာခဲ့လေသည်။

"တူ ... တူ ... တူ ..."

ဆိုတာနဲ့ ရန်က ဖုန်းကလေးကို ဖျတ်ခနဲ ကောက်ကိုင်ပြီး ချက်ချင်းဖွင့်နားထောင်ကာ ရင်တုန်ပန်းတုန် အသံကလေးဖြင့် ...

"တာဝေ ..."

"အစစ်ပေါ့ ... အတု တာဝေ မဟုတ်ဘူးနော် ... ဟား ... ဟား ..."

"တာဝေ ... ရှင် ... ဒီအကြောင်းတွေကိုပဲ ဘာလို့ တူးဖော်ချင်နေရတာလဲ ... ရန် ဖုန်းမပြောဘဲ နေလိုက်မှာနော် ..."

"ဟား ... ဟ မလုပ်လိုက်ပါနဲ့ ကလေးမရယ် ... ဒီလိုဆိုမချစ်တော့ဘူးကွယ် ... အလကားပြောတာ ... ဖုန်းဆက်ရင်းနဲ့ သတိရသွားလို့ ... ဟား ... ဟား ... ဟား ..."

"ရယ် ... ရယ် ... ရယ်ရင်းနဲ့ သေသွားဦးမယ် ... ဒီမှာ ... ရန် စွန့်စားပြီး ထွက်လာခဲ့ရတာတော့ မသိဘူး ... စွတ်ပျော်နေ ... ဒီမှာ ... ရန်တို့ မိသားစုတွေ ကိုးရိုးယားတား ကြည့်နေတာ ... အဲဒါ ... ရန်က ဆယ်နာရီကို တာဝေနဲ့ ဖုန်းပြောရမှာဆိုတော့ မာမီတို့ ဒက်ဒီတို့ကို ထမင်းစားများသွားလို့





အိပ်ချင်လို့ဆိုပြီး ပက်ထွက်လာတာ ... အဟား ... ရယ်ရဘူးလား တာဝေ ..."

"မရယ်ရပါဘူး (ကျစ်) ... မင်းက ကိုယ်နဲ့ ဖုန်းစကားပြောရမှာကို မင်းမိဘတွေကို ပက်တာတယ် ဟုတ်လား ..."

ရန် စကားပြောမှားသွားပြီဆိုတာကို သိလိုက်ရသည်နှင့် ရန် နှုတ်ခမ်းကလေးကို ဖိကိုက်ကာ သူ့အသံလေးကိုပဲ နားစွင့်ထားလိုက်သည်။

အဲဒီအချိန်မှာပဲ သူ့အသံက ရှူးရှူးရှားရှားနှင့် ဒေါသသိုင်းထသွားရလေသည်။

"ကိုယ်နဲ့ စကားပြောဖို့ ... ရန်က လိမ်လုံးပက်လုံး ရိုက်နေခဲ့ရတာ ... ဟုတ်လား ... ကိုယ်က ဒီလောက်တောင် အဆင့်အတန်းမရှိတဲ့ အောက်တန်းကျတဲ့ကောင် ဖြစ်ခဲ့ရပြီလား ပြောစမ်းပါဦး ..."

"မဟုတ်ဘူး ... ရန် ... ရှင့်ကို အဲဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး"

"ဘာ မဟုတ်ရမှာလဲ ... မင်း ပါးစပ်က ဘာထွက်လိုက်တယ်ဆိုတာ ငါအားလုံးသိတယ် ... မင်းနဲ့ ပတ်သက်တော့မှပဲ ငါဆိုတဲ့ကောင်က ငါ့ကိုယ်ငါ အရောင်မှိန်မှန်း သိရတော့တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"တာဝေ … ရှင် မဟုတ်တောတွေ လျှောက်ပြီး မပြောပါနဲ့

ရန်ဆိုလိုတာက … ဒီသဘော …"

"ဒုန်း … ဒုန်း … သမီး … ရန် … တံခါးဖွင့်စမ်း …"

"ရှင် …"

အပြင်ကနေ တဒုန်းဒုန်းခေါက်နေသည့် မာမီခေါ်သံ

က ရန့် လက်ထဲက ဖုန်းကလေးကို မေ့ရာပေါ် ဘုတ်ခနဲ ပြုတ်ကျ

သွားသည်အထိ သည်းထိတ်ရင်ဖိုဖြစ်သွားခဲ့သည်။

"ရန် … တံခါးဖွင့်စမ်း … ဘာလို့ လော့ခ်ချထားတာလဲ"

"ဟိုဒင်း … ဟို … အဲ … ရန် …"

ရန် မာမီကို ဘာမှမပြောဘဲ ကျသွားသည့် ဖုန်းက

လေးကို ကပျာကယာကောက်ကိုင်လိုက်ပြီး တာဝေကို လေသံ

လေးဖြင့် တောင်းပန်လိုက်ရသည်။

"တာဝေ … ခဏ … ခဏလေးနော် … ဒီမှာ မာမီခေါ်နေ

လို့ …"

တာဝေကို တောင်းပန်ပြီး ဖုန်းလေးကို ခေါင်းဦး

အောက်ထဲ ကပျာကယာထိုးလိုက်ကာ အိပ်ရာပေါ်မှ ဆတ်ခ

ထထိုင်ပစ်လိုက်ပြီး မာမီကို အသံကြည်ကြည်လေးဖြင့် ပြန်အသံ

လိုက်ရတော့သည်။

"လာပါပြီ … မာမီရဲ့ …"





အဲဒီနောက် တံခါးဝကို ပြေးသွားလိုက်ပြီး တံခါးဖွင့်

လိုက်တော့ မာမီရဲ့ စူးစမ်းအကဲခတ်သည့် မျက်လုံးတွေက ရန့်ကို

မှုးမေ့သွားစေရသည်။

"ညည်းက … အခန်းတံခါး လော့ခ်ချပြီး အခန်းထဲမှာ ဘာ

လုပ်နေတာလဲ …"

"ဘာမှမလုပ်ပါဘူး … အဲ … ဟို … ဘုရားရှိခိုးပြီး ပုတီး

တော့စိပ်နေပါတယ် မာမီ …"

"ရှိခိုးနေတာ ဟုတ်ရဲ့လား … ငါ့ကို မလိမ်နဲ့နော် … ငါ

ကြားတာ … ဖုန်းစကားပြောနေသလိုမျိုး … ညည်း ဘယ်

သူနဲ့ ဖုန်းပြောတာလဲ …"

"ဖုန်းပြောတာမဟုတ်ပါဘူး … မာမီ … ဂါထာ … ဂါထာ

တွေ ရွတ်နေတာပါ … ရန်က … ညကြီး အချိန်မတော်

ဘယ်သူ့ကို ဖုန်းပြောရမှာလဲ …"

"မာမီကြားတာတော့ ဖုန်းပြောနေသလိုပဲ …"

"မဟုတ်ပါဘူး မာမီရယ် … ရန် လိမ်ပါ့မလား …"

"အေး … အေး … ဒါဆိုလည်း ပြီးတာပဲ …"

မယုံသလို မျက်နှာကြီးနှင့် ရန့်ကို မျက်စောင်းခဲကာ

ချာခနဲ လှည့်ထွက်သွားသည့် မာမီကို ကြည့်ရင်း ရင်မောစွာဖြင့်

တံခါးကြီးကို ပြန်ပိတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ခေါင်းအုံးအောက် ဖုန်းကလေးကို … ကောက်ကိုင်ပြီး တာဝေကို အသံပြုလိုက်ရသည်။

"တာဝေ …"

"အင်း … ပြော …"

"ဟို … စိတ်မဆိုးပါနဲ့နော် … မနက်မှဘဲ ထပ်ပြောကြတာပေါ့ …"

ရန့် စကားတောင် မဆုံးလိုက်ရချေ။

တာဝေ ဖုန်းကဖျတ်ခနဲ ပိတ်သွားပြီမို့ ရန်လည်း စိတ်တွေ ဝေဝါးစွာဖြင့်ပင် မျက်စိမှိတ်ချကာ ခုတင်ကြီးပေါ် တုံးလုံးလှဲချလိုက်မိပါတော့သည်။

ဟင် … မနက်ဖြန်မှာတော့ သူနဲ့ ဘယ်လိုရင်ဆိုင်ရဦးမည်မသိ။

ရန့် အခုကတည်းက ရင်ခုန်ထိတ်လန့်နေခဲ့ရပြီ ဖြစ်သည်။

*





၈

"ရန် … မင်း ကိုယ့်နှလုံးသားကို ဒီလိုစော်ကားပုတ်ခတ်လိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ မထင်ခဲ့ဘူး …"

"ရှင် … အဲဒီလို … ရန့်ကို မစွပ်စွဲနဲ့ …"

ဒေါသဖြင့် ကိုယ်ကျပ်လက်ရှည်စပို့ရှပ်အစင်းကြားတ်ထားသည့် သူ့ရင်အုံကျပ်က နိမ့်ချီမြင့်ချီဖြစ်နေသည်မှာ ရန်ကြည့်ရဲလောက်အောင် ရင်ခုန်ထိတ်လန့်သွားရပါသည်။

သူ့ကို အံ့သြရင်ခုန်သွားသည့် မျက်လုံးတွေနှင့်ခန်းကတမ်း မော့ကြည့်လိုက်တော့ သူက ရန့်ကို မျက်စောင်းကုတ်ကြည့်ရင်းက …

"မင်းလုပ်ရပ်ကြောင့် ဘယ်လောက်ခံစားရတယ်ဆိုတာ … ငါကိုယ်ငါအသိဆုံး … ငါ ရင်အနာဆုံးက ငါသိပ်ချစ်တဲ့ မိန်း

www.burmeseclassic.com



ခတစ်ယောက်က ငါ့ကို အသိအမှတ်မပြုတာ အခံရအခက်ဆုံးပဲ ...”

“မဟုတ်ဘူး ... မဟုတ်ဘူး ... ရှင်မှားနေပြီ ... တာဝေ”

ရန် သူ့ကို ဘယ်လိုမှ ဖြေရှင်းလို့မရတော့သည့်အဆုံး မျက်ရည်များ စီးကျလာသည်။

“အဲဒါဆို ... မင်း ... ကိုယ့်ကို မင်းမိဘတွေရှေ့မှာ ရဲရဲဝံ့ဝံ့ မဆက်ဆံရဲတာလဲ ... မင်းဘက်က ရိုးသားရင် ကိုယ့်ကို မင်းမိဘတွေရှေ့မှာ ရဲရဲဝံ့ဝံ့ဆက်ဆံရဲရမှာပေါ့ ... အခုတော့ မင်းက ကိုယ့်ကိုမှ အားမနာလျှာမကျိုး ခိုးကြောင်ခိုးဝှက် လုပ်ပြီး ချစ်သူလုပ်နေတာ ... ကိုယ်ဘာဖြစ်သွားပြီလဲ ... မင်းလုပ်ရပ်က ကိုယ့်ကို စော်ကားတာ ...”

“ရှင် ... မှားနေပြီ ... ရန့်စိတ်ခတ် ဒီလောက်အောက်တန်း မကျပါဘူး တာဝေ ... ရန် သိပ်ချစ်လို့ ရွေးချယ်ထားတဲ့ ချစ်သူကိုလည်း ရန် စော်ကားခဲ့တာ ဘာတစ်ခုမှ မပါခဲ့ဘူး အချိန်မတိုင်ခင် ရန်တို့ ချစ်သူဖြစ်နေတာကို မာမီတို့ သိသွားမှာ စိုးရိမ်စိတ်တစ်စိတ်ထဲပါ ...”

“စိုးရိမ်တဲ့ ... အဲဒီစကားလုံးက ကိုယ့်ကို ဘယ်လောက် စော်ကားလိုက်ပြီလဲ ...”

“ရှင် ... ရန့်ကို မကျေနပ်ဘူးလား ... မကျေနပ်ဘူးဆိုရင်





ရန် အခုချက်ချင်း မာမီတို့ကို ဖွင့်ပြောပါ့မယ် ... လက်မထပ်ခင် ဘာကြိုတင်ပြင်ဆင်မှုမရှိသေးလို့ ဖွင့်မပြောသေးတာ ရှင် နားလည်ပါ တာဝေ ...”

တာဝေဆီမှ ဘာစကားသံမှ မကြားရတော့သလို ရန့်လည်း သူ့ကို ဘာစကားမှ မပြောဖြစ်တော့ဘဲ တွေဝေငေးမောသွားရသည်။

အခုလို ချစ်သူသက်တမ်းနုနုကလေးမှာ ပြဿနာ အရှုပ်အထွေးတွေ ဖြစ်နေခဲ့ရတာက ရန့်ကို ပိုပြီးနာကျင်စေခဲ့ရသလို...

သူ ရန့်ကို နားလည်မပေးနိုင်ပါလားဆိုသည့် ခံစားချက်တနင့်တပိုးရင်က အိမ်ပြန်ရောက်တဲ့အထိ ထိုင်းမှိုင်းကာ အိမ်ထဲ လှမ်းဝင်သည့် ခြေလှမ်းတွေတောင် တုံ့နှေးသွားရသည်။

အဲဒီအချိန်မှာပဲ ...

“ရန့် ... ခဏလာဦး ...”

ဆိုပြီး အသံမာမာကြီးနှင့် မျက်နှာတည်မျက်နှာ အားကြီးနဲ့ လှမ်းခေါ်လိုက်သည့် မာမီကို ရန် ခဏကြောင်ငေးစွာ စိုက်ကြည့်ပြီးမှ ရင်မောနေသည့် မျက်နှာလေးကို ကြည်ကြည်လင်လင် ပြုံးလျက် မာမီရှေ့က ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်ပါသည်။

“ဪ ... ဘယ်ကပြန်လာတာလဲ ... ရန် ...”



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းက ပြန်လာတာပါ မာမီ ..."

"သင်တန်းကလည်း မနက်ပိုင်းတင် တက်ရတာလား ... ညည်းပြန်လာတဲ့ သင်တန်းချိန်တွေက မမှန်ပါဘူး ..."

"ဟုတ်ကဲ့ ... ရန် ... ဒီနေ့ အချိန်တစ်ချိန် စောဆင်းလာတာ ... ခေါင်းကိုက်လို့ ..."

"သြော် ... အေး ... အေး ... ခေါင်းကိုက်ရင်လည်း ဆေးသောက်ပြီး အိပ်ရာထဲမှာ နားနေလိုက် ... သမီး ..."

"ဟုတ်ကဲ့ ..."

မာမီ ခွင့်ပြုလိုက်တာနှင့် ရန်ကလည်း မာမီအရှေ့က နေ ခြေကုန်သုတ်လိုက်တော့သည်။

အဲဒီအချိန်မှာပဲ ညှော်ခန်းစားပွဲမှ ဖုန်းသံနှင့်အတူ မာမီ အသံကို ရင်ခုန်မောပန်းစွာ ကြားလိုက်ရပါတော့သည်။

"ဟယ်လို ... ဟယ်လို ... တာဝေ ... သြော် ... အေး ... မှတ်မိပြီ ... ရန်လား ... မရှိဘူးကွယ့် ... အခုတင် အပြင် ထွက်သွားတယ် ... ဘယ်လို ... အခုပဲ မင်းဆီက ပြန်လာတာ ... ဟုတ်လား ... အေး ... မရှိဘူး ... သူပြန်လာရင် ပြောလိုက်မယ် ..."

ဖုန်းကို ခွပ်ခနဲ ပစ်ချပြီး ရန့်ဘက်ကို ဒေါသတကြီး လှည့်ကြည့်လာသည့် မာမီကို ရန် အံ့သြငေးကြောင်စွာ စိုက်ကြည့်





နေမိသည်မှအပ ဘာစကားမှ ပြောနိုင်ခွင့်မရှိတော့ချေ။

"မိရန်ရန် ... လာခဲ့စမ်း ... ညည်းက ငါ့ကို မသိမှုတစ်ပတ် ရိုက်တယ်ပေါ့လေ ... မယ်လေး ... လေး ... မိုက်လုံးကြီး လိုက်တဲ့ မိန်းကလေး ... မိဘကို လက်တစ်လုံးခြားလိမ်ပြီး ဟိုအကောင်နဲ့ ရည်းစားဖြစ်နေတာ ... ဟင်း ... ဒင်းလောက် မိုက်တဲ့ သမီးမျိုး ဒီလောကမှာ တစ်ယောက်မှမရှိတော့ဘူး ..."

ပြောရင်းနှင့် မာမီက စိတ်ကြီးပြီး ရန့် ပခုံးနှစ်ဖက် ကို တဝုန်းဝုန်းထုရိုက်ပစ်လိုက်တော့သည်။

ရန်ကတော့ မာမီရိုက်တာကို နာနေတာသိသိကြီး နှင့် မရှုန်းဝံ့ဘဲ မျက်ရည်စက်လက်ဖြင့် ခေါင်းငုံ့ငြိမ်ခံလိုက်ရသည်။

"အရှက်မရှိတဲ့ ... မိန်းကလေး ... ဒီလို ကလေကဝကိုများ ကြိုက်ရတယ်လို့ ... ငါ ... ငါ ... သေသာသေပစ်ချင်တယ်"

မာမီက ပြောရင်းနှင့် သူမရင်ဘတ်ကြီးကို ထုပြီး ခေါင်းတင်အော်လိုက်ချိန်မှာ ဒက်ဒီရောက်လာခဲ့ပြီမို့ ပြဿနာက ပိုပြီးကြီးထွားသွားရသည်။

"ဟာ ... ဒီ သားအမိတွေ ... ဘာဖြစ်နေကြပြန်ပြီလဲကွာ"

"ဘာဖြစ်ရမှာလဲ ... ရှင့်သမီး အလိမ္မာတုံးကြီးလေ ... ကျွန်မ တို့ကို မလိုမ့်တစ်ပတ်လုပ်တာ ... ဒါ ကျွန်မတို့ အရှက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ... အခု ဟိုကောင်လေးဖုန်းလှမ်းဆက်လို့ သင်တန်းဘက်တယ်တက်တယ်ဆိုပြီး ဟိုကောင်လေးနဲ့ ချိန်းချိန်းတွေ့နေတဲ့ ကိစ္စကို သိရတာ ... ဒါ ... သူ့ မိဘကို အသုံးချတာ ... ကျွန်မ ရှင့်သမီးလုပ်ရပ်ကို ခွင့်မလွှတ်ဘူး ... လုံးဝ ခွင့်မလွှတ်ဘူး"

စားပွဲကြီးကို လက်ဝါးဖြင့် တဖြန်းဖြန်း ရိုက်ပြီး ဝေါက်ကွဲနေသည့် မာမီကို ရန် မကြည့်ရက်တော့ဘဲ ခေါင်းကလေး ငုံ့ချကာ တအိအိငိုချလိုက်မိပါတော့သည်။

အဲဒီအချိန်မှာပဲ ဒက်ဒီရဲ့ ပြုံစူကြီမ်းမောင်းသံကြီးကိုလည်း ကြားလိုက်ရပြန်သည်။

"သမီး ... ဒီလိုလုပ်တာ မကောင်းဘူးကွာ ... ဒက်ဒီလည်း လုံးဝခွင့်မလွှတ်ဘူး ... ဒက်ဒီ သမီးကို ယုံကြည်ထားခဲ့တာကို သမီးစော်ကားလိုက်တာပဲ ... ဘယ်မှာလဲ ... သားသမီး ယုံလို့ရမယ်ဆိုတဲ့ စည်း ... ဘာရှိတော့သလဲ ... ကဲ ပြောစမ်း ... "

"သား သမီးယုံ စုံလုံးကန်းလေ ... ရှင့်သမီးကို ကျွန်မတို့ ယုံမိလို့ ကျွန်မတို့ မျက်စိစုံလုံးကန်းတဲ့ ဘဝကို ရောက်ပြီး အခုလို အလှိမ်ခံခဲ့ရတာ ... "

တစ်ယောက်တစ်ခွန်း ဝိုင်းဆူနေကြသည့် ဒက်ဒီနှင့်





မာမီကို ရန် မဝံ့မရဲလေး မော့ကြည့်ပြီး ဖြေရှင်းဖို့ကြိုးစားလိုက်ပါသည်။

"ဟို ... ရန် ... မာမီတို့ကို ညာထားတာ မဟုတ်ပါဘူး ... သူနဲ့က ချစ်သူဖြစ်တာလည်း သိပ်မကြာသေးလို့ ဖွင့်မပြောဖြစ်သေးတာပါ ... တစ်နေ့နေ့တော့ မာမီတို့ကို ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ထားပါတယ် ... ဟို ... ဖွင့်ပြောရမှာလည်း မဝံ့မရဲဖြစ်နေတာပါ ... "

"အမယ်လေး ... တဟိုဟိုနဲ့ ဖြေရှင်းနေလိုက်တာ ... ညည်း အဲဒီကောင်ကို လက်ထပ်ဖို့အဆင့်အထိ ချစ်တာလား ... သမရိုးကျချစ်တာလား ... တစ်ခွန်းပဲပြော မိရန်ရန် ... "

"လက်ထပ်ဖို့ အဆင့်အထိ ချစ်ခဲ့တာပါ မာမီ ... "

"ဘာ ... ဘာပြောတယ် ... ညည်းက လက်ထပ်မယ့် အဆင့်တောင် တွေးထားပြီးပြီပေါ့ ဟုတ်လား ... ဒီကောင်လေးရဲ့ အခြေခံဇစ်မြစ်ကို မသိဘဲ ညည်း မိုက်လုံးကြီးလိုက်တာ ... မိရန်ရန်ရဲ့ ... "

မာမီက စောစောက ရိုက်ရတာကို အားမရနိုင်သေးဘဲ ရန့်ကို ဒေါသတကြီး လက်ဝါးကြီးကားပြီး ပါးချမလို့ ရွယ်လိုက်ချိန်မှာ ဒက်ဒီက ဝုန်းခနဲ ထရပ်ပြီး မာမီ့လက်ကြီးကို ဆွဲကိုင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မြတ် ... မင်းကလည်းကွာ ... ဒေါသကို ရှေ့ ထားစမ်းပါနဲ့ ... အေးအေးဆေးဆေး ပြောစမ်းပါ ..."

"အေးအေးဆေးဆေး မပြောနိုင်ဘူး ... ဒီကောင်ကို စမြင် ကတည်းက အပိုးမကျိုးလို့မျက်မုန်းကျိုးတာ ... ယောကျ်ား ဖြစ်ပြီး မျက်နှာက မျက်နှာဖောင်းနဲ့ ... ကြည့်တော့ ငါ့အမေ ကိုတောင် မျက်လုံးခြင်းဆိုင်ပြီး ယှဉ်ကြည့်ရဲတာ ... တစ် စက်မှ ရိုးသားတဲ့ကောင် မဟုတ်ဘူး ... ညည်း ဒီကောင်ကို လုံးဝမယူရဘူး ရှန် ..."

"ဟာ ... မိန်းမရယ် ... ပြန်ထိုင်စမ်းပါ ... ဒေါသမကြီးစမ်း ပါနဲ့ ... သမီးကလည်း အရွယ်ရောက်နေပြီပဲ ... အေး ... မသင့်တော်ဘူး သင့်တော်တယ်ဆိုတာကိုပဲ ဒက်ဒီတို့ကို ပြောပြ ... ဒက်ဒီတို့ လေ့လာသုံးသပ်ကြည့်လို့ သဘော မတွေ့ဘူးဆိုရင် သမီး ရှေ့တိုးဖို့ လုံးဝမလိုတော့ဘူး ... ညည်းကို ငါကိုယ်တိုင် ယောကျ်ားရှာပြီး ပေးစားပြမယ်"

"ဟင်"

ရှန် ဒက်ဒီကို အလန့်တကြား မော့ကြည့်လိုက်မိ သည်။

ဒက်ဒီမျက်နှာသည်လည်း မာမီနည်းတူ မနီးရိုးစွဲ ဒေါ သမုန်တိုင်းထန်နေပြီဖြစ်သည်။





ဒီပုံအတိုင်းဆို ဒက်ဒီကိုလည်း အားကိုးလို့ မရတော့ ပြီမို့ ရှန့် ဝမ်းနည်းအားငယ်ကာ မျက်ရည်တွေသာ တစိမ့်စိမ့်စီးကျ လာခဲ့တော့သည်။

"ကဲ ... သမီး ... ပြောပြ ... ကောင်လေး ... မိဘ အဆင့် အတန်း စာရိတ္တ ... ကောင်လေးရဲ့ စာရိတ္တ ... အကျင့် မကောင်း ... ရိုးသားမှုရှိမရှိ ... ပြောပြ ..."

"သူက ... သိပ်ရိုးသားပါတယ် ... ဒက်ဒီ ..."

"အမယ်လေး ... ရိုးသားတယ် ... ရိုးသားတယ်ဆိုတာက ဘာလုပ်ရအောင်လဲ ... ရိုးတယ်ဆိုတာလည်း ဒီခေတ်ကြီး မှာ မရှိတော့ပါဘူးအေ ... လုပ်မနေစမ်းပါနဲ့ အပိုတွေ"

"မြတ်ရာ ... မင်းကလည်း တစ်မှောက် ... သမီး လွတ် လွတ်လပ်လပ်ပြောပါစေ ... ကဲ ... သမီး ဆက်ပြော ... ဘာမှ စိတ်အနှောင့်အယှက်မဖြစ်နဲ့ ..."

ဒီတစ်ခါတော့ ရှန် ဒက်ဒီကို အားကိုးတကြီး မော့ ကြည့်ပြီး အားရှိတက်ကြွစွာ ပြောလိုက်သည်။

"သူတို့ အသိုင်းအဝိုင်းက ချမ်းသာတဲ့ အသိုင်းအဝိုင်းပါ ... ဒက်ဒီ အကျင့်စာရိတ္တ အနေနဲ့လည်း ဘာမှပြောစရာမရှိပါ ဘူး ... အလုပ်ကတော့ သားအမိနှစ်ယောက် ရိုးရိုးသား သားလုပ်ကိုင်စားသောက်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... သူတို့ အသိုင်းအဝိုင်းက ချမ်းသာတယ်ဆို တော့ သူတို့ကတော့ မချမ်းသာဘူး ဆိုလိုတာပေါ့ ဟုတ် လား ..."

"မဟုတ်ပါဘူး ... သူတို့ချမ်းသာတာကို ပြောတာပါ"

"သူတို့ချမ်းသာတာက ဘယ်လောက်အဆင့်အတန်းလဲ ... ကားရှိလား ... ဘယ်နှစ်စီးရှိလဲ ... ဘာလုပ်ငန်းကြီးတွေ ထူထောင်ထားသလဲ ... အဲဒါမေးတာ ..."

"ကားရှိတာတော့ မတွေ့မိဘူး ... လုပ်ငန်းလုပ်တာက တော့ ကျယ်ကျယ်ပြန့်ပြန့်လုပ်တယ် ... မာမီ ..."

"အမယ်လေး ... သူတို့ ကျယ်ပြန့်တာလောက်များ အရေး အရာလုပ်ထည့်ပြောလို့ ... သူတို့ ပစ္စည်းရှိတာ တို့အိမ်က ကားတစ်စီးစာလောက်ရှိမယ် မထင်ပါဘူး အေ ..."

"အဲဒီလို မဟုတ်ဘူး ... မာမီရယ် ..."

"ညည်း ... ကျူပ်ကို ဆင်ခြေပေးမနေနဲ့အေ ... ငါ ကောင် လေးကို လှေ့လာဦးမယ် ..."

မာမီက ပြောပြောဆိုဆို ဝုန်းခနဲ ထရပ်လိုက်သဖြင့် ရန့်က ဒက်ဒီကို အားကိုးတကြီးလှည့်ကြည့်လိုက်တော့ ဒက်ဒီက ရန့် အကြည့်တွေကို မျက်နှာကြီးလွှဲပြီး မသိချင်ယောင်ဆောင်လိုက် သည်။





အင်း ... ဒက်ဒီလည်း သူ့မိန်းမကြီး သဘောဆန္ဒနဲ့ တစ်ထပ်တည်းပဲဆိုတာ နှုတ်က ဖွင့်မပြောပေမယ့် မျက်နှာမှုမျက် နှာမောင်းကြီးနှင့်တင် သိလိုက်ရပြီ ဖြစ်သည်။

ဒီအတိုင်းဆို မာမီကိုပဲ ရန့် ဖားရတော့မယ့် အဖြစ် ကို ရောက်ခဲ့ရပြီမို့ ရန် မာမီ မျက်နှာကြီးကို အသနားခံသည့် မျက် လုံးတွေနှင့် စိုက်ကြည့်ကာ ...

"ဟို ... သမီး ... သူ့ကို ဘယ်နေ့ခေါ်တွေ့မှာလဲ ဟင် ..."

"မနက်ဖြန် နေ့ခင်း ... ခေါ်ခဲ့ ..."

"ဟုတ်ကဲ့ ... မာမီ ... သူနဲ့တွေ့ရင်လေ ... ဟိုလေ ... မာမီ မျက်နှာကြီးကို မျက်နှာကြောကြီး တင်းမထားပါနဲ့ နော် ... ပြီးတော့ သူ့ကို လေသံမာမာကြီးနဲ့လည်း ..."

"တော်စမ်း ... မိရန်ရန် ... ညည်းက ဒီကောင်များ ကြောက် နေရပြီလား ... ဒီမှာ ... ဒီကောင်ကို ညည်းနဲ့ပတ်သက်နေ လို့ ငါမနှစ်မြို့ပေမယ့် လက်ခံတွေ့ဆုံလိုက်တာ အရေး အရာသိပ်လုပ်နေတယ်လို့တော့ မထင်လိုက်နဲ့ ..."

တစ်တစ်ခွခွပြောပြီး ချာခနဲ လှည့်ထွက်သွားသည့် မာမီ နောက်ကျောပြင်ကြီးကို ငေးကြည့်ရင်း ရန့် ခေါင်းတစ်ခုလုံး မှုးနောက်သွားတော့သည်။

မူးသွားသည့် ခံစားချက်ကို မျက်လုံးအစုံကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း မှိတ်ချလိုက်ပြီးမှ အနားမှာရှိနေသေးသည့် ဒက်ဒီကို အားလုံးဝန်းကြီး မျက်လုံးတွေနှင့် ဖွင့်အကြည့် ဒက်ဒီက ရယ်ကျဲကျဲကြီး ဆစ်ဆစ်လှည့်သွား၍ ရန့် ဘက်မှာ ဒက်ဒီရှိနေတာကို သိလိုက်ရပြီ မှ ရန် အအိပ်တက်ကြွသွားတော့သည်။

" အင်း … ။ ချစ်သူ တာဝေကတော့ ရန် မိဘတွေနဲ့ ဘယ်လိုရင်ဆိုင်နေရတယ်ဆိုတာကို ဘာမှမသိရှာခဲ့ချေ။

*





# ၉

ရန့် မာမီနဲ့ ဒက်ဒီကို တွေ့ဆုံရမှာ သူ့ရင်ထဲ နည်းနည်းလေးနေပေမယ့် သူက သာသာထိုးထိုးပင် ဝတ်နေကျ ဂျင်းဘောင်းဘီရှည်နှင့် ပိုလိုစပို့ရှပ်အဖြူစင်းလေးကို တွဲဝတ်လိုက်ပြီး ခမ်းမိစတိုင်လ်ဖြင့်ပင် ရန့်တို့ အိမ်ကို ရောက်ရှိသွားခဲ့သည်။

သူရောက်သွားချိန်မှာ သူ့ကို အဆင်သင့် စောင့်ကြိုနေဟန်ရှိသည့် ရန့် ဒက်ဒီက မျက်မှန်ကြီးအောက်က … မျက်လုံးတောက်တောက်တွေနှင့် သူ့ကို ခင်မင်နှစ်လိုဖွယ် ပြုံးပြလာခဲ့တာ သူကလည်း ရန့် ဒက်ဒီကို နွေးထွေးစွာ ပြုံးပြလိုက်ပါသည်။

"လာ … ထိုင်ကွာ … မောင်တာဝေ … "

"ဟုတ်ကဲ့ ခင်ဗျ … "



www.burmeseclassic.com

www.burmeseclassic.com



လူကြီးနှစ်ယောက် အရှေ့က ဆိုဖာရှည်ကြီးမှာ သူ
ချိုးချိုးနှိမ့်နှိမ့်ဝင်ထိုင်လိုက်ပြီး ရန့်ကိုလည်း ဣန္ဒြေရရ ကြည့်လိုက်
သည်။

ရန်က သူ့မ မာမီ သူ့ကို စူးစမ်းအကဲခတ်နေတာကို
မနေတတ်မထိုင်တတ်နှင့် လက်သည်းကလေးကိုက် ငြိမ်သက်နေ
ချိန်မှာပဲ ရန့် မာမီအသံကြီးက စူအင့်အင့်ကြီး ထွက်လာခဲ့သည်။

"သမီးက ... မောင်တာဝေ အတွက် ... အအေးတစ်ခုစီ
ခဲ့ ... "

ရန့်ကို ဒီစကားဝိုင်းထဲက ပထုတ်လိုက်တာကို သူ
ကောင်းကောင်းနားလည်လိုက်သည်။

ရန်ကလည်း ကောင်းကောင်းသဘောပေါက်ပုံဖြင့်
သူ့ကို မျက်လုံးလေး တစ်ချက်ဝေ့ကြည့်ပြီး အချက်ပြကာ ဧည့်ခန်း
ထဲက လှည့်ထွက်သွားလေသည်။

ရန် ဧည့်ခန်းထဲမှ ထထွက်သွားတာနှင့် ရန့် မာမီ
အသံအင့်အင့်ကြီးက ...

နားထဲကို နားကလော်စွာ ဝင်ရိုက်လာခဲ့သည်။

"မောင်တာဝေနဲ့ သမီး ချစ်သူတွေဖြစ်တာ သိပ်မကြာသေး
ပေမယ့် မောင်တာဝေ မိသားစု အရေးကို အတွင်းကျကျ
သိချင်လို့ အခုလို မင်းကို ခေါ်တွေ့လိုက်ရတာပါ ... "





"ဟုတ်ကဲ့ ... "

"အင်း ... မောင်တာဝေ ... အန်တီ့သမီးကို လက်ထပ်ဖို့
ဘာတွေများ အန်တီ့သမီးအဆင့်နဲ့ တူတူတန်တန် ပြင်ဆင်
ပြီးပြီလဲ ... "

"ခင်ဗျာ ... "

"မရှင်းဘူးလား ... အန်တီပြောတာကို ... "

"ဩော် ... ဟော ... ရှင်းပါတယ် ... ရှင်းပါတယ် ... ခင်ဗျ"

"အေး ... အန်တီဆိုလိုချင်တာက မောင်တာဝေဘက်က
ငွေရေးကြေးရေး အခြေအနေ ... အန်တီ မောင်တာဝေနဲ့
တွေ့လိုက်ရတာ သမီးရဲ့ ရှေ့ရေးကို ဆွေးနွေးချင်လို့ပဲ ...
မင်းတို့က လက်ထပ်ဖို့ အဆင်ထိ ဆုံးဖြတ်ပြီးပြီဆိုတော့
အန်တီ ဆွေးနွေးရတာပါ ... "

"ဟုတ်ကဲ့ ... ကျွန်တော့်အနေနဲ့ ရန့်ကို လက်ထက်ဖို့ ကျွန်
တော်တတ်နိုင်တဲ့ဘက်က အကောင်းဆုံး ဆောင်ရွက်ပေး
နိုင်ပါတယ် ... "

သူ့ စကားကို ရန့် မာမီ သဘောမတွေ့ပုံဖြင့် မျက်
မှောင်ကြီးတွန့်ရှုံ့ထားလေသည်။

အင်း ... ဒီမိန်းမကြီးနဲ့ သူကတော့ သူ သည်းခံပေါင်း
မှ တည့်မယ့်ပုံမို့ သူကလည်း ရင်ထဲမှာ အောင့်သည်းအောင့်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြုသေချေ တန်လုပ်ပြီးထားလိုက်ရပါသည်။

"မောင်တာဝေ ... မိဘတွေကရော ..."

ရပ်ချောသလောက် အသံကြီးက တင်စီးသလိုလို ဆေးလိုက်တာ၊ သူ့ရင်ထဲမှာ အခံရခက်လှသည်။

ဒါပေမဲ့ သူမကြီးက ကိုယ့်ယောက္ခမဖြစ်ရမှာမို့ သူ စိတ်လျှော့ပြီး ခပ်ပြေပြေလေး ပြောလိုက်ရသည်။

"ကျွန်တော့်မှာ ... အဖေမရှိတော့ပါဘူး ... မေမေကတော့ အရောင်းအဝယ်လုပ်ပါတယ် ... အိမ်ပေါင်ခံ မြေကွက် အပေါင်လုပ်ပါတယ် ..."

"အန်တီ ... စပ်စုတာ မဟုတ်ဘူးနော် ... မောင်တာဝေ မေမေရဲ့ တစ်လတစ်လ ဝင်ငွေက ဘယ်လောက်ရသလဲ ကွယ် ... အန်တီ သိသင့်သိထိုက်လို့ မေးတာပါ ..."

"ကျွန်တော် သိသလောက်တော့ အရောင်းအဝယ်တစ်ခု တည်းနဲ့တင် ကျွန်တော်တို့သားအမိနှစ်ယောက် တော်တော် ပြေလည်ပါတယ် ... ကျွန် စီးပွားရေးမပါ အရောင်းအဝယ် တစ်ခုတည်းနဲ့တင် တစ်လကို ပုံမှန်ဆယ့်ငါးသိန်းလောက် တော့ ရှိမယ်ထင်တယ် ..."

"အော် ... အေး ... အေး ... သားအမိနှစ်ယောက် ရိုးရိုး သားသား လုပ်ကိုင်စားသောက်တာ ကောင်းပါတယ် ...





ဒါနဲ့ ... မင်းကရော ဘာလုပ်ငန်းလုပ်ဖို့ စိတ်ကူးထားသလဲ မောင်တာဝေ ..."

သူ့ကို အမှုသည်စစ်နည်း တစ်ခုပြီးတစ်ခု စစ်နေသည့် ရန့် မာမီကို သူ စိတ်ထဲက မုန်းတီးလှပေမယ့် သူမကြီး မေးသမျှကို စိတ်ရှည်လက်ရှည်ကြီး ဖြေလိုက်ရပါသည်။

"ကျွန်တော် ... အခုလောလောဆယ် လုပ်ငန်းလုပ်ဖို့ မဆုံးဖြတ်ရသေးပါဘူး ... နောက်မှ ... ကျွန်တော် လုပ်ငန်းတစ်ခုခုလုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ် ..."

အဲဒီအချိန်မှာ ရန် ပြန်ရောက်လာပြီး အအေးလင်ဗန်းကို သူ့အရှေ့မှာ ချလိုက်သည်။

"သောက်လိုက်ပါဦး ... မောင်တာဝေ ... သမီးက ဒီကိုလာထိုင်လှည့်လေ ..."

ရန့် မာမီက ရန့်ကို သူမကြီးဘေးမှာ ဝင်ထိုင်ခိုင်းလိုက်တော့ ရန်နှင့်သူ အကြည့်ချင်းဆုံပြီး ရန်က မျက်လုံးကလေးပြူးပြကာ သူ့ကို အားပေးနှစ်သိမ့်လိုက်သည်။

ရန့် ဒက်ဒီကတော့ အေးအေးဆေးဆေးပင် မျက်မှန်ကြီးနဲ့ ဂျာနယ်ဖတ်နေပြီး သူ့ဇနီးစကားကို ဘေးကနေ အလွတ်ထောက်ခံနေသည်လား မသိ။

www.burmeseclassic.com



"အန်တီတို့ဘက်ကတော့ မောင်တာဝေကို အခုမှ သမီး တော်သက်ပြီး သိခဲ့ရတာ ... အန်တီ သမီးကတော့ မွေး တည်းက ငွေပုံပေါ်မှာ ကြီးပြင်းသလိုဖြစ်နေတော့ အသုံး အဖြုန်းကြီးတယ် ... တစ်ခါတစ်ခါ Shopping ထွက်ရင် သိန်း သုံးဆယ်လေးဆယ်ကုန်တာ ... တစ်ခါတစ်ခါ ဒီမှာ Shop- ping ထွက်ရတာ အားမရရင် စင်္ကာပူကို Shopping ထွက်သေး တာ"

သူနှင့်ရန် အကြည့်ချင်းဆုံးသွားချိန်မှာ သူ့ နှုတ်ခမ်း တစ်စုံက ကွေးခနဲ ကျသွားခဲ့သည်လား မသိ။

ဒီအချိန်မှာ မယ်တော်ကြီးကတော့ ကြွားလုံးထုတ် ရတာ တစ်စထက်တစ်စ အာပေါင်အာရင်းသန်လာရပြီ ဖြစ်သည်။

"အင်း ... အန်တီတို့ကလည်း တစ်နှစ်ကို သိန်း တစ်ထောင် ငါးရာလောက် ပုံမှန်ဝင်နေတော့လည်း သမီး သုံးတဲ့ ငွေ ကြေးက မပြောပလောက်ပါဘူးပေါ့ကွယ် ... သမီးက ငယ် ပါသေးတယ် ... အိမ်ထောင်ပြုဖို့ အရွယ်သိပ်စောပါသေး တယ် ... ဒီကြားထဲ မင်းလည်း လုပ်ငန်းရယ်လို့ ထူထူမ တ်ဖြစ်အောင် ကြိုးစားကြည့်ဦးပေါ့ ... အန်တီတို့ သမီး လေးကို စိတ်မဆင်းရဲစေချင်လို့သာ မင်းနဲ့ အခုလို လက်





တွေ့ဆုံလိုက်ရတာ ... "

အဆုံးသတ်မှ နှုတ်လိုက်သည့် ရန့် မာမီစကားတွေ ... ငုံ့ချင်နေရသည့် သူ့ခေါင်းကြီးကို တင်းခနဲ ထောင်သွားရပါသည်။

မင်း သူ့ကို ဒီအမျိုးသမီးကြီး တိုက်ကွက်လှလှ ထုတ် လိုက်လေပြီ ဖြစ်သည်။

သူ့ဘဝနဲ့ ရန့်ဘဝကို ဘယ်လောက်အထိ ကွာခြား သယ်ဆိုတဲ့ အကြောင်းကို ယှဉ်ပြလိုက်သည့် ဒီအမျိုးသမီးကြီးကို ... လုံးသားက မှတ်လောက်သားလောက် မှတ်သားခဲ့ပြီဆိုတာကို တော့ တစ်နေ့ ရန် သိခွင့်ရခဲ့မှာ အမှန်ပင် ဖြစ်သည်။

အခုအချိန်မှာတော့ သူက နာသွားသည့် ရင်ဖြင့် ရန့် မမီကို တစ်ချက် ကြည့်ပြီး အတိုက်အခံလုပ်လိုက်ရသည်။ လူတစ် ယောက်ရဲ့ မျက်နှာမျိုးမဖြစ်အောင် မျက်နှာကို ပြင်ဆင်ကာ ခေါင်း တစ်ချက် ညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... အခုလို ကျွန်တော့်ကို လမ်းညွှန်ပေးတဲ့ အန် တီကို ကျေးဇူးတင်ပါတယ် ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး အန်တီ ... ဦး ... ကျွန်တော့်ကို ခွင့်ပြုပါဦး ... "

"အေးကွာ ... မောင်တာဝေ ... နောက်လည်း အိမ်ကိုဝင် နိုင်ထွက်နိုင်ပါတယ်ကွာ ... "

"ဟုတ်ကဲ့ ... ရန် ... ကိုယ်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ရန်ကို အဓိပ္ပာယ်ပါပါ တစ်ချက် နှင့်နှင့်စိုက်ကြည့်ပြီး သူတို့ မိသားစုကို ကျောခိုင်း လှမ်းထွက်လိုက်သည့် အချိန်မှာတော့ သူ့ရင်ထဲမှာ နာကျင်သည့် လှိုင်းတွေ ထပ်ထပ်ကြမ်းရိုက်ခတ်သွားပါတော့သည်။

✷





"ကောင်လေးက ချေချေငံငံလေးပဲ ... မဆိုးပါဘူးကွ"

ဒက်ဒီက တာဝေ ပြန်သွားပြီးဘာနဲ့ ကောက်ခါငင်ခါ အသိအမှတ်ပြုလိုက်လေသည်။

ဒါကို မာမီက မကျေမနပ်ဖြစ်သွားကာ ဒက်ဒီကို မျက်စောင်းနက်နက်ကြီး ထိုးလိုက်ပြီး ...

"ဘာမဆိုးတာလဲ ... ဆိုးတာ ... ဆိုးတာ ... ဟင်း ... သမီး မျက်နှာကြောင့် ဒီလောက်ညှော်ခံလိုက်တာ ... ဒီမှာ ရန် ... မာမီ ... မောင်တာဝေကို သဘောမကျဘူး ... သူ တို့အသိုင်းအဝိုင်းနဲ့ မာမီတို့အသိုင်းအဝိုင်းနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး ... မဖြစ်ညှစ်ကျယ် ... ပစ္စည်းရှိတယ်ဆိုရုံ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ အထက်တန်းစားဘဝ အကွာကြီးပဲ … သူတို့စီးပွားရေးအခြေအနေကို ညည်းလည်း ကြားသိလိုက်ပြီမဟုတ်လား… ညည်း … ဒီကောင်နဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

"ဟင်"

ရန် အားကိုးရာမဲ့ သွားရပါပြီ

ဒက်ဒီကို အားကိုးရာမဲ့သွားသည့် မျက်လုံးတွေနှင့် မော့ကြည့်လိုက်တော့ ဒက်ဒီက အားပေးနှစ်သိမ့်သလို ခေါင်းတဆတ်ဆတ်ညိတ်လိုက်သဖြင့် ရန် အားရှိ တက်ကြွသွားရသည်။

ရန် အားရှိသွားပေမယ့် မာမီကတော့ ဒေါသပုန်ထမောက်ကွဲသွားရလေပြီ။

"ရှင်က … ဘာခေါင်းတဆတ်ဆတ်ညိတ်တာလဲ … "

"ဩော် … သဘောပေါက်လို့ပါကွာ … ဒါနဲ့ … မင်းပဲ စောစောက ကောင်လေးကို မျှော်လင့်ချက်တွေပေးပြီးတော့ မင်းက အခုစာလေးကြော် အခုဆီထမင်း … လူကြီးဖြစ်ပြီး ပြောင်းလဲတာ မကောင်းပါဘူး … ကောင်လေးသနားပါတယ် … သူလည်း လူငယ်တစ်ယောက်ပဲ … ကြိုးစားဦးမှာပေါ့ကွာ … မင်းက ဓားမဦးပိတ်စကားပြောလို့ ဘယ်ဖြစ်မလဲ … ရိုးရိုးသားသားလေးပဲ"





"အမယ်လေး ရှိုးတာ … ဘာလုပ်မှာလဲ … ဘာမှလုပ်လို့မရဘူး … ဒီမှာ … ရှင် ဘာမှမသိဘဲနဲ့ ဝင်မပြောနဲ့ … ကျွန်မတို့အသိုင်းအဝိုင်းထဲမှာ ဒီအရွယ်ကို ကိုယ့်လုပ်ငန်းကိုယ်ထူထောင်ပြီး စီးပွားရေးလုပ်နေတဲ့ သူတွေ ပုံအောလို့ သမီးကို စိန်တွေရွှေတွေ ပုံတောင်းနိုင်တဲ့ သူတွေချည်းပဲ… ဒီလို ဘာမဟုတ်တဲ့ ကောင်လေးနဲ့တော့ အဖြစ်မခံနိုင်ပါဘူး"

စီးပွားရေးကို လောဘဇောတိုက်ပြီး သမီးကို ဘယ်သူနဲ့မှ မတူမတန်ထင်နေသည့် မာမီကို ရန် စိတ်ပျက်စွာ စိုက်ကြည့်လိုက်မိသည်။

အင်း … ။ ဒီပုံအတိုင်းဆို ဘယ်လိုနည်းနဲ့ဆွဲဆောင်ရပါ့မလဲဆိုပြီး အကြံယူနေတုန်းမှာပဲ လက်ခနဲ ရသွားသည့် အကြံတစ်ခုက မာမီကို အမောပြေသွားစေခဲ့လိမ့်မည် ထင်ပါသည်။

"မာမီရယ် … သူက … အထည်ကြီးနဲ့ မနေတတ်လို့ပါ … သူတို့ပစ္စည်း တော်တော်ချမ်းသာပုံတော့ရတယ် … ရန့်ကို သူ ပြောထားတာတစ်ခုတော့ရှိတယ် … မြို့ထဲက နေရာကောင်းရရင် သူ Restaurant တစ်ဆိုင်ဖွင့်မလို့တဲ့ … "

" Restaurant ဟုတ်လား"

မာမီ မျက်လုံးတွေ အရောင်တစ်ဖျတ်ဖျတ် လက်ခါ



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် ရှေ့က ကျေနပ်သွားရပါသည်။

ဒက်ဒီကိုလည်း လှစ်ခနဲ ခိုးကြည့်လိုက်တော့ ဒက်ဒီဘ ရယ်ချင်စိတ်ကိုဖြစ်နေတဲ့ မျက်နှာကြီးနှင့် တစ်ဖက်လှည့်ထားသည်။

"ဟဲ့ ... မိရန် ... ငါမေးနေတယ်လေ ... ဘာမြို့စိတ်လုပ်နေတာလဲ ... ဒီကောင် Restaurant ဖွင့်တယ်ဆိုတာ တကယ်လား ... "

"ဟုတ်ကဲ့ ... ဒီနှစ်ကုန်လောက်ပဲဖြစ်မလား မသိဘူး ... "

ပါးစပ်က လိမ်နေရတာ ရင်ထဲမှာတော့ အခုန်သား။

မာမီကတော့ ရန့်ရဲ့ လိမ်စဉ်တွေကို ဘာမှမသိရှာဘဲ ဘာကယ်ယုံသွားကာ အားတက်သရော မေးလာခဲ့ပြန်သည်။

"အဆင့် ... အဆင့်မြင့်မြင့်ထဲကပေါ့ ... "

"ဟုတ်ကဲ့ ... သူပြောတာကတော့ တော်တော်အဆင့်မြင့်မြင့်ဖွင့်မယ်ပြောတာပဲ ... သူက စီးပွားရှာ တော်တော်လဒ်မြင်တယ် ... လူသာငယ်ပေမယ့် ဩဇာလည်းရှိတယ် မာမီ ... "

"အမယ်လေး ... သူ ဩဇာရှိတာက အရေးမကြီးပါဘူး ... ညည်းကိုရော ဩဇာပေးသေးလား ... ညည်း လုံးဝအညံ့မခံနဲ့နော် ... ကိုယ့်အောက်က လူရဲ့ ဆရာအလုပ်တော့ ဘယ်





တော့မှ မခံနဲ့ ... "

ချက်ချင်းကြီး ပြောင်းလဲသွားသည့် မာမီ လေသံကြောင့် ဒက်ဒီ ဟန်မဆောင်နိုင်တော့ဘဲ တဟားဟား ရယ်ချလိုက်တော့သည်။

"ဟင် ... ရှင်က ... ဒါ ဘာရယ်တာလဲ ... ကျွန်မကို လှောင်တာပေါ့လေ ... "

"မြတ် ... မင်းကလည်း ... တယ်ပြီး အပြောင်းအလဲမြန်ပါလား ... ခုနက တစ်မျိုး ... အခုတစ်မျိုး ... အင်း ဒီအမေက လောဘက ခပ်ကြီးကြီးနဲ့တော့ ငါ့သမီးတော့ မြင်ယောင်ပါသေးတယ် ... ဒီတစ်သက် လက်ထပ်ရတော့မှာမဟုတ်တော့ဘူး ... "

"ဟင် ... ကို ... ရှင်က ... ဘာမှ လဒ်မမြင်ကိုး မမြင်နဲ့ ယောက်ျားဆိုတာ ... စီးပွားရှာကောင်းမှ စီးပွားရှာမကောင်းဘဲ စီးကရက်ကလေးခဲပြီး မိန်းမလုပ်စာခိုစားတဲ့ ယောက်ျားမျိုးနဲ့ တွေ့မှာစိုးလို့ ပြောနေရတာ ... အဲဒီ ယောက်ျားမျိုးဖြစ်ကြည့် လုံးဝမပေးစားဘူး ... အခုလည်း သူ့ကို သမက်တော်ဖို့ စိတ်မကူးသေးပါဘူး ... သူ့ရဲ့ လုပ်ရည်ကိုင်ရည်ကို အကဲဖြတ်ပြီးမှ စိတ်ကူးမှာ ... "

"မင်း စိတ်မကူးပေမယ့် သမီးစိတ်ကူးနေတော့ ... မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်မှာလဲ ... ”

“ကို ... ရှင့်ပါစပ် ပိတ်ထားနော် ... ကျွန်မ စာအုပ်နဲ့ ... ခေါက်ပေါက်လိုက်မှာ ... ”

မာမီ အကြီးအကျယ်ဒေါသူပုန်ထသွားတာကို ဒက်ဒီက ခေါသလိုလုပ်ပြီး ရန့်ကို ခြည့်ခန်းထဲက ထွက်သွားဖို့ အချင်ပြလိုက်တာမို့ ရန်ကလည်း လှစ်လှစ်ကလေးပင် ဧည့်ခန်းထဲကနေ သုတ်ခနဲ ပြေးထွက်လာခဲ့မိတော့သည်။

ဟာ ... အခုမှပဲ။

လွတ်လွတ်ကျွတ်ကျွတ် အသက်ရှူနိုင်တော့တယ်။

*





# ၁၀

“ဒက်ဒီ မာမီတို့က ... ရှင်နဲ့ ရှင့်မေမေကို ဆွမ်းကျွေးဖိတ်လိုက်တယ် ... ”

“ဘာလဲ ... ကိုယ့်ကို အကဲခတ်လို့ အားမရလို့ ကိုယ့်မေမေကိုပါ ... လေ့လာသုံးသပ်ဦးမယ်ပေါ့ ဟုတ်လား ... ရန် ဒီမှာ ... ရန် ... မင်းကို ကိုယ်သိပ်ချစ်လို့ မင်းမာမီ ရိုက်နှက်နေခဲ့တာတွေကို ခွင့်လွှတ်လိုက်ရတာ နှစ်ခါရှိသွားပြီ ... တတိယအကြိမ် စော်ကားလာလို့ကတော့ ကိုယ် လုံးဝမခွင့်လွှတ်တော့ဘူး ... ကိုယ့်ဘဝမှာ လူလူချင်း အစော်ကားခံရတာ မင်းနဲ့တွေ့မှပဲ ... ”

တာဝေကို ကြည့်ပြီး ရန် ဘာပြန်ပြောရမှန်းမသိ

www.burmeseclassic.com

www.burmeseclassic.com



အောင် စိတ်တွေနောက်ကျိုရှုပ်ထွေးသွားရပါသည်။

ချစ်သူတွေဖြစ်တုန်းကတော့ ဒီလိုပြဿနာမျိုး၊ ဒီလို အကြောင်းအခဲမျိုးနှင့် ကြုံဆုံခဲ့ရလိမ့်မယ်လို့ ရန်ရော သူပါ ယောင်လို့ အောင် မတွေးခဲ့မိတာ အမှန်ပင် ဖြစ်သည်။

အခုတော့ ရန် ဘယ်လိုကြီးခံစားရမှန်းမသိအောင် ရင်ထဲမှာ ဝမ်းနည်းနေသလိုလို၊ သူ့ကိုပဲ အရမ်းသနားနေသလိုလို ဘာတို့မှ အကောင်အထည်ဆုပ်ကိုင်၍မရ ဖြစ်နေရပြီဖြစ်သည်။

အခုလို အချိန်မျိုးမှာ ရန် သူ့ရင်ခွင်ထဲမှီခိုပြီး ကလေး တစ်ယောက်လိုပဲ လွတ်လွတ်လပ်လပ် စကားပြောချင်သွားခဲ့ရပြီ မို့ ရန်သည် မရည်ရွယ်ပါဘဲ သူ့လက်ကလေးကို ဆွဲကိုင်ပြီး သူ့ရင်ခွင် ကြီးမှာ မျက်နှာအပ်ချလိုက်ကာ ချုံချုံနွဲ့နွဲ့လေး တောင်းပန်လိုက် မိပါတော့သည်။

"တာဝေ ... ရှင် ... ရန့်ကို ချစ်ရင် မာမီကို ခွင့်လွှတ်နား လည်ပေးပါလို့ ရန် တောင်းပန်ပါတယ် ... ဟိုလေ ... မာမီ က စကားပြောရင် ဘယ်သူ့နားမှဝင်အောင် မပြောတာ ... အကျင့်ဖြစ်နေပြီ ... စိတ်ထဲကတော့ ဘာမှမထားဘူး ... အခုဆိုရင် မာမီက ရန်တို့ နှစ်ယောက်ကို ခေါ်တွေ့လိုက်ပြီ ဆိုတော့ လက်ထပ်ဖို့ ကိစ္စပဲရှိတော့တယ် ... "

"အင်း ... လက်ထပ်ဖို့ကိစ္စ ... မင်း မာမီက ဘာပြောလဲ"





"အင်း ... လက်ထပ်ဖို့ကိစ္စတော့ မပြောသေးပါဘူး ... စီး ပွားရေးပဲ အရင်လုပ်ဖို့ပြောတာပါ ... ရန် ... ရှင့် Restaurant ဖွင့်တော့ မယ်လို့ မာမီကို ပြောလိုက်ပြီ ... "

"ဟာ ... ဘာ Restaurant လဲ ... အစီအစဉ်မရှိ ... ဘာလို့ ပြောတာလဲ ... ကိုယ်မှ Restaurant ဖွင့်နိုင်တဲ့ အနေအထား မှ မရှိသေးတာ ... မင်းက မဟုတ်တာကို ဘာလို့အဟုတ် လုပ်ပြီး ပြောရတာလဲ ... သက်သက်ကွာ ... လျှောက်ရှိုး နေတာ ... အရှုံးမကျနေတာပဲ ... "

"ဘာဖြစ်လဲ ... ရှင်လောလောဆယ် မဖွင့်နိုင်သေးတော့ လည်း ... ရန် ငွေစိုက်ထားမှာပေါ့ ... နောက်မှ အမြတ်ထဲ က ရန့်ကို ပြန်ဆပ်လေ ... အရေးကြီးတာက ... ရှင် လုပ် ငန်းကြီးတစ်ခု ထောင်နိုင်ဖို့ပဲ ... "

"ဘာ ... မင်း ဘာပြောတယ် ... ရန် ... မင်းစကားတွေက ကိုယ့်ကို စော်ကားတာပဲ ... ဒါ ကိုယ့်ကို သက်သက်စော် ကားတာပဲကွ ... ငါက မိန်းမတစ်ယောက်ရဲ့ အထောက် အပံ့နဲ့ ရယူတတ်တဲ့ ယောက်ျားလို့ မင်း အထင်သေးလိုက် တာပေါ့ ဟုတ်လား ... "

ရန့်ကို သူ့ရင်ခွင်ထဲကနေ ဆွဲထုတ်လိုက်သည့် သူ့ကို ရန် မျက်လုံးအဝိုင်းသား အံ့အားသင့်သွားချိန်မှာ သူက ဝုန်းခနဲ ထရပ်ပြီး မျက်နှာချင်းဆိုင်ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်း ... နောက်နောင် ဒီစကားမျိုး လုံးဝမပြောမိစေနဲ့ ... ငါ လုံးဝခွင့်မလွှတ်ဘူး ... ဒီမှာ ရန် ... ငါ ယောကျ်ားပါကွ ... မိန်းမတစ်ယောက်ရဲ့ ကြွယ်ဝမှုကို ခြုံမစားပါဘူး ... ငါ့မှာ လက်တွေ ခြေထောက်တွေနဲ့ ကံဉာဏ် ဝီရိယ ရှိပါတယ် ... ကွ ... မင်း မာမီ ငါ့ကို ဘာကိုအလိုမရှိဘူး အလိုရှိတယ်ဆို တာ ငါနားလည်တယ် ..."

"မဟုတ်ပါဘူး တာဝေရယ် ... မာမီ့ကို အထင်မလွဲပါနဲ့"

"ဘာ မဟုတ်ရမှာလဲ ... ငါက နတ်ကောင်းမှ မဟုတ်တာ ... ဒီမှာ ရန် ... ငါသိပ်ချစ်တဲ့ မိန်းမတစ်ယောက်အတွက် ... အမေ ကျေနပ်တဲ့အထိ ကြိုးစားရဦးမှာက ... ဒါ ငါ့တာဝန် ... ငါ့အပိုင်း ... မင်း ... မာမီကို ပြန်ပြောလိုက်ပါ ... ငါ Restaurant မဖွင့်နိုင်ဘူးဆိုတာ ပြောလိုက် ... ငါ ဒုတိယအကြိမ် လူလိမ်တစ်ယောက် အဖြစ်မခံနိုင်ဘူး ရန် ..."

ရန် သူ့ကို ဘာမှပြောစရာစကားမရှိတော့ချေ။

ဒီလောက်အထိ ပြင်းပြင်းထန်ထန် ပေါက်ကွဲသည့် တာဝေရဲ့ အတ္တနှင့်မာနကို သိလိုက်ရသဖြင့် ရန် မျှော်လင့်ချက် ကုန်ဆုံးသွားသလို ခေါင်းကလေး ငုံ့ချကြွေကွဲသွားတော့သည်။

ဒီအတိုင်းဆို သူနှင့်ရန် လက်ထပ်ရမယ့် ရက်သည် အတိုင်းအတာတစ်ခုအထိ ပျက်စီးဆုံးရှုံးတော့မည် ထင်သည်။





ဘာပဲဖြစ်ဖြစ် ရန်ကတော့ ... မာမီ့ရဲ့ အမှားတွေအတွက် တာဝေကို အရှုံးပေးမှုတွေနှင့် ချစ်သူ ကျေနပ်အောင် ရန် သူ့ဆံပင်လေးတွေကို ဖွဖွလေးမှုတ်တစားတာ ချော့မော့နှစ်သိမ့်လိုက်ပါတော့သည်။

✷



www.burmeseclassic.com

www.burmeseclassic.com



ရန်တို့ အလှူပွဲကိုသွားဖို့ မေမေက တက်တက်ကြွ ကြွ ဖြစ်နေသလောက် သူကတော့ အရာရာကို သိနှင့်ထားပြီမို့ လေး လံထိုင်းမှိုင်းနေခဲ့ပြီ ဖြစ်သည်။

"သား ... အဝတ်အစားသွားလဲချေ ... ဆယ်နာရီ ဖိတ်ထား တာ ... အခု ကိုးနာရီထိုးသွားပြီ ... လုပ် ... လုပ် ... မေ မေလည်း အဝတ်အစားလဲလိုက်ဦးမယ် ..."

ပြောပြောဆိုဆို အိပ်ခန်းထဲ လှမ်းဝင်သွားသည့် မေ မေ့နောက်ကျောသို့ သူ ခပ်မှိန်မှိန် မျက်လုံးတွေနှင့် စိုက်ကြည့်ပြီး ခေါင်းကြီးခါယမ်းလိုက်သည်။

မေမေကတော့ တစ်ဖက်မိသားစုအကြောင်းကို ဘာမှမသိရှာ။





သူကတော့ အတွင်းသိ အဆင်းသိမို့ ခြေလှမ်းတွေ က မသယ်ချင်ဖြစ်ခဲ့ရပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ ရှိုးအကျဆုံး ဖြစ်အောင် ပြင်ဆင်လိုက်တော့သည်။

Arrow ရှပ်အဖြူ ... လက်ရှည် အစင်းကလေးကို ဒေါင်းလ်ဘောင်းဘီ ကာဖီရောင်နှင့် တွဲဝတ်ထားသည့် ကိုယ့်ကိုယ် ကိုယ် အသာလေး ငုံ့ကြည့်လိုက်မိသည်။

အင်း ယောက်ျားလေးဆိုတော့ Hand Chain ကြိုးကြီး နှင့် စီနီလက်စွပ်ကလေး တစ်ကွင်းတော့ ဝတ်ဦးမှ ... ။

အင်း မာမီကိုလည်း အဝတ်ခိုင်းရမယ်။

"ဟော ... သား ... အေး ... အေး ကြည့်ကောင်းတယ် ... ဒါပေမဲ့ ပုဆိုးလေးနဲ့ဆိုတော့ ပိုပြီး လူကြီးလူကောင်းဆန် မလားပဲ ..."

"လူကြီးမဆန်ချင်ပါဘူး မေမေရာ ... အသက်နှစ်ဆယ် ကျော်လေးနဲ့ ... အင်း ... မေမေလည်း သိပ်လှတယ် ... အဖြူရောင် မင်းသမီးလေးဖြစ်သွားပြီ ..."

"မင်းသမီးကြီးပါ သားရယ် ..."

ပိုးသားအဖြူအပွင့်စက်ကလေးကို အညိုနုရောင် အောက်ထားသည့် ပိုးသားခေါင်းလက်စက ခါးတင်လေးနှင့် ထို အရောင်နှင့် အထက်အောက်ဆင်တူဝတ်ထားသည့် မေမေက



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနှင့် လိုက်ဖက်အောင် ပုလဲဘယက်ကြီးကို ဆွဲထားတာကို သူ့အဘောင်းဘောတွေ သလိုကြီး စိုက်ကြည့်လိုက်မိသည်။

“မေမေ … ဒီပုလဲကြီး မဝတ်နဲ့ဗျာ … ပုလဲက အခွံကြီးပဲ တန်ဖိုးနည်းတယ် … စိန်လော့ကက်ကြီးကြီးကြီးဝတ်ခဲ့ဗျာ စိန်လက်စွပ်လည်းရှိသရွေ့ဝတ် … လက်ကောက်ကိုတော့ နှစ်ဖက်ကို အကွင်းသုံးဆယ်လောက် ဝတ်ခဲ့မေမေ … ပြီး တော့ ကျွန်တော့်အတွက် Hand Chain ကြီးကြီးနဲ့ စိန်လက်စွပ်ပေးပါ မေမေ … ရွှေနာရီလည်းပေး … ”

“ဟင် … ”

မေမေက သူ့ကို အံ့သြသည့် မျက်လုံးတွေနှင့် မျက်ခွံ့ ကြည့်လာချိန်မှာ သူက နှုတ်ခမ်းကိုက်ပြီး ခေါင်းငုံ့ပြုံးလိုက်သည်။

“သားကို … မေမေ … အံ့သြသွားပြီ … သားပဲ ရွှေဝတ်တဲ့ ယောကျ်ားတွေလောက် အခြောက်နဲ့တူတာ မရှိဘူးဆို ရတနာလည်း ဝတ်တာ မကြိုက်ဘူးဆို … ”

“ဟုတ်ကဲ့ … မေမေ … ကျွန်တော် မကြိုက်တာ မှန်ပေမယ့် တချို့ကျဉ်းမြောင်းတဲ့ လူတွေက ကိုယ့်ကိုယ်ပေါ်မှာ တန်ဖိုးရှိတဲ့ ပစ္စည်းဝတ်မထားဘူးဆိုရင် တန်ဖိုးမရှိဘူး ထင်နေကြတာ … ဒါကြောင့် မေမေ့ကိုလည်း တန်ဖိုးရှိတဲ့ စိန်





ဝတ်နိုင်းတာ … သူတို့မိဘ အသိုင်းအဝိုင်းက ဘယ်လို သဘောထားရှိတယ်ဆိုတာ … မသိသေးဘူး မေမေ … ကိုယ်က ထည်ဝါထားနိုင်မှ တန်ဖိုးရှိမှာ … ”

“အေးလေ … သားသဘော … မေမေကတော့ သား မိန်းကလေးအသိုင်းအဝိုင်းကို မသိရသေးတော့ ဘာမှမသိဘူး”

ပြောပြောဆိုဆို မေမေက ဝတ်ထားသည့် ပုလဲဘယက်၊ ပုလဲလက်ကောင်း၊ လက်စွပ်တွေကို ချွတ်ပြီး သူပြောသည့်အတိုင်း စိန်လော့ကတ်နှင့် စိန်လက်စွပ်တစ်ကွင်း။ ပတ္တမြားလက်စွပ်တစ်ကွင်းနှင့် လက်ကောက်တွေကို တဝွမ်ဝွမ်တချွင်ချွင်ဝတ်လိုက်သည်။

သူ့အတွက်လည်း သူပြောသည့်အတိုင်း စိန်လက်စွပ်၊ ဟန်းချိန်း၊ ရွှေနာရီ ထုတ်ပေးသဖြင့် သူက ပစ္စည်းတွေကို သွက်သွက်ယူဝတ်လိုက်သည်။

အဲဒီနောက် ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ပြီး မေမေနှင့်သားအမိနှစ်ယောက် ပြိုင်တူပြုံးလိုက်မိကာ စိတ်တိုင်းကျသွားသည့်စတိုင်လ်ဖြင့် Hand Phone ကလေးကို ခါးကြားထဲချိတ်လိုက်ပြီး ခေါင်းဆတ်လိုက်တော့သည်။

“အင်း … အိုကေပြီ … မေမေလည်း အိုကေတယ် … သွားကြစို့ … မေမေ … ”



www.burmeseclassic.com

www.burmeseclassic.com



"အေး _ အေး ... သွားစို့သားရေ ... ဒီလောက်ဆို လုံလောက်ပြီ မဟုတ်လား ..."

"လုံလောက်ပါပြီ ... မေမေရဲ့ ..."

"အင်း _ မိန်းမလေးတစ်ယောက်ရဖို့ အရင်းအနှီးစိုက်ရတာ ထိုက်ရတာ ..."

"ဒီလိုပါပဲ မေမေရယ် ... အဟား ... မေမေ့ ချွေးမလောင်းကို မေမေမြင်ရင် သိပ်ချစ်သွားမှာ ..."

"အေးပါတော် ... အေးပါ ... ကြည့်ရသေးတာပေါ့"

မေမေရဲ့ မချိုမချဉ်မဲ့ပြုံးကို သူ ကြည်ကြည်သာသာ ဝဲ အပြုံးနုနုဖြင့် တုံ့ပြန်ပြီး ရန်တို့ အိမ်ကို တက်တက်ကြွကြွပင် ထွက်လာခဲ့ကြပါတော့သည်။

*





## ၁၁

"ရော့ ... ရန် ... ဒါဝတ် ... ဒီလက်ကောက်ကို တစ်ဖက်သုံး ကွင်းစီဝတ် ..."

မာ့မီ ထုတ်ပေးသော စိန်လက်ကောက် ခြောက်ကွင်းနှင့်စိန်လည်တုံတစ်ကုံးကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်မိသည်။

မာမီ ဘာကြောင့်အခုလို ရန့်ကို မင်္ဂလာဆောင်တဲ့ သတို့သမီးတစ်ယောက်လို ဆင်နေတယ်ဆိုတာ သိထားသည့် ရန်က ခေါင်းခဲသထက်ခဲသွားတော့သည်။

ပြီးတော့ တာဝေတို့ သားအမိအပေါ် ဘယ်လောက်အစွည်းချမ်းသာကြောင်း ဝင့်ဖော်ပြလိုက်သည့် မာမီ လုပ်ရပ်ကို ခကျေမနပ်ငြင်းဆန်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"[illegible] _ လေးက လေးနဲ့ ဘာလို့ဝတ်ရမှာလဲ ... မဝတ်
[illegible]"

"မဝတ်လို့မဖြစ်ဘူး ... ရန် ... ညည်းက ... ဘာအချိုး
အဆင့်အတန်းမရှိတဲ့ ရုပ် အမြဲဖမ်းနေတယ် ... ဒါကြောင့်
ကားလေးတစ်စီးတောင် ဝယ်မစီးနိုင်တဲ့ လူတန်းစား
ညည်း ရုပ်ကို ကြည့်ပြီး တက်မှန်းလိုက်တာ မဟုတ်လား
ဝတ် ... ဝတ် ... မြန်မြန်ဝတ် ..."

ပြောပြောဆိုဆို ရန့် လက်တွေကို ဆွဲကိုင်ပြီး ဖ
ျှတ်ဖျှတ်ဝတ်ပေးလိုက်သည့် မာမီကို ဘာမှမပြောသာတော့ဘဲ ငြိမ်
နေလိုက်ရပေမယ့် စိတ်ထဲမှာတော့ မကျေနပ်ခဲ့ဖူး။

ဒါ မာမီ တမင်သက်သက် ပညာပြတာပဲဆိုတာ သိ
ထားသည့် ရန့်က ရောက်မလာသေးသည့် တာဝေတို့ သားအမိကို
အကြင်နာပို အသာနားပိုပြီး မြတ်နိုးစိတ်ပွားသွားရသလို မျက်နှာ
ကြီးကလည်း စူမှုန်မှုန်ကြီး ဖြစ်သွားရသည်။

"ဟဲ့ ... ဒါက ဘာဖြစ်တာလဲ ... မျက်နှာက ရှုစ်ခေါက်ချိုးနဲ့"

"မဝတ်ချင်လို့ပေါ့ ... မာမီရဲ့ ..."

ရန့်က စူစူဆောင့်ဆောင့် ပြောလိုက်လျှင် မာမီမျက်
လုံးကြီးက ဒေါသဖြင့် တင်းမာသွားသလိုဖြစ်သွားပြီးမှ အိမ်ရှေ့သို့
လှမ်းမျှော်ကြည့်လိုက်တာမို့ ရန်ကလည်း မာမီ အကြည့်နောက်သို့





လှမ်းကြည့်လိုက်ချိန်မှာ တာဝေနှင့် တာဝေမေမေကို တွေ့လိုက်ရ
သဖြင့် ရင်တွေတလှပ်လှပ်ခုန် တုန်ယင်သွားတော့သည်။

"ရန် ... ညည်းဧည့်သည်တွေလာပြီ ... ဟိုမှာ သွားခေါ်
လိုက်ဦး"

"ဟုတ်ကဲ့ ... မာမီ ..."

"ဣန္ဒြေမရ နှုတ်ဆက်မနေနဲ့ဦး"

မာမီကို ရန် ဘာမှအထွန့်မတက်တော့ဘဲ တာဝေ
တို့သားအမိဆီ ခပ်သွက်သွက်ကလေး လျှောက်သွားလိုက်ပြီး အပြုံး
နုနုနှင့် ကြိုဆိုလိုက်ပါသည်။

"အန်တီနဲ့တာဝေ ... လာ ... မာမီတို့လည်း စောင့်နေတာ"

ရန့်ကို ချစ်စနိုးဖြင့် သူ့ကိုယ်သူ လူကြီးကြီးလုပ်ပြီး
ကြည့်လာသည့် တာဝေ အပြုံးတွေထဲမှာ ဘာတွေပျော်ဝင်နေတယ်
ဆိုတာကို ရန် သဘောပေါက်စွာဖြင့် ရင်မောသွားရပေမယ့် ... ။

မာမီ ... အထာကို သဘောပေါက်သည့် ချစ်သူရဲ့
အဆင်အပြင်တွေကိုလည်း စိတ်ထဲမှာ မကျေနပ်သလိုနှင့် ကျေနပ်
သွားရသည်။

တာဝေ ပါးနပ်လည်ဝယ်ပုံကြီးကိုလည်း စိတ်ထဲက
ကျိတ်ချီးကျူးလိုက်မိသည်။

သူ့မေမေကို ရှေ့တွေ့သီးနေအောင် ဝတ်စားစေပြီး



www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်း ရွှေနာရီ၊ စိန်လက်စွပ်၊ ဟန်းချိန်းကြိုးကြီးဝတ် [illegible] ဒါ မာမီကို သူတို့ ပစ္စည်းဘယ်လောက်ရှိကြောင်း [illegible]ပြလိုက်တာပင် ဖြစ်သည်ဆိုတာ သဘောပေါက်သည့် ရန် [illegible] ချစ်သူအနားကို တိုးကပ်သွားကာ ခပ်ဘိုးတိုးလေး ချီးကျူး [illegible]ခိုက်မိသည်။

"ရှင် ... တော်တယ် ... "

"မတော်လို့ မဖြစ်ဘူး ... ယောက္ခမကြီးပါးစပ်ကို လန့်လို့"

"အဟင်း ... ဟင်း ... "

ရန် နှုတ်ခမ်းကလေးကို အသာဖိအုပ်ပြီး တိုးတိုးလေးရယ်လိုက်သည့် အချိန်မှာပဲ မာမီက ရန်တို့ ရပ်နေသည့် စားပွဲဆီသို့ ခပ်မှုမှုမင့်မင့်ကြီး လျှောက်လာပြီး အနားရောက်မှ လှစ်ခနဲပြုံးချကာ တာဝေတို့ သားအမိကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်လေသည်။

"မောင်တာဝေတို့ သားအမိ ... ရောက်လာကြပြီလား ... မျှော်လိုက်ရတာကွယ် ... လာ ... လာ ... မမ ... လူကြီးဝိုင်းမှာ ထိုင်ကြမယ် ... ကလေးတွေက ... သူ့ဘာသာ ကလေးဝိုင်းမှာ ထိုင်လိမ့်မယ် ... "

ရန့် မာမီက မေမေ့လက်ကို ဆွဲပြီး သူမတို့ လူကြီးဝိုင်းဆီသို့ ဆွဲခေါ်သွားသဖြင့် သူ ရယ်ချင်သွားရသည်။





အင်း ... ဒီမိန်းမကြီးဟာ အတော်လည်း ပညာမဲ့ပါတကလား။

ဒါ မေမေဝတ်ထားတဲ့ စိန်လော့ကတ်ကြီးရယ်၊ စိန်လက်စွပ်၊ ပတ္တမြားလက်စွပ်တွေရယ်၊ ရွှေလက်ကောင်တွေရယ်ကို တန်ဖိုးဖြတ်ပြီး ရန့်မာမီ "စွာလောင် စွာလောင်" သဘောဲကျကျေနပ်ခြင်းဖြင့် ဖြစ်လေမည်။

ဒါကို အထာပေါက်သည့် သူက စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး နှုတ်ခမ်းကလေးကို ခပ်ဖွဖွကိုက်ကာ အနားမှ လက်ပိုက်မတ်တတ်ရပ်နေသည့် ချစ်သူလေးကို လက်မထောင်ပြလိုက်သည်။

"အိုကေတယ်မို့လား ... "

"အိုကေပါတယ် ... "

သူက လက်မှာ Hand Chain ကြိုးကြီးဝတ်ထားကြောင်း ထောင်ပြလိုက်တာ ဖြစ်သည်။

ဒါကို အထာပေါက်သည့် ရန်က တဟိဟိရယ်ပြီး သူသည်း ဝတ်ထားရတယ်ဆိုကြောင်း လက်နှစ်ဖက်ကို ဆတ်ခနဲ ခါပြလိုက်တော့ စိန်လက်ကောင်တွေက တချွမ်ချွမ်မြည်သွားရလေသည်။

အဲဒီလို မြည်သွားတာကိုပဲ သူနှင့်ရန်က သဘော



www.burmeseclassic.com

www.burmeseclassic.com



အကျူကြီးကျကာ ကျိတ်ရယ်လိုက်ကြပါတော့သည်။

"အဟင်း ... ဟင်း ... ဟင်း ..."

"မရယ်နဲ့ကွာ ..."

"ဟင် ... ဘာဖြစ်လဲ ..."

"လူတွေရှေ့မှာမို့ ပြောနေတာ ... မရယ်နဲ့ ..."

"ဟယ် ရယ်တော့ဘာဖြစ်လဲ ... အဟင်း ... ဟင်း ... အကြံ့တူ ညဏ်ကောင်းတွေကို ရယ်ချင့်လို့ပါ ..."

"မရယ်နဲ့တော့ကွာ ... ကိုယ် အသည်းယားလာပြီ"

"ရှင်နော် ... လက်ကို လာမကိုင်နဲ့ ..."

ဖျတ်ခနဲဆိုသလို ရန့် လက်ကလေးကို သူ့လက်ဖဝါးကြီးဖြင့် ထပ်ဆုပ်လိုက်သဖြင့် ရန်က ရှိုးတိုးရှန့်းတန်းဖြစ်သွားပြီး လက်ကလေးကို ရုန်းလိုက်ပေမယ့် သူက လွှတ်မပေးခဲ့ချေ။

"မမြင်ရပါဘူး ... အာရုံနောက်တယ်ကွာ ... ရန် ... ငြိမ်ငြိမ်နေ ..."

သူက နှုတ်ခမ်းစေ့ပြီး အရုပ်ကလေးလို လှလွန်းသည့် ချစ်သူလေးကို ဇိမ်ပြေပြေ စိုက်ကြည့်နေသည့် အချိန်မှာပဲ အောင်မြင်ထည်ဝါစွာ ထွက်လာသည့် ရန့် ဒက်ဒီ အသံကြီးက သူ့အကြည့်တွေကို ရှိန်းခနဲ တန့်ရပ်သွားရစေတော့သည်။

"အားလုံးပဲ ... ကျွန်တော့်မိတ်ဆွေတွေ ... ကျွန်တော်တို့





ကို ခင်မင်တယ်ဆိုရင် ... ကျွန်တော်တို့ ကျွေးမွေးညှေ့ခံတဲ့ အစားအသောက်တွေကို သုံးဆောင်လိုက်ကြပါဦးဗျာ ..."

အင်း ... ။

ဧည့်သည်များ အစားအသောက်ဖျိုးစုံကို စားနေချိန်မှာ သူနှင့်ရန်ကတော့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်တာ "ကြည့်မဝ ရှုမဝ" "ချစ်နှမ" ဖြစ်နေရပြီဖြစ်သည်။

အင်း လှလိုက်တာကွာ ... ။ ဂါဝန်အဖြူလွလွက လေးနှင့် ဆံပင်စင်းစင်းလေးကို ဂုတ်ကလေးမှာ ဝဲဝဲကလေးချထားသည့် ရန့်ကို (ဒီလောက်အထိ ချောမောလှပလွန်းတာ အဖေ့ကို တူလို့လား အမေ့ကိုတူလို့လှတာလား)ဟု သူမေးလိုက်ချင်ပါသည်။

ဒါပေမဲ့ အမေ့ကို တူတာကတော့ သေချာသည်။

အမေကလည်း အသက်လေးဆယ့်ငါးသာဆိုတယ် နုပြီး ချောလိုက်တာ အသက်သုံးဆယ့်ရှစ်လောက်ပဲ ထင်ရသည်။

ရုပ်လှပြီး နုပျိုခဲ့ပေမယ့် စိတ်ဓာတ်ကတော့ ရုပ်ရည်နှင့် ဆန့်ကျင်ဘက်ပါပဲ။

ရုပ်နဲ့မှမလိုက် ပုပ်စပ်လိုက်တာ။ စကားပြောတော့ သည်း ငါ ချမ်းသာတယ်ဆိုပြီး မာန်နဲ့။ တင်းလိုက်ထန်လိုက်တာ သူ့ရဲ့ ချစ်သူလေး စန္ဒီးပိုက်မင်းသမီးလေးနဲ့များ လားလားမဆိုင်။

သားအမိဆိုပေမယ့် ... အမွေးသာ တူချင်တူမယ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အသွေးမတူဘူးဆိုတာ ဒီသားအမိ ပုံစံပင် ဖြစ်ပါလိမ့်မည်။

"ဟယ် ... ဘာဖြစ်လို့ လူကို ဒီလောက်စိုက်ကြည့်နေရတာလဲ ... ဟိုမှာ မာမီနဲ့ ရှင့်မေမေ လှမ်းကြည့်နေတယ်"

"ဟွန်း ... ကိုယ့်ချစ်သူလေး ... သိပ်လှနေတာကို ကြည့်ရတာ ကြည်နူးလွန်းလို့ပါဗျာ ... အင်း ... ရန် ကြည့်စမ်း ... ယောက္ခမလောင်းကြီး ကြည့်ရတာ တော်တော်ကျေနပ်နေပုံပဲ ... ခမည်းခမက်တွေ အခုမှတွေ့တာ နောက်ကျနေပြီ ဖြစ်နေတယ် ... ရန့် မာမီနဲ့ မေမေ ... ဘာတွေ သဘောကျနေတယ် မသိဘူး ... ကေ့ဒ္ဒ သားရေး သမီးရေး ထင်တယ်"

"ဟုတ်လိမ့်မယ် ... အားကြီးကြီး ... လူပုံအလယ်မှာ ဘယ်သူက ပြောမှာလဲ ... "

"ရန် ... ဒီတစ်ခါတော့ မင်းမာမီ တော်တော်ကြည်တာပဲ နော် ... အံ့ဩစရာပဲ ... "

ရန့် မာမီကို သူဆက်ပြီး အပြစ်တင်ရမှာ မကောင်းတတ်သဖြင့် စကားကို ရပ်ပစ်လိုက်သည်။။

ဒါကို ရန်က အကင်းပါးစွာ ရိပ်မိပြီး သူ့ကို မျက်စောင်းထိုးကာ စားပွဲမှ ထရပ်လိုက်သဖြင့် သူ ခေါင်းကြီးဆတ်ခနဲ မော့ကျသွားရသည်။

"ဟာ ... ဒါဘယ်လဲ ... "





"ညှော်သည်တွေကို ညှော်ခံရဦးမယ်လေ ... ရှင်တစ်ယောက်တည်း မပြီးသေးဘူး"

"နေပါဦးကွာ ... စကားပြောရတာ မဝသေးဘူး"

သူက ဖျတ်ခနဲ ရန့် လက်တလေးကို ဆွဲလိုက်ချိန်မှာ သူတို့စားပွဲကို လှမ်းအကြည့်နှင့် တန်းဆုံသွားသဖြင့် သူ အိုးတိုးအမ်းတန်းကြီး ဖြစ်သွားခဲ့သည်။

မျက်နှာကြီးကို ရေအိုးထဲပဲ ပြေးစိမ်လိုက်ရမလိုပင် ခံစားလိုက်ရသည်။ အဲဒီအချိန်မှာပဲ တစ်ဖက်စားပွဲမှာ မေမေ့ အသံကြီးက သူ့ရင်ကို လှပ်ခနဲ အမူးလွန်သလို ခံစားလိုက်ရပြန်သည်။

"မြတ်ရေ ... မမတို့ ပြန်တော့မယ် ... "

"နေပါဦး ... မမရယ် ... လူရင်းတွေပဲ ... နေကြပါဦး ... စောလည်းမပြန်နဲ့ဦးနော် ... "

လူကြီးတွေပဲ သီးသန့်ထိုင်နေကြသည့် သူ့ အရှေ့ဘည့်တည့်က စားပွဲမှာ မေမေ ပြန်ထိုင်လိုက်ရသလို သူလည်း သူ့ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရသည်။

အဲဒီအချိန်မှာ ရန့် မာမီ အသံကြီးက သူ့နားထဲသို့ အားကလောစွာ ဝင်ရိုက်လာခဲ့ပြန်သည်။

"စော ... မောင်ထင် ... ဘယ်တော့ ပြန်လာမှာလဲ ... အခုတစ်ပတ် ... မောင်ထင် ဝယ်လိုက်တဲ့ ကားလေးသိပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲ … မြတ်လည်း အဲဒီကားမျိုးလေးပဲ လိုချင်ခဲ့တယ် … အိမ်မှာက ကားသုံးစီးရှိပေမယ့် အဖေကလည်း သုံးနှစ်အပြင် ပိုမစီးဘူး … သမီးကလည်း သုံးနှစ်ပဲ … မြတ်လည်း ဒီအတိုင်းပဲလေ … မောင်ထင် ဝယ်လိုက်တဲ့ ကားလေးကို သဘောကျနေတာ … အခုတစ်ပတ် စောတို့ အိမ်ကိုလာရင် ကားကို သေချာကြည့်ဦးမယ် … ဈေးဘယ်လောက်ပေးရမလဲ ဟင် … စော …"

ရန်နဲ့ မာမီ ပြောလိုက်သည့် စကားသံတွေက တစ်ခုခုပျော်ဝင်နေပြီဆိုတာ သူ ကောင်းစွာ သဘောပေါက်လိုက်သည်။

အလွယ်တကူ သဘောပေါက်လို့လည်း သဘောပေါက်သည့် မျက်လုံးတွေနှင့် ရန့်ကို ခပ်ထွေထွေ ကြည့်လိုက်တော့ ရန်က မျက်လွှာလေးသိမ်းပြီး သူ့အကြည့်တွေကို ရှောင်လွှဲလိုက်လေသည်။

ဒီအချိန်မှာ သူ မေမေ့ကို လှမ်းကြည့်လိုက်ပြန်တော့ မေမေက ရန့် မာမီတို့ စကားမှာ ကျဉ်းကျပ်နေသလို အနေကျုံ့နေရပြီမို့ သူ မျက်မှောင်တွန့်ကာ စကားဝိုင်းကို နားစွင့်လိုက်သည်။

"သိန်းရှစ်ရာလောက်ပါပဲ … မြတ်တို့ အနေနဲ့ ပါသေးပါမွှားလောက်ပါပဲ …"

အကြွားများနေသည်ဖြစ်သည့် ဒီစကားဝိုင်းကနေ





သူ မေမေ့ကို ဆွဲထုတ်ချင်သွားပြီမို့ သူ မေမေ့ကို မျက်လုံးချင်းဆုံအောင် လှမ်းကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ မေမေကလည်း သူ့ကို လှမ်းကြည့်နေတာနှင့် တန်းဆုံသွားပြီး သူနှင့် မေမေ မအီမလည် ပြုံးလိုက်မိကြသည်။

သူ့ အပြုံးတွေကို မေမေက တန်းသဘောပေါက်သွားပြီး ထိုင်နေရာမှ ထရပ်လိုက်ကာ …

"ပြန်တော့မယ် … မြတ်ရေ … အိမ်မှာ ဧည့်သည်နဲ့ချိန်းထားလို့ …"

"ဩော် … မမတို့မှာ ကားပါလာတယ် မဟုတ်လား …"

"မပါဘူး … မြတ်ရဲ့ … မမတို့မှာ ကားမရှိဘူး … တက္ကစီနဲ့လာတာ …"

"ဩော် … မောင်တာဝေတို့က ကားမရှိဘူးတဲ့လား … ဒီလိုမှန်းသိရင် စောစောက အန်တီတို့ ဒရိုင်ဘာလွှတ်ပြီးလာခေါ်တာပေါ့ … အခုလည်း ပြန်ပို့ပေးမယ်နော် … အိမ်မှာက ကားသုံးစီးရှိတော့ ကားသုံးရတာ အခက်အခဲမရှိဘူး … ဘာမှ အားမနာနဲ့နော် … မြတ်တို့ကားနဲ့ လိုက်ပို့ပေးမယ် …"

စေတနာပါသလိုပြောပြီး သူတို့သားအမိကို နှာမ်နှိမ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို သိလိုက်ပြီဖြစ်သည့် သူက နှုတ်ခမ်းအစုံကို တင်း[illegible]ကြည့်နေသည့်အခိုက် [illegible]က မေမေ့ကိုပဲ စိုက်ကြည့်နေလိုက်သည်။

အဲဒီအချိန်မှာ မေမေကလည်း ရန့် မာမီကို လက်[illegible]နှင့် ...

"ရတယ် ... ရတယ်မြတ် ... မမတို့ဘာသာပဲ ပြန်မယ်"

မေမေ စားပွဲက လှည့်ထွက်လိုက်ချိန်မှာ စောစော[illegible]ဘ ရန့်မာမီနှင့် အကြားသန်နေသည့် အမျိုးသမီးကြီးကည်း ရန့်မာမီကို ပြန်ဖို့နှုတ်ဆက်လိုက်ပြန်သည်။

"မြတ်ရေ ... စော ပြန်တော့မယ် ... ဒီနေ့ သားဖုန်းဆက်မှာလေ ... အချိန်နောက်ကျမှာစိုးလို့ သွားလိုက်ဦးမယ်နော် ... "

"ကောင်းပြီ ... စောရေ ... သန်ဘက်ခါ နေ့လယ်လောက်မြတ် ကားလာကြည့်ဦးမယ် နော် ... "

သူနှင့် မေမေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိသလို မအီမလည်ရှိခဲ့ပေမယ့် ...

မေမေကတော့ ရန့် မာမီကို သံယောဇဉ်အပြုံးဖြင့် နှုတ်ဆက်နေပြန်သည်။

"ပြန်တော့မယ် ... မြတ်ရေ ... "

"ဟုတ်ကဲ့ ... မြတ်တို့ကားနဲ့ လိုက်ပို့မယ် ... နေဦး ...





သမီး ... ဒရိုင်ဘာကို သွားပြောလိုက်ပါကွယ် ... "

"နေပါစေ ... အန်တီ ... ကျွန်တော်တို့ လာတုန်းကလိုပဲ တက္ကစီနဲ့ပြန်လိုက်ပါ့မယ် ... ကျွန်တော်တို့ သွားလိုက်ပါဦးမယ် ... ရန် ... ငါတို့သွားတော့မယ် ... "

"အေး ... အေး ... မောင်ဝေ ... အန်တီတို့ရဲ့ အတိုင်းအတာတစ်ခုကို တွေ့ပါတယ်နော် ... အန်တီတို့ရဲ့အနေနဲ့ မောင်တာဝေတို့ကို ကြည့်မယ်ဆိုရင် သမီး စိတ်ချမ်းသာအောင်မဖြစ်မနေ လက်ခံခဲ့ရတဲ့ သဘောလောက်ပါ ... အန်တီက သမီးကို အန်တီတို့ အဆင့်အတန်းထက် မနိမ့်တဲ့ ဘဝတစ်ခုကို ဖြစ်စေချင်တာ ... မင်း ... အန်တီတို့လို အနေအထားဖြစ်အောင် အများကြီး ကြိုးစားရဦးမယ် ... မောင်တာဝေ"

"မာမီ ... "

"သမီး ... မာမီကို ဘာမှဝင်မပြောနဲ့ ... အန်တီ ရှင်းရှင်းပဲ ပြောချင်တယ် ... မောင်တာဝေ ... သမီးကို အန်တီတို့လို အနေအထားအထိ ထားနိုင်မယ်ဆိုရင်တော့ သမီး ဆန္ဒအတိုင်းဖြစ်စေရမယ် ... မမကိုတော့ မြတ် အားနာပါတယ်"

မေမေ့ကို အားနာပါတယ်ဆိုတဲ့ စကားတစ်ခွန်း[illegible]ည်းနှင့် ဂရုမစိုက်ဘဲ ပြောခဲ့သည့် စကားတွေက လူပုံအလယ်မှာ [illegible]မရှိသမျှ ဝုဏ်သိက္ခာကို ချခွဲလိုက်သလို သူ့ဂုဏ်သိက္ခာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်စော်ကားလိုက်ပြီဆိုတာ နောက်ကျမှ သိခွင့်ရသည့် သူ့နှင့် မေမေပါတော့ အရှုံးတွေကို ရင်ဝယ်ပိုက်ပြီး လာရာလမ်းအတိုင်း ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်ရတော့သည်။

သူ့ရင်ထဲမှာ အစာမကြေဖြစ်နေခဲ့ပေမဲ့လည်း သူ့စ ကြီးဟာ သူသိပ်ချစ်သည့်မိန်းမရဲ့ မိခင်ဆိုသည့် အသိနှင့် ခံပြင်းသည့် ခံစားမှုတွေကို ကြိတ်မှိတ်မျိုချကာ အနားမှာ ဖြေရှင်းရခက်နေသည့် ချစ်သူလေးကို တစ်ချက်စိုက်ကြည့်ပြီး သူကျောခိုင်းလိုက်ပါသည်။

အဲဒီနောက်မျက်နှာတစ်ချက် ပြန်လှည့်ကာ ရန့်မား ကို အချိုသာဆုံးနှုတ်ခမ်း ပျားရည်ဆွတ်ဖျန်းသလို နားဝင်ချိုအောင် ပြောလိုက်ရပါတော့သည်။

"အန်တီ ... ကျွန်တော် နားလည်ပါတယ် ... အန်တီ့အတွက် ဆုံးဖြတ်ချက်တစ်ခုလိုအပ်သွားပြီဆိုရင် ... အန်တီဆုံးဖြ ချက်ကို ဖြည့်ပေးဖို့ ကျွန်တော့်မှာ တာဝန်အပြည့်ရှိပြီဆိုတ ကျွန်တော် ခံယူပါတယ် ... အန်တီ လိုချင်တဲ့အတိုင်းအ တစ်ခုကိုဖြစ်နိုင်၊ မဖြစ်နိုင် ဆိုတာကတော့ နောက်နေ့ အန်တီနဲ့ ဆွေးနွေးပါမယ် ... ခွင့်ပြုပါဦး အန်တီ ..."

ရန့်မာမီရဲ့ ခေါင်းညိတ်အဖြေကို သူ မစောင့်တော့ ဘဲ မျက်နှာကို ချာခနဲလှည့်ပစ်ကာ ရန်တို့အရှေ့မှ ... လှည့်ထွ လာခဲ့တော့သည်။





အခုလို သူလှည့်ထွက်လာတဲ့အချိန်မှာ
သူ့ရင်ထဲ နင့်ခနဲနာကျင်သွားခဲ့ရသလို
မေမေပါ ကျရှုံးခဲ့ရသည့်ပွဲအတွက် သူ ဒီခံစားမှုကြီး ကိုဘယ်တော့မှ မေ့ဖျောက်ဖို့ မကြိုးစားတော့ဘူးဆိုတာကိုတော့ ဆုံးကြည်မှတ်သားလိုက်ရတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ရန့်ကိုသိပ်ချစ်ခဲ့လို့ ကျရှုံးခဲ့သည့် သူ့အဖြစ်ကို မေခေ အတော့ တစ်သက်လုံးခွင့်လွှတ်မှာမဟုတ်တော့ချေ။

သူကတော့ မေမေ့ကို အနူးအညွတ်တောင်းပန်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

အခုလည်းပဲ ချစ်သူအတွက် ယောက္ခမတိုက်ပွဲခေါ် သံကို ရင်နာနာနှင့်ပင် နားထောင်ရဦးမည်ဖြစ်သည့်အတွက် ·

သူ့ရင်ထဲက နာကျင်သည့်ခံစားမှုတွေကို အံခဲတင်းနေပြီး သူ့အမုန်းဆုံးမိန်းမကြီးကို ပညာသားပါပါဖြင့် အချိုသာဆုံး အသံဖြင့် ဖုန်းဆက်နှုတ်ဆက်လိုက်ရပြီး တွေ့ဆုံခွင့်တောင်းလိုက်ရ ပါသည်။



"ဟယ်လို ... အန်တီ ... မင်္ဂလာပါ ... အန်တီ"

"ဩော် ... မင်းလား ... အေး အေး မင်္ဂလာပါကွယ် ... ဒါနဲ့ မင်း အန်တီ့ဆီဖုန်းဆက်တယ်ဆိုတော့ ... မင်းဘ၀ အတွက် လိုအပ်တဲ့ဆုံးဖြတ်ချက်တစ်ခု ရသွားပြီလား"

"ဟုတ်ကဲ့ ... ကျွန်တော် အန်တီနဲ့ဆွေးနွေးချင်ပါတယ် ... အန်တီ့ကို ကျွန်တော် ဘယ်မှာတွေ့ခွင့်ရမလဲဟင်"

"အေး ... အန်တီ ... အခု အန်တီ့ကုမ္ပဏီကိုသွားမလို့ ... မင်းတွေ့ချင်တယ်ဆိုရင် အန်တီ့ရုံးခန်းကိုလာခဲ့လေ ... အန် တီ့ ရုံးခန်းကိုရောသိရဲ့လား"

"သိပါတယ် အန်တီ ... ဒါဆို ... ကျွန်တော် အခုပဲလာလိုက် မယ် ... "

"ကောင်းပြီ ... ကောင်းပြီ"

"ဩော် ... အန်တီ ... ကျွန်တော် ရန့်နဲ့စကားပြောချင်တယ်၊ အန်တီ့ကိုခွင့်တောင်းတာပါ ... "

"ပြောလေ ... သမီးဖုန်းကိုဆက်လိုက်လေ ... ရတာပဲ"

တစ်ဖက်မှ သူသိပ်မုန်းသည့်မယ်တော်ကြီးဖုန်းပိတ် သွားချိန်မှာ သူကတော့ ချစ်သူလေးဆီ ဖုန်းခေါ်လိုက်ပြန်သည်။

ဒီအချိန်မှာ သူ ရင်တွေနာနေသလို တစ်စုံတစ်ရာ အတွက်လည်း ဝမ်းနည်းနေသလိုခံစားနေရသည်။

www.burmeseclassic.com



ရင်ထဲမှာ ဝမ်းနည်းလွန်းလို့ ကွက်လပ်ကြီးတွေဖြ[illegible] တစ်ဖက်မှ ရန့်အသံလေးက ဖုန်းထဲကိုအက်ရှရှလေးတိုး ဝင်လာခဲ့တော့သည်။

"တာဝေ"

ရန့်အသံက သူ့နှလုံးသားထဲကို စူးခနဲ နစ်ဝင်သွားသလို သူ ခံစားလိုက်ရသည်။

"ရန် ..."

သူကလည်း ကြေကွဲလှိုင်းဖြင့် ရန့်နာမည်လေးကို ခေါ်ချလိုက်သည်။

အဲဒီအချိန်မှာပဲ ဖုန်းထဲက ငိုရှိုက်သံလေးနှင့်ပြော လာသည့် ရန့်အသံလေးက သူ့ကိုပိုပြီး ရူးသွပ်သွားစေခဲ့ရသည်။

"တာဝေ ... ရန်လေ ... ရန် ... ရှင့်ဘက်က ဘာတစ်ခုမှ ကာကွယ်ရပ်တည် မပေးနိုင်ခဲ့ဘူးလို့ ရှင်ထင်နေသလား ဟင် ..."

"ဘာလို့ ကာကွယ်ရပ်တည်မပေးရမှာလဲ ... မိန်းမတစ် ယောက်ကာကွယ်ရပ်တည်ပေးမှုကို ကိုယ်က လိုအပ်တဲ့ ယောကျ်ားမှ မဟုတ်တာ ... ကျစ် ... ထားလိုက်စမ်းပါ ရန်ရယ် ... နောက်ကြောင်းပြန်ခေါက်မနေစမ်းပါနဲ့ ... ရှေ့ သို့ပဲ ... ကိုယ် ရန့်အမေနဲ့ ဆွေးနွေးခန်းဝင်တော့မယ် ...





အဲဒါဘာဖြစ်လို့လဲသိလား ရန် ..."

"ဟင့်အင်း ... မသိဘူး"

"မင်းကို သိပ်ချစ်လို့ပေါ့ ရန်ရယ် ..."

"ရန်လည်း ရှင့်ကိုသိပ်ချစ်တယ် ... ခွဲနိုင်ဘူး ..."

"ရန် ... ကိုယ့်ကို တကယ်ချစ်ခဲ့ရင် ကိုယ်ပြောတာကို အသေအချာနားထောင်နော် ... ကိုယ့်ကို ရန် ဘာမှကာ ကွယ်ရပ်တည်ပေးစရာမလိုဘူး ... ဒါပေမဲ့ ကိုယ် ရန့်မာမီ ရှေ့မှာ ရှုံးခဲ့တဲ့ အရှုံးတွေအတွက် ရန့်ဘက်က တာဝန်ယူ တဲ့ ပေးဆပ်မှုတစ်ခုကိုပဲ လိုချင်တာ ... အဲဒါ ခင်ပေးနိုင်ပါ့ မလား ရန် ..."

"ပေးနိုင်ပါတယ် ... ရန် ရှင့်ရဲ့အရှုံးတွေအတွက် ဘာမဆို ပေးဆပ်ရဲပါတယ် ..."

"ကတိနော် ... promise အိုကေ အခု ကိုယ် မင်းအမေရုံးခန်း ကို သွားတွေ့ပြီးဆွေးနွေးတော့မယ် ...ကိုယ်တို့နှစ်ယောက် ဘဝအတွက် တိကျခိုင်လုံတဲ့ ဆွေးနွေးမှုပေါ့ကွာ ... ရန် ဘာမှမစိုးရိမ်ပါနဲ့ ... ကဲ ... ကိုယ်ဖုန်းပိတ်ပြီနော် ရန်"

သူ ဖုန်းပိတ်လိုက်သည့် အချိန်မှာတော့ သူ့ကိုမလင်း တထိမျက်လုံးတွေနှင့် စိုက်ကြည့်နေသည့် မေမေ့မျက်လုံးတွေက သူ့ဘဝကို (လန်းနေသည့်သူ့နှလုံးသား)ကို ချောင်ပိတ်မိသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့သည်။

မေမေ့ကိုလည်း ဘာပြန်ပြောရမှန်းမသိ စွန့်အကြေ ကွဲမှာ ခေါင်းငုံ့ချလိုက်ချိန်မှာ မေမေက သူ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်း ကြမ်းဆွဲခါပြီး ပေါက်ကွဲပါတော့သည်။

"မင်းကို မေမေ မနေ့ကတည်းက အပြတ်ပြောပြီးပြီနော် မင်း ဒီအသိုင်းအဝိုင်းထဲကို လုံးဝမဝင်ရဘူးလို့ ... "

"ဟုတ်ကဲ့ ... မေမေ ပြောခဲ့ပါတယ် ... ဒါပေမဲ့ ကျွန်တော် သူ့ကို သိပ်ချစ်တယ် ... သူ့ကိုဘယ်နည်းနဲ့မှ မခွဲနိုင်ဘူး ... ကျွန်တော့်ဘဝမှာ မေမေပြီးရင် သူဟာ ဒုတိယဘဝပဲ ... သူ့ကိုသိပ်ချစ်ခဲ့လို့ ကျွန်တော် ဖြစ်အောင်ကြိုးစားခဲ့တာတွေ က သူ့အမေကို ကောင်းကောင်းကြီး ပြန်အနိုင်ရလိမ့်မယ် လို့ ယုံကြည်ပါတယ် ... ကျွန်တော်က မေမေ့သားပါ ... ဘယ်တော့မှ ခေါင်းငုံ့မခံပါဘူး မေမေ ... "

"မင်းက ... ဘယ်လိုနည်းနဲ့ သူတို့ကို တုံ့ပြန်အနိုင်ယူမှာလဲ မေမေတော့ မထင်ဘူး ... မင်း သူတို့အသိုင်းအဝိုင်းကို မတွန်းလှန်နိုင်ပါဘူး ... သူတို့သမီးကိုလည်း မင်းအလွယ် ကလေးရလိမ့်မယ်လို့ မထင်နဲ့ ... မင်း ဒီထက်မမိုက်ချင် တော့နဲ့သား ... မင်းပဲ နှစ်ခါပြန်သုံးခါပြန် ရှုံးမှာ ... "

"ကျွန်တော် ဒီတစ်ခါပဲ ... သူနဲ့ပတ်သက်ပြီး အရှုံးကိုနောက်ဆုံးအကြိမ် ခံယူပါ့မယ် မေမေ ... ကျွန်တော်ဟာ မေမေ့ သားပါ ... မေမေရဲ့ဂုဏ်သိက္ခာနဲ့အရှက် ... ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာနဲ့အရှက်ကို ကျွန်တော် ရတဲ့နည်းနဲ့ပြန်ပြီးအနိုင် ယူမှာပါ ... ကျွန်တော် အခုချိန်ကစပြီး အဲဒီအမျိုးသမီးကြီး ကို အနိုင်ရအောင် လုပ်မယ် ... အဲဒါဆိုရင် မေမေ ကျေနပ် မလားဟင် ... "

"ကျေနပ်ရမယ် ... ဘာကိုကျေနပ်ရမှာလဲ ... မင်းသိပ်မိုက် နေပါလား သား ... "

"ကျွန်တော် သူ့ကိုသိပ်ချစ်တယ် မေမေ ... ကျွန်တော် သူ့ကို မခွဲနိုင်ဘူး ... ကျွန်တော် သူ့ကိုလက်မထပ်ရရင် ကျွန်တော့်ဘဝ နှလန်ထွက်မှာမဟုတ်တော့ဘူး ... "

"ဘုရားရေ ... မင်းက အဲဒီလောက်အထိ ဒီမိန်းကလေးကို စွဲလမ်းတာ ... ကောင်းပြီလေ ... သား သူ့ကိုအလိုရှိနေမှ တော့ မေမေကလည်း လက်ခံရတော့မှာပေါ့ ... မင်း ရန့် ကို မေမေ့ရဲ့ချွေးမဘဝထဲ အရခေါ်နိုင်မယ် ဆိုရင်တော့ မေမေ သူ့ကို ချွေးမအဖြစ် လက်ခံနိုင်ပါတယ် ... "

မေမေ့ဆီက မမျှော်လင့်ထားသည့် စကားကိုကြား လိုက်ရသည့်သူမှာ ဘယ်လိုဝမ်းသာမှန်းမသိ ဝမ်းသာသွားရကာ မေမေ့ကိုယ်လုံးကြီးကို ပိုက်ဖက်ပြီး ရှက်ကိုးရှက်ကန်းပြုံးရယ်လိုက်







www.burmeseclassic.com

www.burmeseclassic.com



ခိုင်ခဲလှသည်။

"ဟွန်း ... ကျွန်တော်ကလည်း သူ့ကို မေမေ့ချွေးမဘဝထဲ ကို ခေါ်လာခဲ့မှာပါ ... ကျွန်တော်က သူ့အမေအတွက် သခင်တစ်ယောက် မဖြစ်စေရဘူး ... မေမေ့အတွက် သား တစ်ယောက် အမြဲဖြစ်စေရပ့ါမယ် ... "

ဒီအခိုက်မှာ အေးခဲခဲကြီးပြုံးလိုက်သည့် မေမေ့အပြုံး က သူ့ရင်ကိုနွေးထွေးမှု မရှိခဲ့ပေမဲ့ တစ်ဒင်္ဂတော့ သူ့စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလိုက်ရပါတော့သည်။





၄.

ရန့်မာမီ ရုံးခန်းထဲကို လှမ်းဝင်ဝင်ချင်း မြင်တွေ့လိုက်ရသည့် မြင်ကွင်းက (လှေငယ်တစ်ယောက်လို ရှပ်လက်တို ခုတင်သာသာ)ကလေးကို ဝတ်ထားသည့် ရန့်မာမီကို မျက်မှောင်ကြုတ်ပြီး မကြည့်မိအောင် သတိထားလိုက်ရပြီး မုန်းစိတ်တွေကိုပဲ ရင်ထဲမှာကျိတ်မျိုချလိုက်ရသည်။

"ဪ ... မင်းရောက်ပြီကိုး"

ဆိုပြီး စတိုင်အပြည့်ဖြင့် ဆုံလည်ဆိုဖာကြီးမှာ လက်ပိုက်မှီပြီး သူ့ကိုအထင်သေးသည့် မျက်လုံးတွေနှင့် အကဲခတ်ကာ မျက်လုံးကြီးဝင့်ကြည့်လာသည့် ဒီအမျိုးသမီးကြီးကို သူ့စိတ်ထဲက မုန်းတီးလှပေမဲ့ အပြုံးတုတစ်ခုကို အလျှင်အမြန်တပ်လျက် နှုတ်ဆက်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ..."

"အေး ... အေး ... ရောက်လာပြီဆိုတော့လည်း စကားပြောရတာပေါ့ ... ထိုင်ကွယ် ... မောင်တာဝေ"

သူမကြီး လက်ညှိုးညွှန်ပြလိုက်သည့် ဆိုဖာတစ်လုံးမှာ သူဝင်ထိုင်လိုက်ပါသည်။

Air-conအငွေ့အသက်က ရုံးခန်းထဲဝင်လာကတည်းက ကျပ်တည်းနေသည့် သူ့ခံစားမှုတွေကို တစ်ဝက်ပျောက်သွားသလို ခံစားလိုက်ရတာမို့ ရန့်မာမီကို သူသတ္တိရှိရှိ ရင်ဆိုင်ကြည့်လိုက်ပါတော့သည်။

သူ့အကြည့်တွေကို ရန့်မာမီက မျက်မှောင်တစ်ချက်ကွန့်ပြီး ...

"မောင်တာဝေ ... အန်တီ့ကို ဘာပြောချင်တာလဲ"

သူ့မျက်နှာကို မျက်နှာမူ မျက်နှာမောင်းဖြင့် ခပ်တင်းတင်းကြည့်ပြီးပြောလာသည့် ရန့်မာမီကို သူရိုးသားအေးဆေးစွာ ခေါင်းညိတ်ပြလိုက်ပါသည်။

ဒီအချိန်က (သူမကြီးအချိန်မို့) သူမကြီး မညှာမတာပြောလာမဲ့စကားတွေကို သူငြိမ်သက်စွာ နာခံဖို့ ဆုံးဖြတ်ထားခဲ့သည်။

"ဘာလဲ ... အပြောရခက်နေလို့လား ... မောင်တာဝေ"





သူ ခဏငြိမ်နေတာကို အတွေးတစ်လွဲပေါက်ပြီးမေးလာသည့် ရန့်မာမီကို သူကခေါင်းခါပြလိုက်ရင်းက ငြင်းဆိုချက်ထုတ်လိုက်သည်။

"အပြောရမခက်ပါဘူး အန်တီ ... နဝိုတတ်ည်းက ဆုံးဖြတ်ပြီးမှ အန်တီနဲ့တွေ့ခဲ့တာပါ ..."

"ကောင်းပါပြီ ... မင်း ဘာပြောချင်တာလဲ ..."

"ကျွန်တော် အဓိကပြောချင်တာက ... ကျွန်တော် ရန့်ကို အန်တီတို့ လိုချင်တဲ့ အတိုင်းအတာ တစ်ခုရောက်အောင် ကြိုးစားပြီး ထားနိုင်မှ ... အန်တီတို့ဆန္ဒအတိုင်း လက်ထပ်ချင်ပါတယ် ..."

"ဟုတ်ပါပြီလေ ... မင်းတို့ချစ်သူနှစ်ယောက်ကိုလည်း ... အန်တီက ခွဲဖို့အထိ မဆုံးဖြတ်မိသေးပါဘူး ..."

ညစ်တီးညစ်ကျယ် ပြောလာသည့် ရန့်မာမီကို သူ အတတ်နိုင်ဆုံး သည်းခံနိုင်မှ ရန့်နဲ့ခွဲခွာရမည့် နှစ်တွေအတွက် ဘုရားတော်ကို စိတ်ချယုံကြည်ရလေမည် ... ဖြစ်သည်။

ဘုရားတော်ကတော့ သူ မျက်မှန်းကျိုးသထက်ကျိုးအောင် သူ့ကို တနုံ့နုံ့ရိုက်နှက်နေခဲ့လေပြီ။

"အင်း ... အခု ... အန်တီတို့ အနေအထားတစ်ခုကို မင်းသိမြင်တွေ့ပြီးသားပါ မောင်တာဝေ ... အခု မောင်တာဝေ



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့အတိုင်းပဲ ... အန်တီ့ရုံးခန်းတစ်ခုကိုပဲကြည့်ပေါ့”

ကျယ်ပြန့်သော ရုံးခန်းကျယ်ကြီးကို လက်ညှိုးညွှ

ပြလိုက်သည့် ရန့်မာမီကို သူ ခေါင်းညိတ်ထောက်ခံလိုက်ရသည်။

စိတ်ထဲမှာတော့ နည်းနည်းလေးမှ မကြည်လင်

ဘာတို့တော့ သူမကြီးကမခံစားတတ်လို့လားမသိဘဲ သူမရဲ့ကြွယ်

မှုတွေကို ကြွားလုံးပစ်လာခဲ့ပြန်လေသည်။

“ရုံးခန်းသီးသန့် အနားယူခန်းကိုတောင် ငွေကြေးအရင်း အနှီး ဘယ်လောက်အထိ မြှုပ်နှံထားတယ်ဆိုတာ မောင် တာဝေ အတွေ့ ... ဒီလိုအဆင့်အတန်းမျိုးဖြစ်အောင် နေ့ သတ္တု ကြိုးစားခဲ့ရတယ် ... အန်တီတို့ကြိုးစားသလို အန်တီ့ သမီးကို လက်ထပ်မဲ့ သူမှာလည်း အရည်အချင်းအပြည့် စေချင်တယ် ... အန်တီတို့ရဲ့စည်းစိမ်ကို မက်မောလို့ သမီး ကို ရွေးချယ်တဲ့ ယောကျာ်းမျိုးကိုတော့ အန်တီ လုံးဝလက် မခံနိုင်ဘူး မောင်တာဝေ ... ”

ရန့်မာမီရဲ့ စော်ကားလွှန်းသည့်စကားတွေက သူ့ အသည်းနှလုံးကို ပွင့်ထွက်သွားမတတ် မူးမိုက်အမှောင်ဖုံးသွားရ လေတော့သည်။

ဒါပေမဲ့ အသိနဲ့သတိကိုယှဉ်ပြီး ဒီအချိန်မှာ သူထင် တိုင်း ပေါက်ကွဲလို့မဖြစ် ... ။





ဒီအချိန်က သူမကြီးရဲ့အချိန် ... ။

သူမကြီး ပြောသမျှ ဆိုသမျှကို ခေါင်းငုံ့သည်းခံဖို့ပဲ ရှိတော့သည်။

သို့သော် ရင်ထဲကရှိသည့် အတိုင်းအတာတစ်ခုကို တော့ ရန့်မာမီသိအောင် သူဖွင့်ဟဝန်ခံလိုက်ပါသည်။

“ကျွန်တော် မိန်းမတစ်ယောက်ရဲ့ စည်းစိမ်ချမ်းသာကို မှီခို စားတဲ့ ယောကျာ်းတစ်ယောက် မဟုတ်ဘူးဆိုတာကိုတော့ အန်တီ သိစေချင်ပါတယ် ... ကျွန်တော် ရန့်ကိုချစ်ခဲ့တဲ့ အချစ်တွေဟာ သူ့မှာရှိတဲ့ စည်းစိမ်ချမ်းသာနဲ့မဆိုင်ပါဘူး အန်တီ ...

“ကျွန်တော် ... သူ့ကို အန်တီတို့လို မြင့်မြင့်မားမားထား နိုင်တဲ့ အနေအထားမျိုး ကြိုးစားပြီးမှ အန်တီလိုချင်တဲ့အနေ အထားအထိ လုပ်ဆောင်ပေးမှာပါ အန်တီ ... အဲဒီအတွက် ကျွန်တော့်ကို လုံလောက်တဲ့အချိန် တစ်ခုကိုတော့ ပေးရ လိမ့်မယ် အန်တီ ... ”

ရန့်မာမီမျက်နှာတွင် မခိုးမခန့်အပြုံးရိပ်တွေ စွန်း သွားတာက လူကြီးတစ်ယောက် အနေနှင့် တော်တော်မချေမငံ ဖြစ်သွားလေသည်။

ဒီအမျိုးသမီးကြီးဟာ သူနှင့်ရန့်ကို အမျိုးမျိုးမကွဲ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ညှိနည်းနဲ့ နှိပ်စက်နေပြီဆိုတာကို သူလက်ခံယုံကြည် [illegible]တော့သည်။

ဒါပေမဲ့ ...

သူကလည်း သူမကြီးကို ရင်ထဲက မုန်းပင်မုန်းနေ သော်က မမုန်းဘူးစတိုင်လ်ဖြင့် မျက်နှာလေးဖျော့ကာ သူမအရှေ့မှာ တုပ်ကျုံးနွံ့နွံ့ရှိနေခဲ့တာက တစ်နည်းအားဖြင့် ရန့်မာမီကို ယုံကြည်အောင် ကျုံးသွင်းလိုက်ခြင်းပင်ဖြစ်သည်။

ဒီအချိန်မှာ သူမကြီး သူ့ကိုအမြင်ကြည်လင်ပြီး အမျက်မရှိမှ သူ စားသာမည်မို့ သူက လူရိုးလေးမျက်နှာပေးနှင့် အရိုးသားဆုံး သူမအရှေ့မှ နေပြလိုက်သည်။

သူမကြီးကလည်း သူ့ကိုလူရိုးလေးတစ်ယောက်ကို သနားစဖွယ် ကြည့်သည့်အကြည့်တွေဖြင့် တစ်ချက်ကြည့်ကာ မျက်နှာကြီးကိုပင့်မော့လျက် ...

"မင်းရဲ့အချိန်တစ်ခုဆိုတာ ဘယ်လောက်လဲ ... လူတစ်ယောက်ဟာ ကံ ဉာဏ် ဝီရိယနဲ့အညီ ကြိုးစားခဲ့ပေမဲ့ ကြိုးစားတိုင်း ခပါက်တဲ့သူဟာ အင်မတန်နည်းတယ် ... မောင်တာဝေ ... ဘက်စုံငွေအရင်းအနှီး မြှုပ်နှံထားနိုင်တဲ့သူတောင်မှ ကိုယ်လုပ်တိုင်း မဖြစ်ဘူး ... အရှုံးနဲ့အမြတ်ဟာ အမြဲတမ်း ဖွန်တွဲနေခဲ့ကြတာ ... "





မျက်ခုံးနှစ်ဖက်ပင့်ပြီး သူ့ကိုမခိုးမခန့်ပြုံးကြည့်လာသည့် ရန့်မာမီကို သူ စိတ်ဒုံးဒုံးချပြီး ဒီအတိုင်း ပင်စိုက်ကြည့်နေလိုက်သည်။

သူမကြီး ဆန္ဒရှိသရွေ့ ပြောလိုရာပြောပါစေတော့။

ဒီအချိန်မှာ သူ အရှုံးပေးပါသည်။

"ထားပါလေ ... မင်းစိတ်ဓာတ်ကျအောင် ပြောတာမဟုတ်ပါဘူး ... မင်း ကြိုးစားမယ်ဆိုတော့ အန်တီ ဂုဏ်ယူပါတယ်၊ အန်တီက ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့်ခြေထောက်ကို ကိုယ်ရပ်တည်ပြီး ကြိုးစားတဲ့လူမှန်သမျှကို ချီးကျူးတယ် ... အန်တီတို့အသိုင်းအဝိုင်းထဲမှာလည်း ဒီလိုကြိုးစားတဲ့ကောင်လေးတွေ အများကြီးပဲလေ ... သူတို့လေးတွေကို အန်တီ အမြဲချီးကျူးနေရတယ် ... အန်တီက မိဘလုပ်စာကိုမှီခိုစားတဲ့ လူစားမျိုးကို လုံးဝအထင်မကြီးဘူး ... ကြိုးစားပါ ... မောင်တာဝေ ... "

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီ ... ကျွန်တော့်ရဲ့ ကြိုးစားရန်းကန်ရတဲ့ အချိန်တစ်ခုကိုတော့ ခြောက်နှစ်လောက်တော့ ပေးပါလို့ တောင်းဆိုချင်ပါတယ် ... ဒီအချိန်အတိုင်းအတာလောက်မှ ကျွန်တော်လိုချင်တဲ့အတိုင်းအတာတစ်ခုကို ရမှာမို့လို့ပါ ... ဒီနှစ်ကာလအပိုင်းအခြားတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]တော် ရန့်ကိုစိတ်ချချင်ပါတယ် အန်တီ ... ”

“စိတ်ချပါ ... အန်တီ လူကြီးတစ်ယောက်အနေနဲ့ [illegible] မပျက်ပါဘူး ... အန်တီ ကတိတည်ပါတယ် ... မင်း[illegible] ကသာ ဖြစ်မြောက်အောင်မြင်အောင် ကြိုးစားကြည့်ဦး[illegible] လေ ... ”

ဒီအချိန်မှာ သူမကြီးအရှေ့ကနေ သူ သွက်သွက်[illegible] ကျောခိုင်းလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မည်ထင်ပါသည်။

သူ လှည့်မထွက်ခဲ့ဘူးဆိုရင် ...

သူနှင့်သူမကြီးစကားကြောတွေ တင်းသွား[illegible] မှာ အမှန်ပင်ဖြစ်သည်။

*





## ၁၃

အင်းလျားကန်ရေပြင်သည် ဒီကနေ့မှ ပိုပြီးငြိမ်သက်[illegible]သလို ခံစားခဲ့ရပါသည်။

ရန်တို့နှစ်ယောက်ရဲ့ရင်ထဲက ခံစားချက်တွေကို သူ[illegible]ည်း တိတ်ဆိတ်ခံစားပေးနေသည်လားမသိ။

“ရန် ... ”

“တာဝေ”

တစ်ယောက်ကိုတစ်ယောက် အချိန်အကြာကြီးဘာ[illegible]မှ မပြောဖြစ်သေးဘဲ ရင်နင့်ကြေကွဲစွာစိုက်ကြည့်နေခဲ့ကြ[illegible] ရန်နှင့်သူ မခံစားနိုင်တော့ဘဲ တစ်ယောက်နဲ့တစ်ယောက် [illegible]င်ထဲတစ်သားတည်းကျအောင် ခပ်တင်းတင်းကြီးပွေ့ဖက်လိုက်[illegible] ရင်ပွင့်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ရယ် ... ငါ မင်းကို သိပ်ချစ်တယ် ... "

"ရန်လည်း ... "

"တော်ပြီ ... ကိုယ်သိတယ် ရန် ... ရန် ... ကိုယ့်ကိုဘာ မပြောတော့နဲ့ ... ကိုယ်တို့ ဒီစကားတွေပြောဖို့ အချိန်က နောက်ပြန်ဆုတ်လိုက်ရပြီ ... "

"ဟင် ... ရှင် ဘာတွေပြောနေတာလဲ ... ရှင်နဲ့မာမီ ဘာ တွေပြောဖြစ်ခဲ့လဲ ... ရန့်ကိုပြောပါဦး ... "

"ရန့်မာမီနဲ့ ကိုယ် ဆွေးနွေးမှုတစ်ခုလုပ်ခဲ့ပြီ ... ကိုယ့်ဘ မှာ ဒီတစ်ခါပဲ ကိုယ့်မေမေကို ဆန့်ကျင်ပြီး မေမေသဘော မတူတဲ့ အလုပ်ကိုလုပ်ပြီး ကိုယ်သိပ်ချစ်တဲ့မိန်းမနဲ့လက်ထ နိုင်ဖို့ စွန့်စားခဲ့တာပဲ ... ကိုယ် နိုင်ငံခြားကိုထွက်ပြီး အလု လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ရန် ... "

"ဟင် ... ရှင် ... နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်မယ် အို ... မဖြစ်နိုင်တာ တာဝေရယ် ... ရှင့်ကို ရန် တားပါရစေ နော် ... ရန် တားပါရစေ ... ရှင်မသွားပါနဲ့နော် ... "

ရန်က သူ့ရင်ခွင်ထဲကို မျက်နှာလေးအပ်ပြီး သူ့ ဘတ်ကြီးကို လက်ကလေးဖြင့် တဘုတ်ဘုတ်ရိုက်လျက်ပြောလို တာကို သူအသည်းနိုက်မတတ် ခံစားလိုက်ရကာ ရန့်လက်ကလေ ကို ခပ်တင်းတင်းကြီးဆွဲဖျစ်ထားလိုက်သည်။





အဲဒီနောက် အသက်အောင့်ပြီး အံကြိတ်သံကြီးနှင့်

"ငါ့ကိုမင်းမတားနဲ့ ... ငါ့ဘဝမှာ ငါချစ်တဲ့မိန်းမတစ်ယောက် အတွက်နဲ့ ဘယ်လောက်အထိ အခက်အခဲ အရှက်ခွဲခံခဲ့ ရတာ ... မင်းအသိ ... အဲဒါငွေကြောင့်ကွ ... ငွေကြောင့် ငါတို့ အဆင့်အတန်းဟာ မင်းတို့နဲ့ယှဉ်ရင် ဘာမှမဆိုင်အောင် နိမ့်ကျနေသေးတဲ့ အဆင့်အတန်းကြီးဖြစ်နေခဲ့တာ ... အဲဒီ အဆင့်အတန်းဆိုတဲ့ စည်းကြီးကြောင့် ငါ့နှလုံးသားကို မင်း မာမီ ဘယ်လောက်အထိ ရိုက်ပုတ်စော်ကားနိုင်ယှဉ်ထား တယ်ဆိုတာကွာ မင်းသိသိကြီး မတားစမ်းပါနဲ့ ... "

သူ့အသံကပြောရင်းနှင့် တိမ်ဝင်သွားပြီးလောကကြီး ကို စိတ်နာသွားသည့်မျက်လုံးတွေက ရန့်နှလုံးသားကိုဆုပ်ညှစ်ချေ မွပစ်လိုက်သလို ရန် ဘနင့်နင့်နာကျင်အောင့်မျက်သွားတော့သည်။

ဒီအချိန်မှာ ရန်လည်း ကံကြမ္မာရဲ့ ပြောင်းလဲမှုကြီးကို ယုံနိုင်အောင် နာကြည်းမုန်းတီးသွားမိတာ ဘယ်သူကို မုန်းလို့ မုန်းရမုန်းမသိ ခံစားလျက် ကြေကွဲငိုရှိုက်လိုက်မိတော့သည်။

တကယ်တော့ ...

တည်ငြိမ်အေးဆေးပြီး လှိုင်းဂယက်မထသည့် ရန့်ရဲ့ (အဖြူထည်နှလုံးသားလေးကို) မွှေနှောက်တိုက်ခိုက်သွားသည့် (လေနီကြမ်း) ကြီးကတော့ ရန့်ဘဝကို ဒီထက်မြင့်မားစေချင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတောင်းဆုံး ဖြစ်စေချင်ခဲ့သည့် မာမီ စနက်ကြီးကြောင့် ရန်တို့ချစ်သူနှစ်ယောက် ချစ်ခရီးဟာ ကြမ်းရှသွားခဲ့ရတာဖြစ်သည်။

ဒီအကြောင်းတွေကို ပြန်ပြီးတွေးမိလေ ... ရန် အသည်းနာပြီး ပိုပြီးငိုချင်လာရလေဖြစ်ခဲ့ရပြီ။

ရင်ထဲမှာနာလွန်းသည့် ခံစားမှုတွေက ချစ်သူရင်ခွင် ကျယ်ကြီးဆီမျက်ရည်များ အိုင်ထွန်းခဲ့ရပြီဖြစ်သည်။

"ရန် ... ရယ် ... မင်း ... မင်း ဒီလောက်အထိ မခံစားစမ်း ပါနဲ့ ... ငါ့ကို ရှုးအောင် မနှိပ်စက်စမ်းနဲ့ ... "

"ရှုးအောင်နှိပ်စက်တာက ယူ ... အေးလေ ... တာဝေ ... ယူ့ကို ရန် သိပ်လေးစားပါတယ် ... ယူ ရန့်ကိုစွန့်ပစ်လို့ရခဲ့ ပေမဲ့ မစွန့်ပစ်ခဲ့ဘူး ... ယူ့ရဲ့မာနတွေကို မာမီရှေ့မှာ ဒူ ထောက် အရှုံးပေးခဲ့တာ ... ရန်နားလည်ခံစားလို့ရပါတယ် ရန်လေ ... ရန် ရှင့်ကိုသိပ်ချစ်တယ် ... ရှင် ပြန်လာမဲ့အချိ ကို သစ္စာကို ကိုးကွယ်ပြီး စောင့်နေပါ့မယ် ... ရှင်သာ ရ ကို သစ္စာဖောက်ဖို့ မကြိုးစားပါနဲ့နော် ... "

"ကိုယ် ... မင်းကို ဘယ်တော့မှ သစ္စာမဖောက်ဘူး ... မင်းဘက်ကသာ ကိုယ့်ကို သစ္စာရှိရှိနဲ့ ခြောက်နှစ်ဆို ကာလကို စောင့်နေပေးပါလို့ ကိုယ်တောင်းဆိုပါပရစေ ရ

"ဘုရားရေ ... ခြောက်နှစ် ဟုတ်လား ... တာဝေ ... 





ဒီခြောက်နှစ်လုံးလုံးကြီး ရန် ရှင့်ကိုမခွဲနိုင်ဘူး ... ရှင် မသွား ပါနဲ့ ... ရန်တို့ ဒီမှာ ငွေအရင်းအနှီးစိုက်ပြီး ... စီးပွားရှာမယ်၊ နော် ... တာဝေ ... "

"ရန် ... ကိုယ် ... စိတ်မကောင်းဖြစ်အောင် မငိုစမ်းနဲ့ကွာ၊ ကိုယ်တို့ သစ္စာရှိရှိနဲ့ ဒီခြောက်နှစ်တာ ခွဲခွာရမှာကို ရင်ဆိုင် ကြရအောင်နော် ... ဒါ ကိုယ်တို့နှစ်ယောက်ရဲ့ အနာဂတ် အတွက် ကိုယ်တို့အချိန်တွေ ပေးဆပ်ကြရတာ ... ခင်နှလုံး သားက စစ်မှန်ယုံကြည်စွာနဲ့ လက်ခံလိုက်ပါကွာ ... ကိုယ် တို့ သစ္စာရှိရှိ ရင်ဆိုင်ကြစို့နော် ... နော် ... ရန် ... ဟင်"

သူလည်း ရန်ရဲ့ရင်ခွင်ထဲမှာ မျက်နှာကြီးပွေ့အပ်ပြီး မျက်ရည်တွေဖြင့် ကျရှုံးသွားရလေတော့သည်။

အခုလိုအချိန်မျိုးမှာ မိန်းမတစ်ယောက်ရင်ခွင်ထဲမှာ မျက်ရည်ပေးပြီး ရှုံးနေခဲ့ရသည့် သူ့အဖြစ်သူအရှက်ရသွားကာ ရန့် ရင်ခွင်ထဲကနေ ဆတ်ခနဲ ရုန်းထပြီး ရန့်ပခုံးသားလေးကို ခပ်တင်း တင်းဆုပ်ကိုင်လျက် ရင်နှင့်ကြေကွဲသံကြီးနှင့် ပေါက်ကွဲသွားရပါ တော့သည်။

"ရန် ... အခုလို ကိုယ်ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေဟာ True လား False လား"

အံကြိတ်သံကြီးနှင့် ရန့်ပခုံးသားလေးတွေကိုခါယမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ရန်ကလည်း မျက်ရည်တွေစီးကျနေရင်းမှ တိုးအက် အတ်ကလေး ဖြေလိုက်သည့် စကားသံက သူ့နှလုံးသားမှတ်တမ်း တစ်ချက်ခါသွားရလေတော့သည်။

"ရှင်ဆုံးဖြတ်ချက်တွေဟာ True ပါ တာဝေရယ် ... "

"Ture ဆိုရင် မင်း ကိုယ့်ရင်ခွင်ထဲကို အပ်ပြီးမှီချလိုက်တော့ ရန် ... ကိုယ့်နှလုံးသားထဲမှာ မင်းကို Foundation ရိုက်ခဲ့ပြီးပြီ ... မင်းလည်း ကိုယ့်နှလုံးသားကို ခြောက်နှစ်လုံးလုံး Foundation ရိုက်ထားရမယ် ... ကိုယ်ပြောတာကိုနားလည်ပါတယ်နော် ရန် ... "

"နားလည်ပါတယ် ... တာဝေရယ် ... "

"အဲဒါဆို ... မျက်ရည်သုတ် ... ကိုယ်စကားပွဲကို ခြောက်နှစ်လုံးလုံး သွားနေရမှာ ... စိတ်ချမ်းသာချင်တယ် ... စိတ်ချမ်းသာမှုတွေနဲ့ပဲ ရန့်ကိုထားခဲ့ချင်တယ် ... "

ပုလဲဥလေးတွေလို စီးကျနေသည့် ရန့်မျက်ရည်စလေးတွေကို သူ့နှုတ်ခမ်းဖြင့် ခပ်ဖွဖွ နမ်းအပ်ပစ်လိုက်ပြီး(မျက်ရည်စလေးတွေကို သုတ်ဖယ်ပေးလိုက်ချိန်မှာ) ရန်က အပြုံးနုနုကလေးနှင့် သူ့ကိုမော့ကြည့်လျက် သူ့စကားသံကို နားစွင့်နေခဲ့သည်။

ရန်ရဲ့ပုံစံလေးကို သူက ချစ်မဝစိုက်ကြည့်ပြီးမှ အီလေးဆွဲသံကြီးနှင့် ...





"အင်း ... ပြုံးတာ မကျေနပ်သေးဘူးကွာ ... အသံထွက်ပြီးရယ် ... "

"ဟာ ... စိတ်ညစ်နေရတဲ့ကြားထဲ ... "

"ကိုယ့်ကို စိတ်မချမ်းသာစေချင်ဘူးလား ... ဟင် ... "

"စိတ်ချမ်းသာစေချင်ပါတယ် ... "

"ဒါဆို ... အသံထွက်ရယ် ... "

"အဟင်း ... ဟင်း ... "

"အိုကေ ... အဆင်ပြေပြီ ... ရန် ... ထဦး ... ကိုယ့်ကျောကုန်းကို မှီချပြီး မျက်စိလေးမှိတ်လိုက်ပါဦး ... "

"ဟင် ... ဘာဖြစ်ရပြန်ပြီလဲ ... အခုပဲ ရင်ခွင်ထဲမှီချ ... အခုလာပြန်ပြီ ... ကျောကုန်းမှီရဦးမယ် ... ဘာဖြစ်နေတာလဲ ... ရှင် ... "

"အဟား ... Feel အပြည့်အဝယူနေတာ ... မှီချလိုက် ... ကိုယ့်ကျောကုန်းလေးကို မှီချလိုက် ... ပြီးတော့ မျက်စိမှိတ်ထားလိုက် ... အေး ... ဟုတ်ပြီ ... ဟုတ်ပြီ ... "

သူပြောတဲ့အတိုင်း သူ့ကျောပြင်ကြီးကို ပစ်အပ်မှီချလိုက်သည့် ရန့်ကိုယ်လုံးလေးကို သူက လက်ပစ်ပြန်ဖက်လိုက်ပြီး မျက်လုံးကိုစုံလုံး မှိတ်ချပစ်လိုက်ကာ ရင်ထဲကခံစားချက်အပြည့် အသံကြီးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... ခံစားရသလဲ ရန် ..."

"ဝမ်းနည်းတယ် ..."

"ဘာကွာ ..."

"ခြောက်နှစ်လုံး ခွဲရတော့မဲ့ဟာကို ဝမ်းနည်းတာပေါ့ ... ရှင်ကိုယ်ချင်းမစာဘူး ..."

"အင်း ... ထားပါဗျာ ... ထားပါ ... ကိုယ့်ရင်ထဲမှာတော့ ရန့်ကိုကျောသား ရင်သားနဲ့အမျှ ထပ်တူသိမ်းဆည်းလိုက်ပြီ ... ဒီခြောက်နှစ်လုံးလုံးကြီး ရန်နဲ့ခွဲခဲ့ရပေမဲ့ ရန့်ရဲ့နှလုံးသားက ကိုယ့်ရင်ဘတ်မှာ ကိုယ့်ကျောပြင်မှာ အမြဲရှိတယ်၊ ကိုယ်ဘယ်လို ခံစားနေရတယ်ဆိုတာရော အခု ရန်သိလား"

"သိဘူးလေ ..."

"နွေးထွေး ... အသက်ဝင်နေတယ်"

"ရှင်က သိပ်ပျော်နေတယ်ပေါ့လေ ..."

"စွန့်စားရခြင်းဟာ စွန့်လွှတ်ရခြင်းမှ မဟုတ်တာ ... ရန်ရယ်၊ ကိုယ့်ကိုနားလည်စမ်းပါ ... ကိုယ်နဲ့ရန်ဟာ တစ်ယောက်နဲ့တစ်ယောက် ခြောက်နှစ်လုံးလုံး မတွေ့မမြင်ရပေမဲ့ ကိုယ် နေ့သတ္တ ဖုန်းဆက်မှာပဲကွာ ... ဖုန်းဆက်မယ် ... ရင်ထဲက ခံစားချက်တွေကို ဖုန်း Message ပို့မယ် ... ရန်လည်းခံစားရ





သမျှ ကိုယ့်ကို Message ပို့ ... ပြီးတော့ ... အင်း ..."

"ဘာလဲ"

"ဪ ... မိသားစုဘဝလေးကိုတွေးပြီး ဖြေသိမ့်မယ်လို့ ပြောတာပါ ... ကိုယ် ... နောက်တစ်ပတ် အင်္ဂါနေ့ကို စင်္ကာပူ ထွက်တော့မယ် ... အဲဒီနေ့တုန်း ရန် ကိုယ့်ကိုလိုက် မပို့နဲ့ ... ကိုယ် မြန်မာပြည်ကို ပြန်လာတဲ့နေ့ကျမှ ရန် ကိုယ့်ကို လေဆိပ်မှာ ... လာကြိုပါလို့ ရန့်ကို ကိုယ်ပြောချင်တယ်၊ ရန်ကရော ကိုယ့်ကိုဘာပြောဦးမလဲဟင် ..."

"လွမ်းတယ်ဆိုတဲ့ စကားနှစ်ခွန်းကိုပဲ ပြောချင်ပါတယ်"

"ရန့်ရယ် ..."

သူ့ရင်ထဲက လှိုင်းထသွားသည့်အသံနှင့်ထပ်တူ ရန်ကိုယ်လုံးလေးကို ရင်ခွင်ထဲမှာ တနင့်ကြီးပွေ့ဖက်လိုက်မိရင်းမှ မျက်ရည်ကျ ကြေကွဲစွာဖြင့် ရန့်ကို အရူးအမူး 'မင်းကိုသိပ်ချစ်တာပဲ'လို့ နင့်နင့်ကြီး ရေရွတ်လိုက်သည့် အသံကိုပဲ သူ့နှလုံးသားနှင့်ထပ်တူ ကြားသိလိုက်ရတော့သည်။

ဒီအချိန်မှာ သူ့ချစ်သူလေး သူ့ကိုယ်လုံးကြီးကိုနွေးနွေးကလေး ပြန်လည်သိမ်းဖက်လိုက်တာကိုလည်း ခံစားမိလိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခံစားချက်တွေကိုတော့ သူ့နှလုံးသားနှင့်ထပ်တူ စကော်ဟုသို့ သယ်ဆောင်သွားခဲ့မိမည်မှာ သူ့ရင်ထဲက နှလုံးသား ရှူးသွင်းမှု ဆန္ဒအစစ်အမှန် ဖြစ်ပေါ်လိမ့်မည်ဟု သူ ယုံကြည်လိုက်မိပါတော့သည်။

✷





ခြောက်နှစ်တာကာလ
ကြာသော် ....





www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲမှာ အချစ်ရှိသလို

ကျောပြင်ကြီးမှာလည်း အချစ်ရှိတယ်လို့

ခံယူထားခဲ့တဲ့ ---- သူ ----





## ၁၄

စက်ဘုရောက်ရောက်ခြင်း သူပေးပို့လိုက်သည့် ဖုန်း Message လေးက ရန့်အတွက် ရယ်စရာကောင်းခဲ့သလို ပျော်ရွှင်စရာအတိလည်း ဖြစ်ခဲ့သည်။

သူ ပေးပို့ခဲ့သည့် ဖုန်း Message မှာ ...

"ရန် ... ၆၂ ဆိုတာ ... ၆ ဂဏန်း သုံးလုံးတည်းရယ်ပါ ... ဘာမှ မဝေးပါဘူးဆိုပြီး ပို့ခဲ့သလို ရန် ... ရန့်မာမီနဲ့ သင့်အောင်ပေါင်းနော် ... သင့်မြတ်မှ ကိုယ်တို့ခွဲနေရတဲ့ နှစ်တွေအတွက် လုံခြုံစိတ်ချရမှာ ... "

ဆိုပြီး တစ်ခါပို့ခဲ့ပြီးလို့ ... တစ်နှစ်ပြည့်ပြီးပို့ခဲ့သည့် သူ့ဖုန်း Message ကတော့ သိပ်လွမ်းတာပဲ ရန်ရယ် ... ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တွေ (ရင်ဘတ်ထဲမှာ အချစ်ရှိသလို ကျောပြင်ကြီးမှာလည်း အချစ်ရှိလော်လို့ ခံယူထားခဲ့တယ်)

လို့ ပို့ခဲ့သည့် သူ့စာသားလေးတွေကို ကြည်နူးခံစားချင်း နှစ်တွေကျော်ဖြတ်လာခဲ့တာ အခုဆိုရင် သူပြန်လာမဲ့အချိန် ကာလ်ခုတိုင်တောင် ရောက်ခဲ့ရပြီဖြစ်သည်။

အဲဒီလို ခြောက်နှစ်လုံးလုံး စောင့်ခဲ့ရသည့်အချိန်တွေအတွက် သူက ဖုန်း Message လှမ်းပို့ပေးသည်မှာ

"အချိန်ဆိုတာ လူဖန်တီးလို့ ရောက်လာတဲ့ အကန့် အသတ်တစ်ခုပဲ ... အခုတော့ ဖန်တီးခဲ့ပြီးပြီမို့ အချိန်ဆိုတဲ့အရာဝတ္ထုကြီး သက်တမ်းစေ့သွားပြီဆိုပြီး"

ပို့ခဲ့သလို ...

"အခု Friday မှာ ကိုယ် ရန်ကုန်ရင်ခွင်ကို ပြန်ရောက်တော့မယ်၊ ရန် မပျော်ဘူးလားဟင် ... "

ဆိုထားသည့် တာဝေရဲ့ ရင်တွင်းစကားတွေက ရန့်နှလုံးသားကို အနီးဆုံးလာရိုက် သွားခဲ့ရပြီဖြစ်သည်။

သူပြန်လာမဲ့ နေ့တွေကို လက်ချိုးပြီး ရေတွက်ခဲ့ရသည့် ရန့်ရဲ့ မျှော်လင့်ချက်တွေ အလင်းရောင်ပြန်တောက်လာတဲ့ အချိန် ကြည်နူးဆွတ်ပျံ့ခဲ့တဲ့အချိန်မှာပဲ ဒက်ဒီက သူ့ရဲ့ကြီးပွားချမ်းသာမှုတွေကို ကျေနပ်ပီတိဖြင့် လှိုက်လှိုက်လှဲလှဲ ချီးကျူးလာခဲ့တာ





မို့ ရန် ... ရင်ထဲကလိပ်ပြာလေးတောင် မလုံခြုံသလို ခံစားလိုက်ရသည်။

"မောင်တာဝေရဲ့ ကြိုးစားမှုကတော့ကွာ ... ဘယ်လိုမှ မချီးကျူးဘဲ နေလို့မရတော့ဘူး ... တကယ်တော်တဲ့လူငယ်တစ်ယောက်ပဲ ... ငါ့သမီးရွေးခဲ့တဲ့ လူငယ်ဟာ ဒက်ဒီ သဘောအကျဆုံး လူငယ်တစ်ယောက်ပဲ ... "

ဒက်ဒီက တာဝေကို အကြီးအကျယ်ချီးကျူးလိုက်တာကို မာမီက မျက်စောင်းကြီးတစ်ချွေ့တစ်ပိုက်ထိုးပြီး နှုတ်ခမ်းကြီးမဲ့ပစ်လိုက်တော့သည်။

အင်း ... မာမီတစ်ခုခုတော့ ပြောတော့မယ်ထင်ပါရဲ့ ... ။

"ရှင် ... အစအဆုံး မပြောနဲ့ဦးလေ ... လူတစ်ယောက်ရဲ့ စိတ်ဓာတ်ဟာ အဆုံးရောက်မှ ပေါ်ရင်ပေါ်လာနိုင်တာပဲ"

"မင်းကိုက မာန်မြင့်လွန်းပါတယ်ကွာ ... ဒီကောင်လေး ခမျာ မင်းကိုဘယ်လောက် သည်းခံခဲ့ရသလဲ ... "

"ဒါကတော့ သမီးကိုလိုချင်ရင် ... သမီးအဖေ အမေကို ကြည်ဖြူအောင် လုပ်ပေးရမှာပဲ ... ရှင်ကသာ ... ရှင့်သမီး ကောင်လေးကို ပါးစပ်ဖျားမှာမှနေတာ ... ကျွန်မကတော့ သိပ်အဆင်မချောချင်ဘူး ... သူ့ရဲ့ကြိုးစားမှုကိုတော့ချီးကျူး



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် … ဒါပေမဲ့ သူ့စိတ်ဓာတ်ကို ကွက်ကွက်ကွင်းကွင်း မြင်နေသလိုပဲ … သူ ကျွန်မကို မသိစိတ်က ယှဉ်ပြိုင်နေတယ် …”

“မင်းကလည်းကွာ … သူများကို လက်ညှိုးထောက်ဖြစ်ဖို့ အကွက်ချောင်းနေတာပဲ …”

“ရှင်နော် … ရှင် ဘာမှမသိဘဲနဲ့ သံမက်ဆာဖို့ပဲတတ်တယ်။ ရှင့်သမက်ဖြစ်မဲ့ကောင်က ရှင့်သမီးကို ဟိုတစ်ပတ်ကတင် ပို့လိုက်တဲ့ လက်ဆောင်နဲ့တင် ကျွန်မ သူ့စိတ်ဓာတ်ကို ဆုံးဖြတ်လို့ရသွားပြီ …”

“ကဲ … ဘာဆုံးဖြတ်လို့ ရသွားတာလဲ ပြောပါဦး …”

“ရှင့်သမက်လောင်း ရှင့်သမီးကို အဝတ်အစားဝယ်ပေးလိုက်တာ အစုံတစ်ရာတဲ့ရှင် … ကဲ ရှင်စဉ်းစားကြည့် … သူ ဘာသာ ပိုက်ဆံဘယ်လောက်ပေါပေါ … ဒီလောက်တန်ဖိုးကြီးတဲ့ ဝတ်စုံတွေ အတွဲလိုက်ကို အစုံတစ်ရာကြီးတောင် ဝယ်ပေးစရာလား … ဒါ ကျွန်မတို့ကို သူ ပိုက်ဆံကိုဘုန်းပေါလအော သုံးနိုင်ကြောင်း … ပညာပြလိုက်တာပဲ … အဲဒီကတည်းက သူ့စိတ်ဓာတ် မဖြူစင်ဘူးဆိုတာ ကျွန်မသိတယ် …”

အခုထိ တာဝေအပေါ် အမြဲတမ်းအပြစ်မြင်နေသည့်





မာမီကိုကြည့်ပြီး ရန် ဝမ်းနည်းသွားရပါသည်။

မာမီဟာ တာဝေကို ဘာဖြစ်လို့များဒီလောက်အထိ မုန်းနေရတာယ်ဆိုတာလည်း မစဉ်းစားတတ်တော့ချေ။

အင်း … ဒီပုံအတိုင်းဆို ရန့်တို့ချစ်သူနှစ်ယောက်ရဲ့ ဘဝခရီးဟာ ဖြောင့်ဖြူးနိုင်ပါ့မလား … ။

“ဟာ … အမေကလည်းကွာ … မင်းဆန္ဒချည်း ဇွတ်အပြစ်တင်စောနေ … ဟိုမှာ သမီးရပ်ကလေးကိုကြည့် ခွေးသွားပြီဗျ …”

တစ်ချက် နှင့်နှင့်တွေခနဲ ဖြစ်သွားရသည့် ရန့်ကို ဒက်ဒီက လက်ညှိုးထိုးပြီး စလိုက်သဖြင့် ရန်က စိတ်လွတ်သွားသလို ဟင်းခနဲ တစ်ချက်ရယ်လိုက်မိသည်။

“အဟင်း … ဒက်ဒီကလည်း မခွေးပါဘူး …”

“အေး … မခွေးပါဘူးဆိုရင်လည်း မျက်နှာကိုပြင် … ဟင်း ငါကရှေ့ကကြိုမြင်တိုင်း ပြောရင် … မကောင်းပါဘူး … သူ့ဘာသာ တက်နိုင်လို့ အထည်ချုပ်စက်ရုံကြီးပါထောင်ထောင် … ကျေနပ်ပါသတဲ့ရှင် … ကျေနပ်ပါသတဲ့ … ဒါနဲ့ လာမဲ့ သောကြာနေ့မှာ မောင်တာဝေ ပြန်လာမှာဆိုတော့ … ကြားနှစ်ရက်ပဲ လိုတော့တယ်နော် … သူပြန်လာပြီး သိပ်မကြာခင် ညည်းတို့လက်ထပ်ကြတော့မှာလား”



www.burmeseclassic.com

www.burmeseclassic.com



"သူ — ရန့်ကို စေ့စပ်လာတော့မှ အတိအကျပြောလို့ရှာ

ပေါ့ — မာမီရဲ့ …"

"အေး … အေး … နှစ်ယောက်သား ညှိညှိနှိုင်းနှိုင်းဆွေးနွေး

ပြီးမှ စီစဉ်ကြပေါ့အေ …"

"ဟုတ်ကဲ့ပါ မာမီ …"

မာမီရဲ့နူးညံ့တဲ့ အပြုံးမျက်နှာကြီးကိုကြည့်ပြီး ရန်

ထိုယ့်ကိုယ်ကိုယ် နောက်ကျောမလုံသလို ခံစားလိုက်ရသည်။

ဩော် … ဟိုးလွန်ခဲ့တဲ့ ခြောက်နှစ်က ရန့်ချစ်သူ

အပေါ် ခါးခါးသီးသီးဖြစ်ခဲ့သည့် မာမီသည် အခုတော့လည်း မျက်နှာ

ကြီးကို ပျားရည်မဆွတ်ရပါဘဲ ချိုကြည်လန်းဆန်းလို့ သွားရပါတော့

သည်။

အင်း … သူပြန်ရောက်မဲ့အချိန်ရောက်ရင်တော့

မာမီ့မျက်နှာကြီး ဘယ်လိုပြောင်းလဲဦးမလဲဆိုတာကိုပဲ ရန် ကြိုတင်

ရင်ထိတ်ကာ စိုးရိမ်သွားခဲ့ရပါသည်။

*





လွန်ခဲ့တဲ့ ခြောက်နှစ်နဲ့ ဘာမှမဆိုင်အောင် ပြောင်း

လဲသွားသည့် ချစ်သူရဲ့ လူကြီးဆန်ဆန် တည်ငြိမ်ပြီး ချောမွေ့သည့်

မျက်နှာကြီးကို မြင်တွေ့လိုက်ရသည့် ခဏအတွင်း ရန့်ခြေလှမ်း

ကလေးတွေ တုံ့ခနဲရပ်တန့်သွားသည်အထိ မှင်တက်မိ အံ့သြတိတ်

ဆိတ်သွားကာ ရင်တွေတဒိန်းဒိန်း ခုန်သွားသည်အထိ စိတ်

လှုပ်ရှားသွားခဲ့သည်။

အဲဒီအချိန်မှာ သူက Luggage ကို ဘယ်ဘက်ဆီ

ပြောင်းကိုင်ပြီး ရန့်ကိုယ်လုံးလေးကို သိမ်းပွေ့လိုက်သည်တွင် ရန်

လေဆိပ်ခရီးသည်တွေရှေ့မှာ မရုန်းနိုင်တော့ဘဲ သူ့ကိုယ်လုံးကြီးရဲ့

ခပ်တင်းတင်း သိမ်းဖက်ထားရင်းမှ ဝမ်းပန်းတနည်း ငိုချိုက်ပါ

တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရန် မငိုရဘူးလေ ... ကိုယ်တို့ ... ကိုယ်တို့နောက်ဆယ်တော့မှ မခွဲရတော့ဘူးလေ ... ရန်ရဲ့ ... ဝမ်းသာစမ်းပါ ... ဟေ့ ... ရန် ... ကိုယ့်ကိုကြည့်စမ်း ... ကိုယ် ခန့်ချောကြီး ဖြစ်မလာဘူးလား ..."

ရန့်မျက်နှာပေါ်က မျက်ရည်စတွေကို လက်ဖဝါးနှင့်သုတ်ပြီး သူကလည်း ဝမ်းသာဝမ်းနည်းကြီး ပြောလိုက်လျှင် ရန်က ခေါင်းကလေးငုံ့ချလိုက်ပြီး သူ့ကို ခပ်တိုးတိုးလေးမေးလိုက်မိသည်။

"ရှင် ... ရန့်ကို မနာကြည်းဘူးလားဟင် ..."

"ဟင် ... ဘာကိုနာကြည်းရမှာလဲ ... ရန်က ကိုယ့်ကိုဘာနာကြည်းစရာလုပ်ဖူးလို့လဲ ..."

"မဟုတ်ဘူး တာဝေ ... ရန် ... ရှင့်အရှေ့က ဘာမှကာကွယ်မပေးနိုင်ခဲ့တာကို ..."

"ရှူး ... ပါးစပ်ပိတ် ... အိမ်ရောက်မှ ... ပြော"

ရန့်နှုတ်ခမ်းလေးပေါ် သူ့လက်ညှိုးလေးတင်ပြီး ပိတ်လိုက်တော့မှ ရန့်လည်း မျက်နှာလေးကို အနူးညွှံဆုံးပြုံးလိုက်မိတော့သည်။

အဲဒီလို ပြုံးလိုက်သည့် ရန်ရဲ့အပြုံးနုနုလေးတွေကို သူက အိမ်ရောက်သည်အထိ စွဲလမ်းတမ်းတစွာ ချစ်မဝဖြစ်ခဲ့သည်မှာ အက်ဒီ မာမီတို့ အရှေ့မှာ ပိုပြီးအသည်းဆုံးဖြစ်သည်။





"ဟော ... မောင်တာဝေ ... ဝလာတယ်ကွာ ... ဝလာတော့ ပိုပြီးခန့်လာတယ် ..."

"ဟုတ်ကဲ့ ဦး ... နေကောင်းတယ်နော် ... အန်တီ နေကောင်းတယ်နော် ..."

"ကောင်းပါတယ် ... ကောင်းပါတယ်ကွယ် ..."

ဆိုသည့် မာမီ့အသံက အရင်တုန်းကနဲ့ ဘာမှမဆိုင်အောင် နူးညံ့ပျော့ပျောင်းသွားခဲ့တာ ရန့်တောင် မျက်နှာပူသွားရလေသည်။

အဲဒီအချိန်မှာ ဒက်ဒီနဲ့မာမီက အလိုက်သိတတ်စွာဖြင့် ရန်တို့ချစ်သူနှစ်ယောက် အရှေ့ကနေ စကားအတန်အသင့်ပြောပြီး ထရှောင်ပေးခဲ့လေသည်။

"ကဲ ... ကဲ ... မင်းတို့တွေ ... အေးအေးဆေးဆေးစကားပြောကြဦး ... အန်တီတို့လည်း ကုမ္ပဏီသွားလိုက်ဦးမယ်"

ဒက်ဒီနဲ့မာမီ ဧည့်ခန်းအပြင် ရောက်ရောက်ချင်းပင် သူက ရန်ထိုင်နေတဲ့ ဆိုဖာရှည်ကြီးဆီပြောင်းထိုင်ပြီး ရန့်ခါးကလေးဆို ခပ်တင်းတင်းသိမ်းဖက်ကာ သူ့မေးစေ့လေးကို ရန့်ပခုံးလေးပေါ် မှေးတင်လိုက်လျှင် ရန်က ခိခနဲရယ်လိုက်မိသည်အထိ အူလိမ့်သွားရသည်။

"ဟား ... ယားတယ် ... ရှင့်မေးစေ့ကြီး မတင်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးကျယ်ကျယ်ကွာ ... ကလိထိုးလိုက်လို့ ..."

"အား ... မလုပ်နဲ့ ... ဟီး ... ဟီး ..."

"ပွန်း ... ပွန်း ... အချစ် ... တွေ့လား ... ကိုယ့်ယောက္ခမလောင်းကြီးတွေက အလိုက်တသိထရှောင်ပေးတာ ... တွေ့လား ... တွေ့လား ..."

"ရှောင်ပေးတာ မဟုတ်ပါဘူး ... နဝိုကတည်းက ကုမ္ပဏီသွားတော့မဲ့ဆဲဆဲ ... ရှင်ရောက်လာတာ ... တာဝေ ... ရှင် မာမီ့အပေါ်ကိုတော့ အမြင်ကြည်ပါတယ်နော်"

လှစ်ခနဲပြုံးလိုက်သည့်သူ့အပြုံးတွေကဘယ်လောက်အထိ နက်ရှိုင်းတယ်ဆိုတာ သူတစ်ယောက်တည်းပဲ သိရှိခံစားလို့ရမည်ထင်ပါသည်။

"ကြည်ပါတယ်ကွာ ... အရာအားလုံး ပြည့်ဖုံးကားချပစ်လိုက်ပြီ ... ကိုယ်က ကျေးဇူးတောင်တင်သေးတယ် ... ရန် ... ကိုယ်တို့ ခြောက်နှစ်ဖာလေး ပေးဆပ်ရတာ ... ဘာအကြောင်းရှိမှာလဲကွာ ...

အခုဆိုရင် ... ယောက္ခမလောင်းကြီး ကိုယ့်ကိုဘယ်လောက်ကြည်ဖြူကျေနပ်သွားပြီလဲ ... အဓိကက ကိုယ်တို့ချစ်သူနှစ်ယောက်ဘဝဖြောင့်ဖြူးညီညွတ်ဖို့ပဲ ... ဆူးညှောင့်ခလုတ်မရှိခဲ့တော့ရင် ကိုယ် ကြိုးစားခဲ့သမျှ ကြိုးစားရကျိုးနပ်သွား





ပြီပေါ့ကွာ ..."

မျက်နှာကြီးတစ်ချက်တည်သွားပြီး ခံစားခဲ့ရသမျှကို မပေါက်ကွဲအောင် ပြောလာသည့် ချစ်သူကို ငေးခနဲစိုက်ကြည့်မိပြီး ရန့်ရင်ထဲမှာ ဘယ်လိုဝမ်းနည်းသွားမှန်းမသိ ခံစားလိုက်ရသည်။

ဝမ်းနည်းသွားသည့် မျက်လုံးတွေနှင့် သူ့မျက်နှာတည်တည်ကြီးကို လှစ်ခနဲစိုက်ကြည့်ရင်းမှ ရန့်ခံစားချက်တွေပွင့်ထွက်သွားတော့သည်။

"ရန် ... ရှင့်ကို သိပ်ချစ်ခဲ့တယ်ဆိုတာကိုတော့ ရှင်မေ့မထားခဲ့ပါနဲ့နော် ... တာဝေ ..."

သူ့ပခုံးကြီးပေါ်မှာ ခေါင်းကလေးမှေးတင်လိုက်သည်။ ရန့်မျက်နှာကလေးဆီ သူ့မျက်နှာကြီး ပွေ့အပ်လာခဲ့ချိန်မှာ ရန့် ရင်ခုန်သံတွေ ခပ်ကြမ်းကြမ်းမြည်ဟည်းလို့သွားရပါတော့သည်။

ဒီအချိန်မှာ ချစ်သူကိုချစ်လို့ ခုန်တဲ့ရင်ခုန်သံဟာ...

... ဘယ်ရင်ခုန်သံနဲ့မှ မတူညီဘူး ...

ဆိုတာကိုတော့ ရန် ရဲရဲကြီး ဝန်ခံရပါသည်။

ရန် ဝန်ခံသလို သူကလည်း သူ့အချစ်တွေကို ရန့်အရှေ့မှာ ရဲရဲကြီးဝန်ခံခဲ့လေသည်။

"ကိုယ် ... မင်းကို ခြောက်နှစ်လုံးလုံး လွမ်းခဲ့ရတဲ့အလွမ်းတွေအတွက် မင်းကို အမြန်ဆုံးလက်ထပ်ချင်ပြီ ... ခွေ့စပ်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ကို အမြန်ဆုံး စီစဉ်လိုက်ကြရအောင်နော် ... ရန်"

"မှုန် ... ဘယ်တော့ စေ့စပ်ချင်သလဲ ... စေ့စပ်ချင်တဲ့နေ့ကို စေ့စပ်လေ ... ရန် ခွင့်ပြုပါတယ် ..."

"အိုခေ ... ဒါဆို ... စေ့စပ်ပွဲကို ချက်ချင်းစီစဉ်ပစ်လိုက်တော့မယ် ... စေ့စပ်ပွဲကို ချက်ချင်းစီစဉ်တော့မှာဆိုတော့ ... ကြီးကြီးကျယ်ကျယ် မလုပ်တော့ဘူး ... လက်ထပ်ပွဲကျမှ ကြီးကြီးကျယ်ကျယ်ပေါ့ကွာ ... မနက်ဖြန် ... တနင်္ဂနွေ နေ့ကောင်းတယ် ... မနက်ဖြန် ဆယ်နာရီ ကိုယ်တို့လာခဲ့မယ် ... ရန့်ဒက်ဒီနဲ့ မာမီကို ပြောလိုက်နော် ... အဆင်ပြေပါတယ်နော် ... ရန် ..."

"အဆင်ပြေပါတယ် ... ကွယ် ..."

"အူး ... လွမ်းလိုက်တာကွာ ..."

"ဟာ ... တာဝေ ... ရှင် ..."

ရန့်မျက်လုံးကလေးတွေ ပူခနဲဖြစ်သွားပြီး အံ့သြ ထိတ်လန့်သွားချိန်မှာ တာဝေ့ရဲ့နှုတ်ခမ်း(ချစ်ဆွဲအားသံ)ကြီးက ရန့်နှုတ်ခမ်းကို ခြောက်နှစ်လုံးလုံး လွမ်းခဲ့သမျှ အလွမ်းပြေသွား သလို ခံစားလိုက်ရသည်။

ဒီအချိန်မှာ အချစ်ဖြင့် နွေးထွေးလုံခြုံနေသည့် သူ့ ရင်ခွင်ထဲမှာ ရန် ပျော့အိပ်ရောက်ရှိသွားခြင်းနှင့်အတူ ...





"လွမ်းလိုက်တာ ... ဒီနှုတ်ခမ်းကလေး"

ဆိုသည့် အချစ်မူး မူးစွာဆိုလိုက်သည့်စကားက ရန့် နှလုံးသားကို ပူခနဲကျင်နွေးသွားခဲ့ရသည့် အဖြစ်ကိုတော့ သူသိ အောင် ဝန်မခံရဲခဲ့တော့ပါ။

အဲဒီစကားကို ရန် ဝန်မခံရဲခဲ့ပေမဲ့ ရင်ထဲကအနှစ်နှစ် မြှုသိပ်ခဲ့ရသည့် စကားကိုတော့ သူ့ရင်ခွင်ထဲကနေ မှေးစက်ပြီး ခပ် တိုးတိုးလေး ဝန်ခံလိုက်မိပါတော့သည်။

ရန် ... သူ့ကို ရှိုးသားစွာ ဝန်ခံလိုက်သည့်စကား ကတော့ ...

"ရန်လည်း ရှင့်ကိုလွမ်းရတာ ရင်ဘတ်တွေတောင်နာတယ်"

"ဟား ... တကယ် ..."

"တကယ်ပေါ့ ..."

"လိမ္မာလိုက်တဲ့ ကိုယ့်ရဲ့ချစ်ဇနီးလောင်းလေးကွာ ... ယက် ထပ်ပြီးရင် ပိုပြီးလိမ္မာရမယ်နော် ..."

"အင်းပါ ... ရှင် မဆိုးရင်တော့ တော်ဝင်ဇနီးဖြစ်စေရမှာပေါ့"

"ကိုယ်က ... အဟား ... မင်းသာ ကိုယ့်ကိုဆိုးမှာ ... လန့် နေရတာ ... မင်းဆိုးမှာထက် ယောက္ခမလောင်းကြီး ဆိုး မှာကို လန့်နေရတာ ... ဒီကောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်ကြီးကိုထုပြီး အပြုံးလှလှလေးတွေနှင့် ပြောဆိုလိုက်သည့် သူ့ရဲ့ညို့ငင်ဆွဲငင်မှုတွေကို ရန် ကြည်နူးသာယာစွာ ဖြင့် သာစကားမှ ထပ်မဆိုဖြစ်တော့ဘဲ သူ့မျက်နှာ ခန့်ထည်ထည် ကြီးကို ရင်ခုန်ငေးမောစွာဖြင့် စိုက်ကြည့်နေခဲ့မိတော့သည်။

*





၁၅

ဈေးစပ်ပွဲကိုသွားဖို့ သူ ခမ်းခမ်းနားနားပြင်ဆင်မနေ တော့ဘဲ ရှပ်အင်္ကျီအဖြူလက်တိုနှင့် ချည်ပုဆိုးမရမ်းရောင်ကိုတွဲ ဝတ်ပြီး handphone ကလေးကို ခါးကြားထဲ ချိတ်ဆွဲလျက် သူ့ကိုယ် သူ ငုံ့ကြည့်ကာ ပြုံးလိုက်မိပါသည်။

အခုအချိန်မှာ သူ့ဖွဲ့ဂုဏ်အရှိန်အဝါက ဘာပကာသန မပါဘဲ အရာရောက်ခဲ့ပြီဖြစ်သည်။

အဲဒီလို အရင်ကနဲ့ ဘာမှမဆိုင်အောင် ပြောင်းလဲ သွားခဲ့သည့် ကြီးပွားချမ်းသာမှုတွေကို သူက အားကျဂုဏ်ယူခဲ့ပေ မဲ့ မေမေကတော့ မိန်းမတစ်ယောက်ကြောင့် ပြောင်းလဲသွားသည့် သူ့ဘဝကို ခနိုးခနဲ့ ပြောလာခဲ့လေသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့ ဈေးစပ်ပွဲကို မေမေ လုံးဝမလိုက်နိုင်ဘူး သား ... နှိုက်တည်းက သားမိန်းကလေး အသိုင်းအဝိုင်းကို မေမေ လုံးဝအလိုမရှိဘူးဆိုတာ မင်း သိထားပြီးသားပဲ ... မင်း တော့ မေမေ ချီးကျူးတယ် ... မိန်းမတစ်ယောက်ကို လက် ထပ်ရယူဖို့ ကြိုးစားရတာ ကြီးပွားချမ်းသာမှု သူဌေးရာထူး ကြီးတော့ ရသွားတာပေါ့ ..."

"မေမေရယ် ... မေမေ့ရင်ထဲမှာ ဘယ်လိုခံစားရနေရတယ် ဆိုတာ ကျွန်တော်နားလည်ပါတယ် ... ကျွန်တော်ကလည်း သူတို့ကို အနိုင်ရအောင် ပြန်ယူမှာပါ မေမေ ..."

"မိန်းမတစ်ယောက်ကို လက်ထပ်တော့မှ ယောကျ်ားတစ် ယောက်က အနိုင်ဆိုတာ ရှိလာပါဦးမလား ... ပေးဆပ်မှု အရှုံးတွေချည်းပဲ ရှိတယ် ... မင်းမြဲမြဲမှတ်ထားသား ... မင်း တို့ ဈေးစပ်ပွဲကို မေမေ မတတ်နိုင်သလို မင်းတို့လက်ထပ် ပွဲကိုလည်း မေမေ လုံးဝမတက်နိုင်ဘူးဆိုတာ မေမေ ကြေ ညာလိုက်မယ် ... မေ့မေ့ဘက်က မိဘဝတ္တရားဆိုတာ မင်း ဘာမှ မပြောနဲ့ ..."

သူ့မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး ချာခနဲကျော ခိုင်းသွားသည့် မေမေ့ကိုကြည့်ပြီး သူ့ရင်ထဲမှာ ဘယ်လိုဝမ်းနည်း သွားမှန်းမသိ၊ ဝမ်းနည်းသွားရတာ ခေါင်းကြီးငိုက်စိုက်ချ ကြေ





သွားတော့သည်။

အတန်ကြာ ခေါင်းကြီးငုံ့ ကြေကွဲသွားပြီးမှ သူနှုတ် ခမ်းတစ်ချက် ကိုက်ကာ ဈေးစပ်ပွဲကို သွားဖို့ ခြေလှမ်းကျဲကြီးတွေ နှင့် ညှော်ခန်းထဲက လှမ်းထွက်လာခဲ့ပါတော့သည်။

ဒီအချိန်မှာ သူမေမေရဲ့စကားအတွက် ဝမ်းနည်းခံ စားခဲ့ရပေမဲ့ ရန်တို့အိမ်ကို ရောက်သွားသည့်အချိန်မှာတော့ အနည် ထိုင်နေသည့် သူ့နှလုံးသားလေး လတ်ဆတ်သွားခဲ့ပြီဖြစ်သည်။

သူ ညှော်ခန်းထဲကို လှမ်းဝင်လိုက်သည်နှင့် မြင်တွေ့ လိုက်ရသည့် ပုလဲမင်းသမီးလေးက သူ့ကိုအပြုံးနုနုနှင့် လှမ်းနှုတ် ဆက်လိုက်လျှင် သူကလည်း နုသစ်သည့် အပြုံးလှလှတွေနှင့် ချစ် သူလေးကို ပြန်လည်ပြုံးပြ ခေါင်းညိတ်နှုတ်ဆက်ရင်းမှ ရောက်လာ ခဲ့ရသည့် အချိန်တစ်ခုအတွက် တောင်းပန်လိုက်ရပါသည်။

"ဦးနဲ့အန်တီ ... ကျွန်တော်တို့ နည်းနည်းနောက်ကျသွား တာ ခွင့်လွှတ်ပါခင်ဗျာ ..."

သူတောင်းပန်လိုက်တာကို ဂရုမစိုက်နိုင်ဘဲ ရန့်မာမီ က ဦးလေးတို့လင်မယားကို ကြည့်ပြီး မျက်မှောင်ကြီးစုကျုံ့သွားရ တာ ...

"မောင်တာဝေ အမေရောကွယ် ..."

"အဲဒါကိုလည်း ကျွန်တော် တောင်းပန်ချင်ပါတယ် ... အန်



www.burmeseclassic.com

www.burmeseclassic.com



ထိ မေမေ ... ဒီကိုလာခါနီး သွေးဟိုးရှိုတော့ သွေးတိုးပြီး မူးလို့ ဆေးခန်းပို့ရတာနဲ့ အချိန်နည်းနည်း နောက်ကျသွားတာပါ ... မေမေလည်း ကျွန်တော်တို့ စေ့စပ်ပွဲကို ဘယ်လိုမှ မလိုက်နိုင်တော့ဘူး ... ဒါ ... ကျွန်တော့်ဦးလေးနဲ့အဒေါ်ပါ ... ဦးလေးနဲ့ပဲ စကားပြောကြတာပေါ့ ခင်ဗျာ ... ”

ရန့်မာမီကို သူ အနူးအညွတ်တောင်းပန်လိုက်တော့မှ ရန့်မာမီမျက်နှာတွင် ကျေနပ်ရိပ်တွေပြေသွားခဲ့လေသည်။

ဒါတောင် မျက်နှာအထန်ကြီးက တစ်စက်မှမလျော့သေးချေ။

အဲဒီအချိန်မှာ ရန့်ဒက်ဒီက တင်းမာမလိုဖြစ်သွားသည့် အခြေအနေကို ဝင်ထိန်းလိုက်လေသည်။

“ကျန်းမာရေးကြောင့် မလိုက်လာနိုင်တာဘဲ ... ဖြစ်ပါတယ် မောင်တာဝေ ဦးလေးနဲ့အဒေါ်ကလည်း မိဘပဲပေါ့ကွာ ... ရပါတယ် ... ”

ဒီတော့မှ ရန့်မာမီက သူ့ကိုတစ်ချက်ကြည့်ပြီး ချောင်းတစ်ချက်ဟပ်ကာ ...

“ကဲ ... ကဲ ... မင်္ဂလာပွဲကိစ္စကို စတင်ဆွေးနွေးကြတာပေါ့ ... ”

“ဟုတ်ကဲ့ ... ကျွန်တော့်တူ မောင်တာဝေကတော့ အစ်





ကြီးသမီးကို ချစ်ခင်မြတ်နိုးချက်ကတော့ စာဖွဲ့လို့တောင် မပြောတတ်ပါဘူးဗျာ ... ဘယ်လောက်အထိ အစ်မကြီးသမီးကို သူချစ်သလဲဆိုရင် သူခြောက်နှစ်လုံးလုံး အရင်းအနှီးကြီးကြီးနဲ့ စုဆောင်းရှာဖွေထားတဲ့ စည်းစိမ်တွေမှန်သမျှ တင်တောင်းပါတယ်တဲ့ဗျာ ... ”

မဲ့တော့မလိုလို ဖြစ်သွားသည့် ရန့်မာမီမျက်နှာကြီး ပြန်ပြီးကြည်လင်ဝင်းဖန့်သွားတာကို ကြည့်ပြီး သူရယ်ချင်စိတ်ကို အိန်းချုပ်လိုက်ရသည်။ ဒီမိန်းမကြီးဟာ တော်တော့်ကို လောဘကြီးတဲ့မိန်းမကြီးပဲ။

အင်း ... သမီးကတော့ အမေရဲ့မျက်နှာမှ မျက်နှာမောင်းကြီးကိုကြည့်ပြီး ရှက်လို့ထင်ပါရဲ့။ ခေါင်းကလေးအလိုလို ငုံ့ချသွားတော့သည်။

ခေါင်းလေးငုံ့ချသွားသည့် ချစ်သူလေးကို သူ သနားကြင်နာစွာ ငေးစိုက်ကြည့်နေသည့် အချိန်မှာပဲ ဦးလေးက ပြောလက်စ သူ့စကားကို ဆက်လိုက်ပြန်သည်။

“သူပိုင်ဆိုင်တဲ့ မြန်မာပြည်ကရှယ်ယာနဲ့ စင်္ကာပူမှာထည့်ထားတဲ့ ရှယ်ယာပိုင်ရယ် ... အခု သူ လက်ရှိနေတဲ့ သိန်းနှစ်ထောင်တန် တိုက်တစ်လုံး စိန်တစ်ဆင်စာ ... ငွေသစ်ပိသာ ... သိန်းတစ်ထောင်တန် ကားတစ်စီးထည့်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူ့ရဲ့ အရည်အချင်းနဲ့ ကြိုးစားစုဆောင်းထားတဲ့ ချမ်း
ကြွယ်ဝမှုတွေပါပဲ ... အစ်ကိုကြီးတို့ အစ်မကြီးတို့ဘက်
ရော ကျေနပ်မှုရှိရဲ့လားဗျာ ... ”

“အို ... ကျေနပ်ပါတယ် ... ကျေနပ်ပါတယ်ရှင် ... ”

ဝမ်းသာကျေနပ်စွာ လျှာခလုတ်တိုက်မတတ်ပြော
လိုက်သည့် ရန့်မာမီအသံက သူ့နှလုံးသားကို အဆိပ်လူးမြားပေါ
များစွာ ပစ်ဝင်လိုက်သလို အဆိပ်သင့်အောင့်မျက်သွားခဲ့ရသည်

ဩော် ... အခုကျတော့လည်း အရင်တုန်းက သူ့
နှစ်ပြားမတန်အောင် ပညာရှိ နှိပ်စက်စော်ကားခဲ့တာ သူမ
မဟုတ်တဲ့အတိုင်း ပြောင်းလဲသွားလိုက်တာ သူမချိုတင်ကဲ အ
တွေနှင့် ရန့်ကိုပဲ အဓိပ္ပာယ်ပါပါ ငေးစိုက်ကြည့်ပစ်လိုက်သည်။

အဲဒီအချိန်မှာ ရန်က သူ့အကြည့်တွေကို သဘော
ပေါက်စွာဖြင့် ငြိမ်သက်ငေးမောသွားချိန် ဦးလေးက စကားဆ
လိုက်ပြန်သည်။

“အစ်မကြီးတို့ဘက်ကရော ... အစ်မကြီးတို့သမီးကို အ
ပစ္စည်းတွေထည့်ဖို့ အစီအစဉ်ရှိပါသလဲ ... ပြီးတော့ မင်္ဂ
ပွဲကို ဘယ်လိုအစီအစဉ်နဲ့ ကျင်းပချင်ပါသလဲ ... ”

“အင်း ... ကျွန်မတို့ဘက်ကတော့ သမီးအတွက် စိန်တ
ဆင်စာ ... သမီးအခုစီးနေတဲ့ PRADO ကားတစ်စီး ... 





ထဲမှာ သမီးဖွင့်ထားတဲ့ Restaurant ဆိုင်ကြီးတစ်ဆိုင်ထည့်
ပါတယ် ... ကျွန်မတို့မှာရှိတဲ့ ကုမ္ပဏီကလည်း ဒီသမီးပဲ
ပိုင်ဆိုင်ရမှာပေါ့ရှင် ... ”

“ကောင်းတယ် ... ကောင်းတယ် ... ဂုဏ် ... ဂုဏ်ချင်း
ထပ်တဲ့ မင်္ဂလာပွဲကြီးပေါ့ဗျာ ... ”

“အင်း ... မင်္ဂလာပွဲအစီအစဉ်ကို ဘယ်လိုစီစဉ်ချင်သလဲ
ဆိုတော့ ကျွန်မတို့အနေနဲ့ကတော့ ရှင်တို့ သိနေမြင်နေတဲ့
အတိုင်းပဲ ... ကျွန်မသမီးလေးကို အမြင့်တကာ့ အမြင့်မား
ဆုံးဖြစ်စေချင်တာ ... ဒါ မိဘတိုင်းရဲ့ စေတနာပေါ့နော် ...
တစ်သက်မှာတစ်ခါပဲ မင်္ဂလာယူရတဲ့ မင်္ဂလာပွဲကိုတော့ သုံး
ကြိမ်ကျင်းပချင်တယ် ... ဟိုတယ်မှာ သုံးခါကျင်းပချင်တယ်
ပေါ့ရှင် ... ”

“ဟိုတယ်မှာ သုံးကြိမ်ကျင်းပချင်တယ် ... ”

ဦးလေးက လက်သုံးချောင်းထောင်ပြီး အံ့သြတကြီး
ထောင်လိုက် ရေရွတ်လိုက်တော့ ရန့်မာမီမျက်နှာကြီး မဲ့ခနဲဖြစ်
သွားရလေသည်။

“မအံ့သြပါနဲ့ရှင် ... ကျွန်မတို့အသိုင်းအဝိုင်းထဲမှာ မင်္ဂလာ
သုံးကြိမ်ဆောင်တာ ... အဆန်းတကြယ်မဟုတ်ပါဘူးရှင်”

“ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... ကျွန်တော်တို့သိုင်း



www.burmeseclassic.com

www.burmeseclassic.com



အခိုင်းဘလည်း အဆန်းတကြယ် မဟုတ်ပါဘူး ... ကျွန်ဆော့်တူဘက်က ငွေကြေးအင်အား တတ်နိုင်ပေမဲ့ သုံးခါ ဖြန်ကြီးတောင် မင်္ဂလာဆောင်မယ်ဆိုတော့ လူမပင်ပန်းဘူးလားဗျာ ... "

"ဒီလိုလေ ... မင်္ဂလာလက်မှတ်ထိုးတာ တစ်နေ့ ... ဟိုတယ်မှာလုပ်မယ် ... နောက်နေ့ ညနေ့ခံပွဲကို ဟိုတယ်တစ်ခုမှာ လုပ်မယ် ... ညစာစားပွဲကို အဲဒီညနေမှာပဲ ဟိုတယ်တစ်ခုမှာ လုပ်မယ် ... မပင်ပန်းပါဘူး ... ဂုဏ်ရှိရှိလုပ်ဆောင်တာပဲ ... ဂုဏ်ယူစရာပါရှင် ... "

"ဟိုတယ်သုံးခု ... အခမ်းအနားကတော့ ကျွန်တော့်တူဆီကို မေးကြည့်ပါဦးဗျာ ... "

နောက်ဆုံးတော့ ဦးလေးက စိတ်မောလူမောကြီးနှင့် သူ့ကိုတစ်ချက်ကြည့်ပြီး ခေါင်းရှောင်လိုက်လေသည်။

ဦးလေးကိုကြည့်ပြီး ပြုံးချင်သွားသည့် သူ့နှုတ်ခမ်းတွေကို တင်းစေ့ကာ ရန့်မာမီကို သူအတည်ပြု ခေါင်းညိတ်ပြလိုက်ရပါသည်။

"ဟုတ်ကဲ့ ... အန်တီ့ဆန္ဒအတိုင်း ဖြစ်စေရပါမယ် ... "

ရန့်မာမီက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်လေသည်။





အဲဒီပုံစံကြီးကို သူက အရမ်းရယ်ချင်သွားရကာ ရယ်ချင်သွားသည့်မျက်လုံးတွေနှင့် ရန့်ကိုငေးကြည့်လိုက်တော့

ရန်က သူ့မမာမီ တောင်းဆိုတာကြီးကို(လောဘတကြီးတောင်းဆိုမှု) ရှက်လို့ထင်သည်။

မျက်နှာလေး တစ်ပြင်လုံးပန်းသွေးရောင် ပြေးနေပုံကလေးမှာ သူကြည့်နေရင်းမှာ ရင်တွေ ခုန်မြည်လာရသည်အထိ ခံစားချက်ပြည့်သွားခဲ့ရတာဖြစ်သည်။

အင်း ချစ်သူလေးကို သိပ်မကြာခင်မှာ ပိုင်ဆိုင်ခွင့်ရတော့မှာပါဆိုပြီး စိတ်ထဲကနေ တိတ်တိတ်ကလေး ကျိတ်ကြည်နူးနေသည့်အချိန်မှာပဲ သူ အစီအစဉ်တကျ စီမံထားခဲ့သည့်အတိုင်း ခါးကြားထဲမှ သူ့ Handphoneကလေးက စတင်မြည်လာခဲ့လေတော့သည်။

ဒီဖုန်းသံမှာ မင်္ဂလာပွဲစကားပြောချိန်ကို ဖုန်းစကားပြောခြင်းနှင့် အနှောင့်အယှက်ဖြစ်အောင် တမင်ဖန်တီးထားသည့် သူ့ရဲ့ဖန်တီးကွက်ပဲဖြစ်သည်။

သူ့ကိုတစ်ချိန်တုန်းက ရက်ရက်စက်စက် ပညာပြခဲ့သည့် ဒီအမျိုးသမီးကြီးကို သူကလည်း (သူ့အချိန်မှာ)အရှက်ကောင်းကောင်းရအောင် ပညာပြပြီး တစ်ဖက်က သူ့လူကို အချိန်ကွက်တိကျ ဖုန်းဆက်ခိုင်းထားခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဆက်နိုင်းသလို အချိန်ကွက်တိကျ ဝင်လာသည့် ဖုန်းမြည်သံကြောင့် မင်္ဂလာစကားဝိုင်း တုံ့ရပ်သွားရကာ သူ့ဆီကို မျက်လုံးခြောက်လုံး စုပြုံကျရောက်လာချိန်မှာ သူက ဝုဏ်သရေရှိ လူကြီးလူကောင်း ဟိတ်ဟန်အပြည့်ဖြင့် handphone ကလေးကို ဝင့်ဝင့်ကြွားကြွား ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို ... ဪ ... အန်ကယ် ... ဟုတ်ကဲ့ ... ကျွန်တော် အခုလောလောဆယ်တော့ မအားသေးဘူး... နောက်ထပ် နာရီဝက်လောက် အချိန်ပေးစောင့်ပေးပါလို့ မေတ္တာရပ်ခံကြည့်ပါလား ... ဟာ ... ဒုက္ခပါပဲ ... ဟုတ်ကဲ့ ... ကောင်းပြီ ... ကောင်းပါပြီဗျာ ... အန်ကယ် ... ကျွန်တော် အခုပဲ ဖြစ်အောင်လာလိုက်ပါ့မယ် ... "

သူက ဖုန်းကို ဖျတ်ခနဲပိတ်ပြီး ရန့်ဒက်ဒီနဲ့မာမီကို တောင်းပန်လိုက်ရပါသည်။

"ဘယ်လိုမှမထင်ပါနဲ့ ... ဦးနဲ့အန်တီ ... ကျွန်တော့်ရဲ့ နိုင်ငံခြားက ဧည့်သည်တွေရောက်နေလို့ ... ကျွန်တော် ပြန်လိုက်ပါဦးမယ် ... မင်္ဂလာကိစ္စကိုတော့ အားလုံးအပြီးအစီး ပြောပြီးပါပြီ ... နေ့ကောင်းရက်သာရွေးဖို့ပဲ လိုတော့တယ်၊ ဦးတို့ အန်တီတို့ဘက်ကသာ နေ့ကောင်းရက်သာရွေးထား လိုက်ပါတော့ ... ကျွန်တော် လုပ်ငန်းကိစ္စအရေးကြီးလို့





အားလုံးပဲ ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ ... "

ရန့်မျက်နှာလေးကို(ချစ်သူက) အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်နှုတ်ဆက်ပြီး သုံးယောက်သား ထပြန်သွားပြီးတာနဲ့ သိပ်မကြာခင်မှာပဲ မာမီက တစ်စခန်းမြန်းပြန်တော့သည်။

"ရန် ... ငါတော့ မောင်တာဝေ ... လုပ်ရပ်တွေကို သိပ်မကျေနပ်ချင်ဘူး ... ဘယ့်နှယ်အေ အလာတုန်းကလည်း နောက်ကျမှ ရောက်လာတယ် ... ပြီးတော့ သူ့အမေလည်း ပါမလာဘူး ... ဦးလေးလင်မယားနဲ့တင်ပြီးခဲ့ရတယ် ... အခုလည်း မင်္ဂလာစကားပြောမပြီးခင် အလုပ်ကိစ္စဆိုပြီး ထပြန်သွားတယ် ... အဲဒါ ရိုးသားမှုရှိမရှိ စဉ်းစားကြည့်ပါဦး ... "

ဧည့်ခန်းထဲမှာ မာမီက လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ တာဝေ လုပ်ရပ်တွေအပေါ် မကျေမနပ် အပြစ်တင်လိုက်တာဖြစ်သည်။

အင်း ... မာမီပြောလည်း ပြောစရာပါပဲ။

တာဝေလုပ်ရပ်တွေဟာ မရိုးသားဘူးဆိုတာ ရန်လည်း ချက်ချင်းကြီးသဘောပေါက် နားလည်ခဲ့သည်။

ချက်ချင်းကြီးသဘောပေါက်နားမလည်သူကတော့ ဒက်ဒီပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခေ ... မင်းဟာကလည်းကွာ ... ကောင်လေးကိုလည်း ရွှတ်အပြစ်တင်နေတာ ... မင်းဟာကလွန်လွန်းပါတယ် ... ကောင်လေးဘက်ကလည်းကြည့်ပါဦး ... အခုကိစ္စကလည်း ဘာမှ မရိုးသားတာ မပါပါဘူးဗျာ ...

"ကောင်လေးဘက်က မင်းတောင်းဆိုသမျှ အားလုံးလိုက်လျောခဲ့တာပဲ ... ဟိုတယ်သုံးခုမှာ လုပ်ချင်တယ်ဆိုတာလည်း လုပ်ပေးရှာသားပဲ ... မောင်တာဝေရဲ့ ကြိုးစားမှုနဲ့ ကြီးပွားချမ်းသာချက်ကတော့ ငါမချီးကျူးဘဲနဲ့ကို မနေနိုင်တော့ဘူး ... တကယ်တော်တဲ့ ငါ့သမက်လောင်းပဲ"

"ဘာ ... ငါ့သမက်လောင်းလဲ ... "

မာမီက ဒက်ဒီကို မျက်လုံးကြီးပြူးကာ အော်လိုက်သောအခါ ဒက်ဒီ ရုတ်တရက် လန့်သွားပုံဖြင့် ငြိမ်ကျသွားသည်။

အတော်ကြီးကြာမှ မျက်နှာကြီးမော့ကာ ...

"ဟာ ... ငါ့သမီးနဲ့ မကြာခင် လက်ထပ်တော့မယ့် သူက ငါ့သမက်လောင်း မဟုတ်လို့ ဘယ်သူ ဖြစ်ရဦးမလဲကွ ... မြတ်ရာ ... မင်းမှာလည်း ကြည့်လုပ်ပါဦးကွာ ... ကြားထဲက သမီး စိတ်ဆင်းရဲနေရပါဦးမယ် ... စေ့စပ်ပြီးခါမှ မင်းကိုက ဂဏှာဂျောင်နိုင်လွန်းပါတယ် ... "

"အေးလေ ... မောင်တာဝေက ဘာမှ အပြစ်ပြောစရာမရှိ





ပါဘူး ... ရိုးသားပါတယ် ... သမီးစိတ်ချမ်းသာမှာပါ ... ကျွန်မကလည်း ကျွန်မသမီးလေးကို နည်းနည်းမှစိတ်ဆင်းရဲမှု မဖြစ်စေချင်တဲ့ စေတနာနဲ့ ပြောမိဘာပါ ... ရှင်ကလည်း မတော်ခင်ကတည်းက သည်းနေလွန်းလိုက်တာ ... "

ဒက်ဒီကို မကျေမနပ် မျက်စောင်းကြီးခဲပြီး ဧည့်ခန်းထဲမှ လှည့်ထွက်သွားသည့် မာမီကိုကြည့်ပြီး အခုမှပဲ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သက်မမော ကိုယ်စီချလိုက်မိကြတော့သည်။

"ဟင် ... "

အင်း ...

မာမီ အခုလိုထထွက်သွားတော့မှ ဒက်ဒီစိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသလို ... ရန့်စိတ်ထဲမှာလည်း လွတ်လပ်ပေါ့ပါးသွားခဲ့ရတော့သည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ မာမီ အထင်အမြင်တွေဟာ မှန်နေခဲ့တယ်ဆိုတာကိုသိထားသည့် ရန့်ရင်ထဲမှာတော့ထင်သလောက် မပျော်ရွှင် မကြည်နူးခဲ့မိတာကတော့ အမှန်ပင်ဖြစ်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ရန်နှင့်ဇွေစပ်ပြီးသွားပြီဖြစ်၍ သူ့ဘက်မှ ရန့်မာမီကို တိုက်တွက်တွေ့ တစ်ခုပြီးတစ်ခု လွှတ်ထုတ်ဖို့သာ အသင့်ပြင်ဆင်ထားခဲ့သည်။

ချက်ဆိုနှားကွက်ကမီးတောက်မည့်သဘောနှင့် သူ့ဘက်က အဆင်သင့်ဖြစ်နေရတာက ဟိုတစ်ချိန်တုန်းက သူမကြီးက သူ့ကိုပညာသားပါပါစော်ကားခဲ့လို့ပဲဆိုတာကိုတော့ သူတစ်ယောက်ပဲ ခံစားသိရှိခဲ့ရသည်။

အခုချိန်မှာတော့ သူ့အချိန်(စောင့်ခဲ့ရသည့်)အချိန်ကို ရောက်လာခဲ့ရပြီဖြစ်သည်။

သူ စောင့်ဆိုင်းနေသည့်အချိန်က ခွင်ကျကျခဲ့ရပြီမို့





သူကတော့ ဇွေစပ်ပြီးသွားသည့် ချစ်သူလေးကို ပိုင်ဆိုင်သူ(အိမ်သူသက်ထား)လို့ ဆက်ဆံပြောဆိုခဲ့တာကို ယေ်တော်ကြီးက အကင်းပါးစွာ ရိပ်မိသလားမသိ။

သူ ရန်နှင့်စကားပြောသည့်အချိန်တိုင်းလိုလို ဧည့်ခန်းထဲကို အကြောင်းမရှိအကြောင်းရှာပြီး ရယ်ရှာ လာလာကြည့်တတ်သည်။ ဘွားတော်ကို သူကလည်း သူ့သမီးပခုံးလေးကို သိုင်းဖက်ထားရာမှ တစ်စက်မှဖြေလွှတ်မပေးဘဲ မျက်နှာပြောင်ပြောင်နှင့်ပင် အပြုံးချိုချိုနှင့် ဟန်လုပ်နှုတ်ဆက်လိုက်ပါသည်။

"အန်တီ ... ကုမ္ပဏီ မထိုင်ဘူးလား ..."

"သမီးအဖေထိုင်တယ်လေ ... ဒီလအတွင်း အန်တီအနားယူထားတယ် ... ဒါနဲ့ ... မောင်တာဝေ ... လက်ထပ်ဖို့ကိစ္စ ရက်သတ်မှတ်တာ ... အန်တီတို့ရွေးထားတယ် ... အဆင်ပြေမယ်ဆိုရင် နောက်လထဲမှာ အန်တီတို့စီစဉ်ချင်တယ် ... နေ့ကောင်းရက်သာလည်း ရွေးပြီးပြီ ... ဟိုတယ်တွေမှာလည်း ဘွတ်ကင်ကိစ္စ အဆင်ပြေပါတယ် ..."

"ဟုတ်ကဲ့ ... အန်တီတို့ အစီအစဉ်ကတော့ ဟုတ်ပါတယ်၊ အန်တီတို့ ကျွန်တော့်ကို ကြိုမပြောတာ ... ကျွန်တော် သန်ဘက်ခါ စင်္ကာပူကို အလုပ်ကိစ္စနဲ့ သွားရဦးမယ် ... ဟိုမှာ တစ်လလောက်ကြာဦးမယ် ... ဟိုမှာလည်း ရှယ်ယာ



www.burmeseclassic.com

www.burmeseclassic.com



အညှိုးထားတော့ … ကျွန်တော့်မှာ ဒီနဲ့ ဟိုကိုမျှပြီး နေနေ ရသလိုဖြစ်နေတယ် … ဟိုမှာ တစ်လနေပြီးမှ လက်ထပ်ဖို့ စီစဉ်တာပေါ့ အန်တီ … ”

“အေးလေ … မင်းလုပ်ငန်းကိစ္စ ရှိတယ်ဆိုတော့လည်း … နောက်တစ်လကြာလို့ မင်းပြန်လာမှ စီစဉ်ကြတာပေါ့”

“ဟုတ်ကဲ့ … ကျွန်တော် ဟိုကနေ သတို့သမီးဝတ်စုံဝယ် လာရင် ကောင်းမယ်နော် … ရန် … ကိုယ်မင်းအတွက် … တစ်ခါတည်း သတို့သမီးဝတ်စုံ ဝယ်လာမယ်နော်”

“ကောင်းတော့ ကောင်းသား မောင်တာဝေရဲ့ … ဒါပေမဲ့ မင်္ဂလာဆည်ခံပွဲနေ့ ဝတ်မဲ့ မြန်မာဝတ်စုံကတော့ ဒီမှာပဲ … အန်တီတို့စိတ်ကြိုက်ရွေးချုပ်မယ် … မင်း ဟိုကနေဝယ်ရမှာက လက်မှတ်ထိုးမဲ့နေ့ ဝတ်ရမဲ့အနောက်တိုင်းဝတ်စုံရယ်၊ ညစာစားပွဲမှာဝတ်ရမဲ့ ဝတ်စုံရယ်ပဲ … ရင်ပြတ်ဂါဝန်လှလှ လေးတွေ … မင်းသိပါတယ် … ”

“ဟုတ်ကဲ့ … သိပါတယ် … ရန်က … ဘာအရောင်ကြိုက် သလဲဟင် … ”

“မာမီ … ရန် ဘာအရောင်ဝတ်ရမလဲ ဟင် … ”

ရန်က သူ့မမာမီဆန္ဒကိုတောင်းခံသလို ပြောလိုက်တာကို သူက မျက်မှောင်ကုတ်ပြီး …





“ရန်က အဲဒါတွေကြောင့်ခက်တာ … ကိုယ်ဝတ်မဲ့ဝတ်စုံ အရောင်ကို ကိုယ့်စိတ်ကြိုက် ကိုယ်ရွေးပေါ့ … အန်တီ့ကို ရွေးခိုင်းရအောင် အန်တီကလူကြီးပဲ … လူကြီးကြိုက်ဖြစ် မှာပေါ့ …

“အဲဒီလိုပဲ အန်တီရဲ့ … သူများတို့ သူက သိပ်အားကိုးတာ၊ ကျွန်တော့်ကိုလည်း အမြဲတမ်းဒီလိုပဲ ကျွန်တော်က အရာရာ ဦးဆောင်နေရတယ် … ”

ရန့်မာမီ မျက်နှာကြီး မအီမလည်ဖြစ်သွားပုံကိုကြည့်ပြီး သူ့စိတ်ထဲ အကျေနပ်ကြီး ကျေနပ်သွားရသည်။

ပြုံးချင်ချင်ဖြစ်သွားသည့် နှုတ်ခမ်းကြီးကို သူပြန်သည်တင်းတင်းစေ့လိုက်မိသည့်အချိန်မှာပဲ ရန့်မာမီအသံအင့်အင့်ကြီးက မကြည်မလင်ထွက်လာခဲ့ပြန်သည်။

“သမီးက တစ်ဦးတည်းသောသမီး … မွေးကတည်းက လိုလေသေးမရှိအောင် လိုက်ရှာနေတဲ့ သမီးဆိုတော့ … မိဘရဲ့ သဘောဆန္ဒအတိုင်း တစ်သားတည်းကျနေတာပေါ့ … အင်း သမီးက အသားဖြူလွန်းတော့ အဖြူဆွတ်ဆွတ်ဂါဝန်ရင် ပြတ်တစ်ထည်ရယ် … ပန်းနုလွှလွှတစ်ထည်ရယ် … သူ့ကိုတော့ ရင်ပြတ်မလုပ်နဲ့ လက်ဖောင်းကလေးလုပ် … သမီးက အရပ်ငါးပေကိုးနော် … အရပ်ငါးပေလေးလောက်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေရဲ့ ဂါဝန်တွေလည်း ဖြစ်နေဦးမယ် … မောင်တာ ဝေ … အသေအချာကြည့်ရွေးခဲ့ပေါ့ကွယ် … ”

“ဒါခင်လိုက် … အမျိုးအစားနှစ်မျိုးစီခွဲပြီး ယူလာခဲ့မယ် … ဒီကျမှ ရန်ကြိုက်တာ ရွေးယူကွာ … သြော် … ရန် … ကိုယ် ဒီနေ့ မင်းကို ကိုယ့်မေမေက ထမင်းစားဖိတ်တယ် မျက်နှာလေးကိုလည်း ဒီထက်ပိုလှသွားအောင် ပြင်လိုက် ဆင်လိုက်ပါဦးကွာ … သွား … သွား … အဝတ်အစားသွား လဲလိုက်ဦး … မြန်မြန်ဆန်ဆန်လေးဝတ်ခဲ့နော် … ရန် … မေမေက မြန်မာဆန်ဆန်လေးကို ပိုပြီးသဘောကျတယ်”

“အမယ်လေး မောင်တာဝေရယ် … အန်တီ့သမီးက ရွှေ ကတည်းက ထဘီမဝတ်ဘူးသလောက် ဘိုဆန်လာတာ ဘယ်နှယ့် မင်းလက်ထက်မှ မြန်မာဆန်ရမှာလဲ … မင်း အမေ သဘောကျအောင်ပဲ မဝတ်တတ်တဲ့ အဝတ်အစားကို ဝတ်ပေးရအောင် … ”

“ဟို … မာမီ … ရန် ဝတ်တတ်ပါတယ် … တစ်ခါတလေ ဝတ်တာပဲ … ရပါတယ် … ”

“ပြီးရော … သမီးရေ … သိပ်တော့ကြာကြာမနေနဲ့နော် … မာမီ ညနေကျ … ပွဲတစ်ခုသွားစရာရှိသေးတယ်”

“ဟုတ်ကဲ့ မာမီ … ”





ရန် အခန်းထဲဝင်သွားသည့်အချိန်အထိ သမီးကို ကလေးလေးလို လိုက်မှာကြားနေသည့် ယောက္ခမလောင်းကြီးကို သူတစ်ချက်တွေတွေကြည့်ပြီး စိတ်ထဲကနေ ခနိုးခနဲ့ပြုံးလိုက်မိပါသည်။

အင်း … ယောက္ခမကြီး … ခင်ဗျား … ကျွန်တော့်ကို လျှော့တွက်ထားရင် မှားသွားလိမ့်မယ်။

ဟား … ဟား …

ခင်ဗျားသမီးကို ကျုပ်ဘယ်လိုပုံစံချသွားမယ်ဆိုတာ တစ်နေ့ ခင်ဗျား ဆတ်ဆတ်ခါအောင် သိစေရမယ် … ။

*



www.burmeseclassic.com

www.burmeseclassic.com



၁၇

စက်ဘီးပွဲမှပြန်ရောက်ရောက်ချင်းပင် သူလက်ဆောင်တစ်ပွေ့တစ်ပိုက်ကြီးနှင့် ရန်တို့အိမ်ကို ရောက်လာသည့်အချိန်မှာပဲ ရန့်မာမီနဲ့ ဒက်ဒီကို ရန်နှင့်အတူ ဧည့်ခန်းထဲမှာ အဆင်သင့်တွေ့လိုက်ရသဖြင့် ပိုပြီးအဆင်ပြေသွားရသည်။

"မောင်တာဝေ ... ထိုင်ကွာ ... "

သူ ဧည့်ခန်းထဲလှမ်းဝင်ဝင်ချင်း အပြုံးချိုချိုနှင့်နှုတ်ဆက်လာသည့်ယောက္ခထီးလောင်းကြီးကို သူကလည်းခေါင်းညိတ်ပြုံးပြလိုက်ပြီး ရန့်ကိုအပြုံးနွေးနွေးလေးတွေဖြင့် စိုက်ကြည့်လိုက်ပါသည်။

ရန်က သူ့အကြည့်နွေးတွေကို စိတ်မဝင်စားနိုင်ဘဲ





သူ့လက်ထဲက အထုပ်တွေကိုပဲ စိတ်ဝင်တစားကြည့်နေတာမို့ သူက အထုပ်တွေကို တစ်ခုချင်းဖြေချလိုက်ပြီး ...

"ဒါ ... ရန့်အတွက် သတို့သမီးဝတ်စုံတွေ ... "

သတို့သမီးဝတ်စုံ ဂါဝန်အထပ်လိုက်ကို ရန့်အရှေ့မှာ သူချပေးလိုက်တော့ ရန်က ဖျတ်ခနဲ ကောက်ယူဖွင့်ကြည့်လိုက်သည်။

ရန် ဝတ်စုံတွေကို တစ်ခုချင်း ဖွင့်ကြည့်နေတုန်းမှာပဲ သူက ကျန်တဲ့အထုပ်တစ်ထုပ်ကို ရန့်ဒက်ဒီအရှေ့သို့ချပေးကာ

"ဒါ ... ဦးနဲ့အန်တီအတွက် လက်ဆောင် ... "

"ဟာ ... မဟုတ်တာကွာ ... မောင်တာဝေ ... အားနာစရာကွာ ... ဦးတို့ကိုများ လက်ဆောင်ပေးရတယ်လို့ ... ကလေးမဟုတ် သူငယ်မဟုတ် ... "

"အားမနာပါနဲ့ခင်ဗျာ ... ဦးနဲ့ကျွန်တော်နဲ့က အားနာရမဲ့သူတွေမှမဟုတ်တာ ... သူစိမ်းတွေလည်း မဟုတ်ဘူး ... မကြာခင် ယောက္ခမတော်ရမဲ့သူတွေပဲ ဦးရယ် ... အားနာစရာမလိုပါဘူး ... "

အခွင့်အရေးရတုန်း သူ တွယ်ထည့်လိုက်ပြန်သည်။

အဲဒီအချိန်မှာ အီလည်လည်ကြီးဖြစ်သွားသည့် ရန့်ဒက်ဒီကို သူကတစ်ချက် အကဲခတ်လိုက်တော့ အမျိုးသမီးကြီးက



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကြီးကို မျက်စရိုပြီး လှမ်းကြည့်နေတာမို့ သူရယ်ချင်
ကို မျက်နှာကြီးဖြင့် ရန်ကိုပဲ တစိုက်မတ်မတ် ကြည့်လိုက်
သည်။

ရန်က သူ့ရဲ့အကြည့်တွေကို လုံးဝဂရုမစိုက်နိုင်
သူမအတွက် သတို့သမီးဝတ်စုံတွေကိုသာ တစ်ခုပြီးတစ်ခု
မဲကြီးကြည့်ကာ ...

"ဟယ် ... ဒီဂါဝန်လေးက လှလိုက်တာ ... ဒီဂါဝန်
လည်းလှတယ် ..."

ဆိုပြီး ပါးစပ်မှ တဖွဖွရေရွတ်ကာ 'ဒါလေးကိုပို
တယ် ... အဖြူကလေး' ဆိုပြီး တဖွဖွမြည်တမ်းနေတာမို့ သူ
ကျေနပ်သွားသလို ချစ်သူလေးရဲ့ကလေးဆန်မှုတွေကိုလည်း
ချစ်ခြတ်နိုးသွားရကာ စားပွဲပေါ်မှာတင်ထားသည့်ရန့်လက်က
ကို လူကြီးတွေရှေ့မှာပင် မရှောင်နိုင်တော့ဘဲ ထပ်ဆုပ်ကိုင်လို
သည်အထိ မရှက်နိုင် မကြောက်နိုင် ဖြစ်သွားတော့သည်။

အဲဒီအချိန်မှာပင်

"ဟင် ..."

ခနဲပြိုင်တူထွက်သွားကြသည့် ရန့်မာမီနဲ့ဒက်ဒီ
နှာကို သူမျက်နှာပူပူနှင့် တစ်ချက်လှစ်ခနဲမော့ကြည့်လိုက်
နှစ်ယောက်သား မျက်စိမျက်နှာပျက်စွာ သူဆုပ်ကိုင်ထားသည်





တ်ကလေးကို စိုက်ကြည့်နေပုံကြီးမှာ (ဒီတစ်ပွဲမှာလည်း သူ
အောင်နိုင်ခဲ့ပြီ)ဆိုတာကို ယုံကြည်သွားခဲ့ရသည်။

ဒီအချိန်မှာ ယောကျ်ားအခကြီးရဲ့ မျက်နှာပုပ်သိုးသိုး
ကြီးက သူ့ကို ပိုပြီးကျေနပ်အားရစေခဲ့ရသလို။

အဲဒီ ... ရန့်မာမီမျက်နှာပုပ်သိုးသိုးကြီးကို မသိချင်
ယောင်ဆောင်ပြီး ရန့်ကိုယ်လုံးလေးနား အနည်းငယ် တိုးကပ်သွား
ကာ ...

"ရန် ... ကိုယ်ဝယ်လာတာတွေကို ကြိုက်ရဲ့လား ..."

"ကြိုက်တယ် ... အကုန်လုံးကိုကြိုက်တာ ... ရှင်ဝယ်လာ
တာတွေက များလွန်းပါတယ် ... ဒက်ဒီ ဒီမှာကြည့်ပါဦး...
သူဝယ်လာတဲ့ဝတ်စုံတွေမနည်းဘူး ..."

"အေး ... အေး ... ပိုက်ဆံ ကိုယ်ရှာတိုင်း ရတယ်ဆိုပေမဲ့
ဒီလောက် ဘုန်းပေါလအော မသုံးကြနဲ့ပေါ့ကွာ ... ဦးက
တော့ မောင်တာဝေရဲ့ ကြိုးစားရုန်းကန်မှုတွေကို ချီးကျူး
တယ် ... လူငယ်ဆိုတာ ... ဒီလိုကြိုးစားမှ ဖြစ်မြောက်ကြ
တာ ... ကြိုးစားပါ မောင်တာဝေ ... မင်းအသက်ငယ်ငယ်
လေးရှိပါသေးတယ် ... ဒီထက်မက မင်း စီးပွားရေးလော
ကမှာ အောင်မြင်ဦးမယ်လို့ ဦး အပြည့်အဝယုံကြည်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် အမြဲတမ်းကြိုးစားသွားမှာပါဦး။



www.burmeseclassic.com

www.burmeseclassic.com



အခုခေတ်ကလည်း စီးပွားရေးနဲ့ ပခုံးတိုက်နေတဲ့ခေတ်
တော့ မကြိုးစားလို့မရဘူး ... ကိုယ်ပိုင်စီးပွားဖြစ်ဖြစ်ခြော
ခြောက်မရှိရင် ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်ကိုရဖို့
မလွယ်ဘူး ... အခုခေတ် မင်္ဂလာဆောင် ကိစ္စဝိစ္စကလည်း
နည်းတာမဟုတ်တော့ ကြိုးစားရတယ် ဦးရဲ့ ... မကြိုး
နိုင်ရင်တော့ တကယ့်မလွယ်ကိန်းပဲ ... "

"အေး ... အေး ... ဦးလည်း စကားစပ်တုန်း မေးဦးမေ
မင်း စက်ဘ်ပူကို အလုပ်သွားလုပ်တာ ခြောက်နှစ်ယော
ကလေးနဲ့ ဒီလောက်ချမ်းသာသွားတာ ... ဦးတွေ့သ
မှာ မင်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ် ... အဲဒါ ဦး
နေတာ ... "

"ဩော် ... ဟုတ်ပါတယ် ဦး ... ဦးမေးတာ မှန်ပါတ
စက်ဘ်ပူကို သာမန်အလုပ်သမား သွားလုပ်တဲ့သူက
ဒီခြောက်နှစ်ကလေးနဲ့ ဒီအတိုင်းအတာကြီးလောက်အ
ဘယ်ကြီးပွားမလဲ ဦးရယ် ... ကျွန်တော်က အမှီရှိလို့
ကျွန်တော့်ဦးလေးက စက်ဘ်ပူမှာ ကုမ္ပဏီထောင်ထ
အဆင့်ရှိတော့ ဦးလေးက ကျွန်တော့်အတွက် အဲဒီတ
ရှယ်ယာ သိန်းငါးရာစိုက်ပြီး ထည့်ခဲ့တဲ့ငွေရယ် ...
တော်က ဦးလေးကုမ္ပဏီမှာ Secretary လုပ်တာ တစ်န





သိန်းနှစ်ရာရယ် ... အဲဒီစုစုပေါင်း ငွေတွေကနေပွားပြီး အခု
လောက်အထိ တိုးတက်ခဲ့တာပါ ဦး ... "

"ဟာ ... ဟုတ်လား ... အခုမှပဲ မင်းရဲ့ကြီးပွားချမ်းသာမှု
အဖြေကိုရတော့တယ် ... "

"ဒါပေမဲ့ ဦးရယ် ... လူဆိုတာ ငွေအရင်းအနှီးနဲ့ ဘယ်
လောက် ရင်းနှီးမြှုပ်နှံထားထား ... ခေါက်ခြောက်အောင်
မြင်သူက အရှားသားနော် ... "

"အေး ... ဟုတ်တယ်ကွ"

သူနှင့်ဦး အပေးအယူစကားများနေခဲ့ပေမဲ့ ရန့်မာမီ
ကတော့ သူမကြီးကို တည့်တည့်ထိသွားသည့်စကားတွေအတွက်
မျက်နှာဝင်းဝင်းကြီးက ညိုမှောင်ပုပ်သိုးသွားရလေသည်။

မျက်နှာကြီးညိုတင်းသွားသလို မျက်နှာကြီးကိုလည်း
ဆတ်ခနဲပင့်မော့လိုက်သဖြင့် သူမကြီးတစ်ခုခုပြောတော့မဲ့အထာကို
ပေါက်သည့် သူက စကားစကိုဖြတ်ပြီး ကောက်ခါငင်ကာမတ်တတ်
ထရပ်လိုက်မိပါတော့သည်။

"ဟော ... မောင်တာဝေ ... ပြန်တော့မလို့လား"

"ဟုတ်ကဲ့ ဦး ... ကျွန်တော် ပြန်လိုက်ပါဦးမယ် ... အလုပ်
ကိစ္စက ရှိနေသေးတော့ စကားပြောရတာတော့ မပြောင့်
ဘူး ... ရန် ... ကိုယ်ပြန်လိုက်ဦးမယ်ကွာ ... နောက်ရက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] မင်္ဂလာဆောင်ဖို့ကိစ္စ ဆွေးနွေးကြတာပေါ့ ... အန်တီ ကျွန်တော့်ကို ခွင့်ပြုပါဦးနော် ... "

သူ ရန့်မျက်နှာလေးကို ချစ်မြတ်နိုးသည့်မျက်လုံး တွေနှင့် တစ်ချက်နင့်နင့်စိုက်ကြည့်ပြီး ရန်ဒက်ဒီနှင့်မာမီကို နှုတ်ဆက်ကာ ဧည့်ခန်းထဲက ခပ်သွက်သွက်ပြန်ထွက်လာခဲ့တော့သည်။

တာဝေ ထင်ထားခဲ့သလိုပင် တာဝေပြန်ပြီး ကားမောင်းထွက်သွားသည့်အချိန်မှာတော့ ရန့်မာမီက ဆိုဖာကြီးပေါ်မှာ ထိုင်နေရာကနေ ဝုန်းခနဲထရပ်ကာ ...

"ဒီမှာ မီရန်ရန် ... ညည်းကောင်ပြောသွားတဲ့စကားတွေကြားလား ... ကို ... ရှင့်သမက်လောင်း ... လူရိုး လူအေးလူဖြောင့်ကလေး ပြောသွားတာ ကြားတယ်မဟုတ်လား။ အခုခေတ် ... မင်္ဂလာဆောင်ကိစ္စဝိစ္စက နည်းတာမဟုတ်တော့ ကြိုးစားရတယ်တဲ့ ... မကြိုးစားရင်တော့ တကယ့်မလွယ်ကိန်းပဲတဲ့ ... "

"အေး ... ဟုတ်သား ... သူပြောတာက မဟုတ်လို့လား"

"ဘာ ဟုတ်တာလဲ ... အဲဒါ ... ကျွန်မကိုတည့်တည့် စောင်းပြောသွားတာ ... ရှင်က ဒါကို သဘောကျနေတယ်လား... ရှင်က ရှင့်သမက်လောင်း ပြောတာတွေကို အဟုတ်ကြီးမှတ်ပြီး သွားကြီးဖြီးနေတယ်ပေါ့လေ ... "





"ဟာ ... ငါက သွားကြီးဖြီးမနေရအောင် သွားကြီးကိုက်ထားရမှာလား ... "

"ရှင် ... ပွစကားမပြောနဲ့ ... အဲဒါ ... ကျွန်မကို ကောင်းကောင်းနက်သွားတာ ... အမယ်လေး ... ရိုးသားလိုက်တာ စကားပြောတာ နေတာထိုင်တာကအစ မရိုးဘူး ... လူကြီးတွေရှေ့မှာတောင် ရန့်လက်ကို ဆုပ်ကိုင်ထားတာ ... ဒါရိုးသားတဲ့လူလား ...

"မရိုးသားတာမှ အတွင်းရော အပြင်ရော မရိုးသားဘူး ... ကလိစာရာ အရေခွံရော မရိုးတာ ... ရန် ညည်း ကျပ်ကျပ်သတိထားနေ ... နောက်နောင် ဒါမျိုးကိစ္စ ငါမမြင်ချင်ဘူး။ ဟိုအဖေကလည်း သတိထားနေ ... ချီးကျူးလိုက်ရတာတော်ကြာ ... ရှင့်ခေါင်းပေါ် ... ဟင်း ... မပြောလိုက်ချင်ဘူး ... "

မာမီ ဒေါသတကြီး ပေါက်ကွဲနေတာကို ကြည့်ပြီး ရန် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငုံ့ထားလိုက်သည်။

"အေးကွာ ... ဒက်ဒီလည်း မောင်တာဝေ အပြုအမူတွေကို မကြိုက်ဘူး ... လူကြီးရှေ့မရှောင် ... ဘာမရှောင်နဲ့ ... ဒါမျိုး မလုပ်ထိုက်ဘူးကွ ... လက်ထပ်ပြီးတာတောင် ဒီလိုမနေသင့်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ … ကျွန်မတို့ကို အရေးမစိုက်ဘူးဆိုတာ ပြတာလေ ဟင်း မိမြတ်တို့က … ဘယ်သူ့စိတ် ဘယ်လိုရှိတယ်ဆိုတာ အကုန်သိပြီးသား … မိဘရှေ့မှာတောင် ဒီလောက်သည်း နေတာ … ကွယ်ရာမှာဆို ဘယ်လောက်သောင်းကျန်း လိုက်မလဲ …"

"အေး … ဟုတ်တယ်ကွ … ဟာ … မင်းဘာစကားတွေ လျှောက်ပြောနေတာလဲ … ငါက အဖေကွ … အဖေ … ဟင်း …"

ဒက်ဒီနဲ့မာမီ တစ်ယောက်တစ်ပြန် မျက်စောင်းကြီး ထိုးပြီး မကြည်ကြည့် ကြည့်နေသည့်အချိန်မှာပဲ …

I - L– ove — You --- I - L-- ove — You — I - L-- ove --- You — I - L-- ove — You --

I - L– ove — You — I - L– ove — You —

"ဟွဲ့ … ဟွဲ့ … စားပွဲပေါ်က ညည်း ဟန်းဘက်အိတ်ထဲက ဘာသံကြီးလဲ … အသံကြီးက … ဟင်း … ဘာ I love you လဲ …"

မာမီက ခေတ်မီသူပီပီ ရန့်ဟန်းဘတ်အိတ်ထဲက ခြည်လာသည့် အသံကို သူခေါ်လိုက်သည့်ဖုန်းမှန်း တန်းသဘော ပေါက်သွားပုံဖြင့် ရန့်ကိုမျက်စောင်း နက်နက်ထိုးလိုက်လေသည်။





မာမီ့ပုံစံကြီးကိုကြည့်ပြီး ရန့်က ဇက်ကလေးပု၊ ပခုံးလေးတွန့်ကာ ဒက်ဒီကို ဟီခနဲရှက်ရယ်ရယ်ပြလိုက်ရင်းက ဖုန်းကို ဟန်းဘတ်အိတ်ထဲမှ ထုတ်ယူလိုက်ကာ …

"အဟင်း … သူဆက်တဲ့ဖုန်း မာမီရဲ့ …"

"အမယ်လေးပိုလိုက်တာ … ငါးရံ့တို့ပြာလူးထားတဲ့အတိုင်း နားကြားပြင်းကိုကတ်လို့ …"

"မာမီကလည်း …"

"မာမီကလည်း မလုပ်နဲ့ … အမယ်လေးဟဲ့ … ဖုန်းခေါ်တာတောင် ရိုးရိုးမခေါ်ဘူး … နှာဘူးထပြီးထည့်ထားသေးတယ် …"

အနားကနေ ခါးကြီးထောက်ပြီး ဗျစ်တောက် ဗျစ်တောက်ပြောနေချိန်မှာ ရန့်ကတော့ သူ့ဖုန်းကို ဖွင့်နားထောင်ပြီး သားဖြစ်သွားရလေသည်။

"ဟယ်လို … တာဝေ … ရှင် အခု ဘယ်ကပြောနေတာလဲ ကားပေါ်က ဟုတ်လား … ကားမောင်းရင်းနဲ့ ဖုန်းမပြောနဲ့လေ … ဩော် ဒါကတော့ ပူရတာပေါ့ … အဟင်း … ဟင်း … ယူ ဘာတွေလျှောက်မေးနေတာလဲ … ဘာမှမသိဘူး … အိုင့်ကိုလာမပြောနဲ့ …

"ယူ့ကိုယ်ယူ ကလေးလို့ထင်နေသေးလား … အသက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခင်းဆောင့်နေပြီ ... တော်ပြီ ... တော်ပြီ ... ယူကလေး ထလားစကားတွေ လျှောက်မမေးနဲ့ ... ဒါပဲ ... အိုင်ဖုန်း ပိတ်မယ် ... ”

ရန် ဖုန်းပိတ်ပြီး မာမီကိုကြည့်လိုက်တော့ မာမီက မျက်နှာကြီး အိုးတိုးအင့်တင့်ကြီးနှင့် ...

“ကြည့်စမ်း ... မျက်နှာက ဘာဖြစ်တာလဲ ... စကားတွေက ဘာတွေများ ပြောလို့ ဒီလောက် ကြည်နူးပြီး ပီတိသော မနသဖြစ်သွားရတာလဲ ... ရှက်ဖို့ကောင်းလိုက်တာ ... စကားပြောတာ ဟိုတစ်ဖက်က အကောင်ကလည်း လူကြီးတွေရှိမှန်းသိသိကြီးနဲ့ ဘာစကားတွေလျှောက်ပြောတာလဲ”

“ဟင်း ... ဟိုအဖေကတော့ နားရှက်မျက်စိရှက်လို့ထွက်သွားတယ် ... ငါကတော့ ညည်းအဖေလို ထထွက်မသွားဘူး ... စောင့်ကြည့်နေမယ် ... အမယ်လေး ကလိုးကလက်ရှိလိုက်တာ ... မေတ္တာမရှိလိုက်တာ ... ငါတို့ခေတ်တုန်းက ဒါမျိုးတွေ မရှိခဲ့ပါဘူး ... အခုမှ ငါမပြောလိုက်ချင်ဘူး”

“မာမီကလည်း တူတော့မလား ... အခုခေတ်က ကျားနဲ့မ ဟာ မခွဲခြားတော့ဘဲ ကမ္ဘာကိုရင်ဘောင်ချီနေမှပဲ”

“ဟဲ့ ... ကမ္ဘာကိုရင်ဘောင်ချီတာ အောင်မြင်မှု နှင်တို့က နှာခေါင်းမှု ... ဟင်း ငါမပြောလိုက်ချင်ဘူး ... ပြောလိုက်





ရင် အဆုံးအစမရှိဖြစ်ဦးမယ် ... ”

“မာမီကလည်းနော် ... အပြစ်မဟုတ်တာ အပြစ်လျှောက်ပြောနေတာပဲ ... ”

“အပြစ်မဟုတ်ဘဲနေမလား ... ဟင် ... နင့်အကောင်မှာ ရိုးသားမှုဆိုတာ ဘာရှိလဲ ... အေး ဒီတစ်ခါတော့ ငါ့အရှေ့မှာ မဖွယ်မရာပုံစံမြင်လို့ကတော့ အဲဒီအကောင်ကို နှစ်ပြားမတန်အောင်ကို ပြောလွှတ်လိုက်ဦးမယ် ... ”

ရန့်မျက်နှာကို အခဲမကျေသလို တစ်ချက်စိုက်ကြည့်ပြီး မဲ့မဲ့ရွဲ့ရွဲ့ မျက်နှာကြီးနှင့် ချာခနဲလှည့်ထွက်သွားသည့် မာမီကိုကြည့်ပြီး ရန် ရင်တဖတ်ဖတ်မောသွားရပါတော့သည်။

အင်း ... မာမီနဲ့ တာဝေနဲ့ကတော့ ဒီပုံအတိုင်းဆို ကမ္ဘာမကျေ တာဝေ ဖြစ်ရလိမ့်မည်ထင်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဒီတစ်ခါ ရန့်မာမီကို တိုက်လိုက်ရသည့် တိုက်ကွက်
**တစ်ခုက အတော့်ကို** လှပသေသပ်ပါသည်။

သူ့သူငယ်ချင်းမင်္ဂလာပွဲ လှူပုံအလယ်မှာ ရန့်မာမီကို
**အရှက်ကောင်းကောင်း**ခွဲဖြစ်ခဲ့တာပဲ ဖြစ်သည်။

အဲဒီနေ့က သူငယ်ချင်းပါးစပ် ဆုတ်ဆော့မှုကြောင့်
အဲဒီလိုပြဿနာဖြစ်ခဲ့ရတာဆိုလည်း မမှားပါ။

"ဟော့ကောင် တာဝေ ... ငါတို့စုံတွဲကို အားမကျဘူးလား
မင်းတို့ကလည်းကွာ ... စေ့စပ်ပြီးတာကြာပြီ ... အခုထိ
လက်မထပ်သေးဘူး ... ဟောင်းနေပြီနော် မသစ်တော့ဘူး"





"ဟော့ကောင် မင်း ကြွားလုံးထုတ်မနေနဲ့ ... အရင်လက်ထပ်
ရတယ်ဆိုပြီး မိန့်မနေနဲ့ ... ငါနဲ့သူက အခုယူရင် အခုဖြစ်
တယ်နော် ... ဇအေးဆေးပဲ ... ငါ့ချစ်သူလေးက ငါ့သဘော
ငါ့ဆန္ဒ တစ်သားတည်းပဲနော် ..."

"ဟင် ..."

လှူပုံအလယ်မှာ ရန့်လက်ကလေးကိုဆွဲပြီး သူ့သူ
ငယ်ချင်းကို ပက်ခနဲပြန်ပြောလိုက်သည့် တာဝေ့စကားလုံးတွေက
ရန်နှင့် မာမီကို လုံးဝဂရုမစိုက်ဘူးဆိုတာကို ဖွင့်ပြလိုက်တာပဲဖြစ်
သည်။

အခုလို မာမီ့ကိုရှေ့မှာထားပြီး မဖွယ်မရာပြောဆို
လိုက်သည့် တာဝေ့လုပ်ရပ်တွေက မာမီကိုထိပ်တိုက်စော်ကားလိုက်
တာနှင့် အတူတူပင် ဖြစ်သည်။

ဒါပေမဲ့ သူကတော့ သူပြောတာကို သူကောင်းထင်
ပြီး ကြည်မွေ့သာယာသွားသည့် မျက်လုံးတွေနှင့် ရန့်ကိုငုံ့ကြည့်
တာ ...

"ရန် ... ကိုယ်တို့ ဟိုစားပွဲမှာ ထိုင်ကြရအောင် ... သူငယ်
ချင်းတွေနဲ့ စကားပြောကြရတာပေါ့ ... အန်တီ ... ကျွန်
တော်တို့ ဟိုစားပွဲမှာပဲ ထိုင်လိုက်တော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



တာဝေ နောက်ကို ရန်လိုက်ပါခဲ့ရပေမဲ့ ရန့်ရင်ထဲမှ

တစ်စက်မှ ကြည်လင်ကျေနပ်မှုမရှိတော့ချေ။

စကားကို အကြောကြီးနှင့်ပြောပြီး မာမိနှင့်ရန့်

လုံးဝဂရုမစိုက်သလို ပြောခဲ့တာ ရန်အခံရခက်လှပါသည်။

ရန့်ကို သူပိုင်တယ်ဆိုကြောင်း သူ့သူငယ်ချင်းတေ

ရှေ့မှာ တမင်ဖွင့်ပြလိုက်သည့် တာဝေ့လက်နက်ပုန်းကို မာမိ

အိမ်ပြန်ရောက်ရောက်ချင်းမှာပဲ မခံမရပ်နိုင် ဖွင့်ဟတိုက်ထုတ်ပ

တော့သည်။

မာမီ တိုက်ခဲ့တာက တာဝေကို မဟုတ်ပါ။

ရန့်ကိုပင်ဖြစ်လေသည်။

"ရန် ... ညည်းကောင် လုပ်ရပ်တွေကို မာမီ လုံးဝခွင့်မလွှ

နိုင်တော့ဘူး ... ညည်းတွေ့တယ် ကြားတယ်မဟုတ်လာ

ငါ့ရှက်လိုက်တာ ... ငါ့ကိုသူက အရေးမစိုက်ဘူးဆိုကြော

လူပုံအလယ်မှာ သိအောင်ခွင်းကြေညာ အရှက်ခွဲလိုက်

မဲ ... ဒါ စော်ကားတာ ... ငါ့ကိုပြန့်လက်စားချေတာ

ပညာပြတာ ... "

ကြိတ်မနိုင်ခဲမရဖြစ်ပြီး ရင်ဘတ်ကြီးထုထုပြော

သည့် မာမီကို ဘယ်လိုမှ ရန်ဖြေရှင်းခွင့် မလုပ်တော့ဘဲ မာမီ

နှင့်တစ်ထပ်တည်း ညီညွတ်စွာ ခေါင်းညိတ်လိုက်ပါတော့သည်





"ရန် နားလည်ပါတယ် မာမီ ... ဒီတစ်ခါတော့ ရန့်လည်း

သည်းမခံနိုင်တော့ဘူး ... "

"အေး ... ပြဿနာဖြစ်သွားအောင် ... လုပ်ပစ်လိုက် ...

ဘယ့်နှယ်အေ ... မိန်းမတစ်ယောက်ကို ယူမယူရသေးဘူး၊

သူက အပိုင်ပြောပြီး လူထူထူမှာ အနူဆိုင်ခင်းရအောင် ဒါ

ကိုယ့်ချစ်သူမိန်းကလေးကို တန်ဖိုးထားတာ မဟုတ်ဘူး ...

တန်ဖိုးတစ်စက်မှမရှိအောင် နှိမ့်ချတာ ... သူ ဒီလိုနှိမ့်ချရ

အောင် ညည်းက ဘယ်လောက် အညံ့ခံနေမှန်းမှမသိတာ"

"ဟင် ... ဘာဆိုင်လဲ မာမီရဲ့ ... သူ့ဘာသာ သူပြောခဲ့တဲ့

စကားနဲ့ ရန်နဲ့ ဘာဆိုင်လဲ ... "

"အေးပေါ့လေ ... ဘဝင်မြင့်တာပေါ့ ... ဆင်မမြင်ဘူး ...

ကျွဲကြီးထင်ပြီး သူ့ကိုယ်သူ စီးပွားထိပ်ဖြစ်ပြီဆိုပြီး ... ဒါ ...

ငါ့ကို မခုံးချင်းလှမ်းတိုက်တာ ... ဟင်း ... ဟင်း ... အခုမှ

တူတူတန်တန် အဆင့်မီမီနေဖူးတဲ့ကောင်ကများ ... ငါ့ကို

လာကြောတာ ... ကြောလို့ရမယ်ထင်သလား ... မျိုးမြင့်

မြတ်တို့ကလေ မတော်ရသေးတဲ့ သမက်လည်း အကြော

မပေးဘူး ... တော်ပြီးသား သမက်လည်း အကြောမပေး

ဘူး ... ခင်းက ငါ့ကို မကျေပွဲနွဲတော့လည်း မျိုးမြင့်မြတ်

အကြောင်း သိစေရမယ် ... ပေါ့"

www.burmeseclassic.com



နောက်ဆက်တွဲ "ဟင်း ... ဟင်း" ဆိုပြီး မခံချိမခံသာ ရယ်လိုက်သည့် မာမီ့အသံကြီးက ရန်နှင့်သူ့ကို ဘာစကားမှ ရှေ့ဆက်မှာပဲ အဝေးဆုံးတစ်နေရာကို ရောက်ရှိသွားသလို ခံစားလိုက်ရပါတော့သည်။

*





"ဒီမှာ တာဝေ ... ရှင့်ရဲ့လုပ်ရပ်တွေက ရန့်ကို လူ့ပုံအလယ်မှာ အရှက်ခွဲခဲ့တာပဲ ... ရန် လုံးဝမကျေနပ်ဘူး ... ဒါ ... ရှင် ရန့်ကို တန်ဖိုးမထားတာ နှိမ့်ချစော်ကားတာ ... "

မာမီ့အရှေ့မှာ မျိုသိပ်ခဲ့ရသမျှ သူ့အရှေ့မှာ ရန်စုပြုံချင်ပွင့်သွားတော့သည်။

ဒါကိုတောင် သူက ခေါင်းတညိတ်ညိတ်နှင့် ရန့်ကို နှုတ်ခမ်းစေ့ပြီး အေးအေးဆေးဆေးကြည့်လျက် ပြောင် မျက်စိမှိတ်ပြလိုက်သေးသည်။

"မင်း ... ငါ့ကို အဲဒီလို မစွပ်စွဲနဲ့ ... ငါချစ်သူမို့ ငါပြောတာ ဘာဖြစ်လဲကွာ ... ဘာဖြစ်မှာမို့လို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ ... ရန်က မိန်းကလေးလေ ... ရှင်ပြောတဲ့ စကားက ရန့်ကို ဘယ်လောက်သိက္ခာပျက်စေသလဲ ... ကဲ ပြော ... ရှင်း ... "

"ဟာ ... မသိဘူးကွာ ... မရှင်းဘူးကွာ ... "

"ရှင် ... ရှင်ဟာလေ ... တစ်စက်မှ ယောကျ်ားမပီသတဲ့ ယောကျ်ား ... မာမီ့ကိုမုန်းနေတာနဲ့ မာမီ့သမီးကို ဒီလိုစော် ကားတာ ကျွန်မ မသိဘူးအောက်မေ့နေသလား ... ဘာမှ မပြောချင်လို့ ရေငုံနှုတ်ပိတ်နေနေတာကို သိပ်အ,နေပြီလို့ တော့ မသတ်မှတ်နဲ့ ... "

"ရန် ... မင်းစကားတွေ ရင့်နေပြီနော် ... ငါ သည်းမခံနိုင် တော့ဘူး ... "

"ကျွန်မ ... ဒီကိစ္စကို လုံးဝမကျေနပ်ဘူး"

"မကျေနပ်လည်း ... သေကွာ ... သေ"

"ဟင် ... ရှင်"

ရန့်လက်ကလေးဝှေ့ခနဲ မြောက်တက်သွားပြီး သူ့ မျက်နှာကြီးကို ဖြီးခနဲ ကုတ်ဆွဲလိုက်တာကို သူကအင်္ကျီမိသွား လိုက်ရပြီးမှ ရန့်တစ်ကိုယ်လုံးကို အရှိန်ပြင်းပြင်းမတတ် ဆွဲခါယမ်းလိုက် ကာ အံကြိတ်သံကြီးနှင့် ...





"မင်း ... မင်းတော့ ... သေချင်ပြီနဲ့တူတယ်"

"ရှင် ... ရှင်ဟာ ... သိပ်အဖြူးကြီးတဲ့ယောကျ်ား အဆိပ် ပြင်းတဲ့မြွေ Cobra (မြွေဟောက်)"

"အေး ... အဆိပ်ပြင်းမြွေ Cobra ပဲ ... ဘာဖြစ်လဲကွာ ... မင်း ဘာပြောဦးမလဲ ... ကဲ ... ပြော ... "

"မပြောဘူး ... မပြောဘူး ... ရှေ့လျှောက် ပြဿနာဖြစ်ရင် ရှင်ခံ ... ရှင်ခံ ... "

ရန့်မျက်ရည်တွေက သူ့လက်ဖဝါးနှစ်ဘက်မှာ နွေး ခနဲ့သွားသလို ခံစားလိုက်ရတော့သည်။

ဒီအချိန်မှာ သူ့စိုးရိမ်ထိတ်လန့်စွာ နားလည်လိုက်မိ သည်ကတော့ သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာတံတိုင်းကြီးကိုပဲဖြစ် သည်။

ဒီကံကြမ္မာတံတိုင်းကြီးကို အဆုံးထိ မကျော်ဖြတ်ရ သေးဘဲနှင့် သူ့ အဆုံးသတ်ခွင့်ရခဲ့မည်ဆိုလျှင် ဆိုသည့်အတွေးကြီး သည်သူ့ကို ငယ်ထိပ်မြွေပေါက်သလို ခံစားလိုက်ရတော့သည်။

အဲဒီခံစားချက်တွေနှင့်ထပ်တူ ရန့်ပုခုံးလေးကို ကျိုး ကြေမတတ် ဆုပ်ညှစ်ထားသည့် လက်အစုံက လျှော့ကျသွားရကာ ရန့်ကိုယ်လုံးလေးကို ရင်ခွင်ထဲသိမ်းဖက်ပြီး မျက်နှာကလေးကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



အေးလျက် အနမ်းမိုးတွေရွာချလိုက်ရင်းက ရင်မချိသံကြီးနှင့် ရင်ဖွင့်သွားတော့သည်။

"ရန်ရယ် … မင်းကိုယ့်ကို ဘာဖြစ်လို့ နားမလည်ခဲ့တာလဲ ကိုယ့်ကို ရန်ဖြစ်ဖို့ မကြိုးစားစမ်းနဲ့ကွာ … ကိုယ် မင်းနဲ့ရန် မဖြစ်ချင်ဘူး … ကိုယ် မင်းကိုသိပ်ချစ်ခဲ့လို့ မင်းအတွက် ပေးဆပ်ခဲ့ရတာတွေ ကိုယ် လူပုံအလယ်မှာ အရှက်ကွဲခဲ့တာတွေ ပြန်မတွေးချင်တော့ဘူး …

"ဒီကိစ္စကို မင်းမကျေနပ်လည်း မတတ်နိုင်ဘူး … မင်းဂုဏ်သိက္ခာတွေ ကိုယ့်လုပ်ရပ်ကြောင့် ကျဆင်းသွားမယ်လို့ … သတ်မှတ်ချင်လည်း သတ်မှတ်ပေါ့ … မင်းနဲ့ငါဟာ မကြာခင် လက်ထပ်ကြမဲ့လူတွေပဲ … လူတကာသိတယ် … ဘာမှ ရှေးကြီးခွင်ကျယ်လုပ် ပြောစရာအကြောင်းမရှိဘူး" …

သူ ရန့်နှုတ်ခမ်းလေးကို လွှတ်ခနဲ အနမ်းနုနုလေးပေးပြီး နှစ်သိမ့်ချော့မော့လိုက်ပေမဲ့ ရန့်မျက်လုံးတွေကတော့ အနည်ငယ် စိမ်းတောက်သွားသလို ခံစားလိုက်ရတာက သူ့ရင်ကို ရှူးနှမ်းသွားစေခဲ့တော့သည်။

အဲဒီအချိန်မှာ သူ့စိတ်ထဲကနေ ရန့်ကို

"ရန်ရယ် … ကိုယ့်ကိုတော့ အငြိုးမထားလိုက်ပါနဲ့နော်"





လို့လည်း သူ အရှုံးအမှုး တောင်းပန်လိုက်မိသေးသည်။

✱



www.burmeseclassic.com

www.burmeseclassic.com



၁၉

"တူ ... တူ ... တူ"

ခါးကြားထဲက ဖုန်းမြည်သံကြောင့် သူစာရင်းဗိုင်တွဲတွေကို Check လုပ်နေရာမှ ဖျတ်ခနဲ ဖုန်းကိုဆွဲကိုင်ပြီး နားထောင်လိုက်သည်။

အဲဒီအချိန်မှာ ကြားလိုက်ရသည့် ရန်နှမာမီအသံမာမာကြီးက သူ့ကို အလိုလို နှုတ်ခမ်းကြီးတွန့်တက်သွားသည်အထိ ပြုံးမိသွားရတော့သည်။

"မောင်တာဝေ ... အန်တီ မင်းနဲ့ ဆွေးနွေးစရာရှိတယ် ... မင်းကို အန်တီ တွေ့ချင်တယ် ... "

မာန်မာနသံအပြည့်ဖြင့် တောင်းဆိုလာသည့် ရန်နှမာမီအသံက သူ့ကို အော်ဂလီဆန်အောင် ရယ်ချင်သွားရသည်။





အင်း ... ဟွန်း ... သူမကြီး ဒီလိုဒေါကြီးမောကြီး ပေါက်ကွဲလာအောင် သူတမင်ဖန်တီးခဲ့တာပဲ။

ရန်နှမာမီ သူ့ကို အခုလို တောင်းဆိုလာမည့်အချိန်တစ်ခုကို သူမျှော်လင့်စောင့်ဆိုင်းနေခဲ့တာ ကြာပြီမို့ အခုလိုတောင်းဆိုလာသည့် ရန်နှမာမီအပေါ် သူ အကျေနပ်ကြီး ကျေနပ်သွားခဲ့ရသည်။

"အန်တီ ... ဘာဆွေးနွေးစရာရှိလို့လဲ ... "

သူက ဘာမှ မသိနားမလည်သလို တအံ့တသြမေးလိုက်တော့ ရန်နှမာမီက အတော်အခံရခက်သွားပုံရသည်။

အခံရခက်သွားသည့် ခပ်တင်းတင်းလေသံကြီးဖြင့် ...

"ဆွေးနွေးစရာကိစ္စရှိလို့ ဆွေးနွေးမှာပေါ့ကွယ် ... မင်း အန်တီ့ရုံးခန်းကို နာရီဝက်အတွင်း အရောက်လာခဲ့ပါ"

"ခင်ဗျာ ... နောက်ထပ် နာရီဝက်အတွင်း ... ဘယ်လိုမှ ကျွန်တော် လာနိုင်မှာမဟုတ်ဘူး ... ကျွန်တော် ဒီနေ့ တစ်နေ့လုံး လုံးဝအားမှာမဟုတ်ဘူး ... အစည်းအဝေးပွဲရှိသေးတယ် ... ပြီးတော့ မဖြစ်မနေ သွားရမဲ့ သူငယ်ချင်းသမီးမွေးနေ့ ... အင်း ... အချိန်ရမှာမဟုတ်သေးဘူး အန်တီ"

"အန်တီ မင်းကို ဒီနေ့ပဲ တွေ့ချင်တယ် ... မင်း အားမဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောပါ ... မောင်တာဝေ”

“အားနာတယ်ဗျာ ... အန်တီ ... ကျွန်တော်အားမဲ့အချိန်က ညဆယ့်နှစ်နာရီထိုး အိပ်ချိန်လောက်မှ ... ”

“မင်း ... အခု နေ့ခင်း ထမင်းစားချိန်ရော မအားဘူးလား”

“အင်း ... အန်တီ တွေ့ချင်တယ်ဆိုတော့လည်း မဖြစ်မနေ အချိန်ပေးရမှာပေါ့ ... ရပါတယ် ... ကျွန်တော် ဆယ့်နှစ်နာရီထိုး အန်တီ့ရုံးခန်းကို လာခဲ့ပါ့မယ် ... ဒါပဲနော် အန်တီ”

သူက ဖုန်းကိုအရင်ပိတ်လိုက်ပြီး ကျေနပ်စွာ ပြုံးစိတ် ပြုံးလိုက်မိသည်။

အင်း ... သူ ဒီလိုအချိန်မျိုးကို သူ စောင့်နေခဲ့တာ ကြာခဲ့ပြီမို့ သူမကြီး အခုလိုတောင်းဆိုမှုကို သူ့နိုင်ကွက်အဖြစ် ရယူခဲ့တာ ဖြစ်သည်။

ဒီလို နိုင်ကွက်ယူပြီး ပီတိအဟုန်မြင့်ကာ ရန်မာမီရဲ့ ရုံးခန်းသို့ ဒုတိယအကြိမ်ရောက်ရှိသွားချိန်မှာ အနိုင်ရသူတစ်ယောက်၏ အောင်မြင်ထည်ဝါသော ခြေလှမ်းတွေနှင့် ရန်မာမီနှင့် မျက်နှာချင်းဆိုင် ဆိုဖာတစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။

အဲဒီအချိန်မှာ အရင်တုန်းကနဲ့ ဘာမှမဆိုင်အောင် ပြောင်းလဲသွားသည့် ရန်မာမီမျက်လုံးတွေက (သူ့ကိုမကျေနပ်တာကလွဲပြီး) ညင်သာနေတာ အံ့ဩစရာကောင်းလေသည်။





“မင်း ... ထမင်းမစားရသေးဘူးဆိုတာနဲ့ အန်တီ ... ကော်ဖီနဲ့မုန့် စီစဉ်ထားတယ် ... စားလိုက်ပါဦး ... ”

တစ်ချိန်တုန်းက ဒီအခန်းထဲမှာ ကောင်လေးတစ်ယောက်ကို မောက်မောက်မာမာ ပြောခဲ့တာ သူမကြီးမဟုတ်တဲ့ အတိုင်း ခံယူထားတဲ့ သူမကြီးကို တာဝေ အပြုံးနုနုဖြင့် ခေါင်းခါပြလိုက်ပါသည်။

“ရပါတယ် အန်တီ ... ကျွန်တော် ထမင်းစားပြီးပြီ ... အန်တီ ကျွန်တော့်ကို ဘာပြောချင်လို့ အရေးတကြီးခေါ်လိုက်တာလဲ ... ကျွန်တော် အန်တီနဲ့ ဆယ့်ငါးမိနစ်လောက် စကားပြောချိန်တော့ရပါတယ်”

သူ့စကားကို ရန်မာမီက လက်ခံနိုင်ပုံဖြင့် မျက်မှောင်ကြီး တွန့်ရှုံ့ကာ ...

“နေစမ်းပါဦး မင်းက ... အချိန်စကားပြောရအောင် မင်းအတွက် အချိန်က ငါ့ကို အချိန်မပေးနိုင်လောက်အောင် အရေးကြီးနေရသလား ... မောင်တာဝေ ဒီမှာ အန်တီက လည်း မင်းကိုသမီးနဲ့ပတ်သက်ထားတဲ့လူငယ်တစ်ယောက် အနေနဲ့ မပြောမဖြစ် ပြောရမဲ့စကားတွေ ရှိထားလို့ ဆွေးနွေးရတာပဲ ... ”

“ဟုတ်ကဲ့ ... ဆွေးနွေးနိုင်ပါတယ် အန်တီ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အေး … ဆွေးနွေးမှာပဲ … ဒီမှာ မောင်တာဝေ … မင်းဟိုတစ်နေ့က လူပုံအလယ်မှာ အန်တီ့သမီးကို ပြောခဲ့တာတွေက အန်တီနဲ့ အန်တီ့သမီးကို ဘယ်လောက်အထိအရှက်ခွဲ စော်ကားခဲ့တယ်ဆိုတာ မင်းသိမှာပါ … ရန့်ဟာ မင်းနဲ့ မကြာခင် လက်ထပ်တော့မဲ့ မိန်းကလေးဖြစ်ခဲ့ပေမဲ့ မင်းလူကြားထဲမှာ ဒီလို လုံးဝမပြောသင့်ဘူး … "

"အန်တီ … ကျွန်တော့်ကိုအပြစ်တင် … ဝေဖန်တာလား"

"မင်း … သိထားရအောင် အန်တီပြောတာ … အန်တီမင်းကို ကောင်းကောင်းမွန်မွန် ပြောပြတာ … မင်း ရန့်ကိုဘယ်တော့လက်ထပ်မလဲ … လက်ထပ်မဲ့ရက်ကိုသတ်မှတ်လို့ပြီးပြီလား … မင်းသတ်မှတ်ပါတော့ … အန်တီတို့က သမီးရှင်တစ်ယောက်အနေနဲ့ အန်တီ့သမီးကို လက်မထပ်ရသေးဘဲဒီလို ပိုင်စိုးပိုင်နင်း ပြုမူပြောဆိုတာကို အန်တီတို့လုံးဝခွင့်မပြုနိုင်ဘူး … "

ပြုံးချင်သွားသည့် သူ့နှုတ်ခမ်းကြီးကို ခပ်တင်းတင်းဖေ့ကြိတ်လျက် … ရန့်မာမီကို သူ ဣန္ဒြေရရ ကြည့်လိုက်ရသည်။

ရန့်မာမီမျက်နှာတွင် ဒေါသကို မျိုသိပ်ထားရပုံဖြင့်နီရဲတင်းမာနေတာက သူ့ကို တကယ်ပျော်ရွှင်ကျေနပ်ခွင့်ရခဲ့ပါသည်။

"ဟုတ်ကဲ့ … ကျွန်တော်လည်း ရန့်ကိုလက်ထပ်ဖို့ အချိန်ကို





စီစဉ်နေတာ … ဒီကြားထဲ လက်ထပ်ဖို့စီစဉ်လိုက် … အလုပ်ကိစ္စတွေပေါ်လာလိုက်နဲ့ဖြစ်နေတာ … အန်တီသိတဲ့အတိုင်းပဲ … ကျွန်တော့်မှာ နိုင်ငံခြားနဲ့ဒီ နှစ်ခုလုပ်ပြီး စီးပွားလုပ်နေရတယ် … အားတယ်ရယ်လို့ မရှိဘူး … "

"မင်္ဂလာဆောင်မဲ့ရက် … လက်မှတ်ထိုးမဲ့ရက်နဲ့ … ပြီးတော့ဟိုတယ်သုံးခုမှာ ဆောင်တော့ … အလုပ်ကိစ္စတွေက နှစ်ပတ်သုံးပတ်လောက်ကို အချိန်ကုန်နေမှာ … မေမေကလည်း ကျန်းမာရေးက မကောင်းဘူး … ဒါကြောင့် မင်္ဂလာကိစ္စကို ဟိုတယ်တို့ ဘာတို့မှာ ပင်ပင်ပန်းပန်းကြီး မလုပ်တော့ဘူး အန်တီ … အိမ်မှာပဲ မင်္ဂလာဆွမ်းကျွေးလောက်ဆိုရင် အချိန်လည်းမကုန်ဘူး … လူလည်း မပန်းဘူး"

"တော်တော့ … မင်းစကားတွေ ဒီမှာပဲရပ်တော့ တာဝေ"

ဒေါသတကြီး ဝုန်းခနဲထရပ်လိုက်သည့် ရန့်မာမီကိုသူ ဘာမှမဖြစ်သလို ကြည့်လိုက်သည်။

အဲဒီအချိန်မှာ ရန့်မာမီက သူ့ကိုပေါက်ထွက်မတတ်မျက်လုံးတွေနှင့် ပြူးကြည့်ကာ …

"မင်းက ငါ့သမီးကို ဟိုတယ်မှာ မဆောင်ပေးနိုင်ဘူးပေါ့ဟုတ်လား … "

"ကျွန်တော့်မှာ ဘယ်လိုမှ အချိန်မရလို့ပါ … ပြီးတော့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ထ တွန်းမာရေးမကောင်းဘူး အန်တီ ... ”

“ကောင်းပြီ ... မင်းဆုံးဖြတ်ချက် မပြင်တော့ဘူးဆိုရင် ... ဒီမှာ မင်းကို ငါ့သမီးနဲ့ လုံးဝသဘောမတူနိုင်တော့ဘူး ... ငယ်ငယ်လေးကတည်းက အမြင့်တက အမြင့်ဆုံးနေလာရတဲ့ ငါ့သမီးကို မင်းလိုမချောင်တဲ့လူစားနဲ့ လုံးဝမပေးစားနိုင်ဘူး ... ငါ့သမီး မပြတ်နိုင်လို့သာ စိတ်ဓာတ်အောက်တန်းကျတဲ့ မင်းနဲ့ သဘောမတူချင်ဘဲတူခဲ့ရတာ ... ငါတို့က မင်းနဲ့ လုံးဝသဘောတူခဲ့တာ မဟုတ်ဘူး ... ”

ရန့်မာမီရဲ့ ပြင်းလွန်းသည့် စကားလုံးတွေက သူ့နှလုံးသားကို အရှိန်တပြင်းရိုက်ခတ်လာခဲ့သည်။

ဒါပေမဲ့ သူကခေါင်းငုံ့မကြေကွဲတဲ့ ရန့်မာမီကိုအကြည့်တစ်ချက်မရွှေ့။ ခပ်တည်တည်စိုက်ကြည့်နေချိန်မှာ ရန့်မာမီအသံက ဝေါက်တွဲ့စွာထွက်လာခဲ့ပြန်သည်။

“ဟင်း ... ဟင်း ... အဆင့်မရှိ ... အတန်းမရှိမွေးကတည်းက ပြည့်ပြည့်မီမီ နေလာခဲ့ရတဲ့ သူမဟုတ်တဲ့ လူတန်းစားတွေဟာ ဘယ်တော့မှ လူရာဝင်အောက် အထက်တန်းစားဖြစ်အောင် မနေတတ်ဘူးဆိုတာ သိပြီးသားပဲ ... ဒီမှာ မင်းဘက်က ငါ့ကို အရင်စိန်ခေါ်လို့ ဘယ်တော့မှ မရဘူး ... ငါ့သမီးကို ငါပိုင်တယ် ... ခွေးစပ်ပွဲကို ငါကိုယ်တိုင်ဖျက်မယ်၊





ကဲ ... မင်းပြန်တော့”

“ဒီမှာ ... အန်တီ ... အန်တီ့ဘက်က ရှင့်ရှင့်သီးသီး ပြတ်ပြတ်သားသား ပြောလာပြီးမှ နောက်မှ နောင်တမရစေနဲ့”

“ဟင်း ... မင်းက ... မင်းက ငါ့ကိုများ ဒီမှာ ... မင်းလိုကောင်စားကို ငါ့သမီးယူမယ်လို့ မျှော်လင့်နေတုန်းပဲလား၊ မင်းလိုကောင်စားကို ငါ့သမီး ဘယ်တော့မှ မယူစေရဘူး၊ အဆင့်အတန်းမရှိ၊ စိတ်ဓာတ်အောက်တန်းကျတဲ့ မင်းလိုကောင်စားနဲ့ ငါ့သမီး လုံးဝမတန်ဘူး ... မှတ်ထား ... ”

“ကောင်းပြီလေ ... ခင်ဗျားသမီးကို ခင်ဗျားပိုင်သလား ... ကျွန်တော့်လက်ထဲပဲ ရောက်လာမလား စောင့်သာကြည့်နေ”

သူ ရန့်မာမီအရှေ့ကနေ ချာခနဲလှည့်ထွက်လာသည်။ အဲဒီအချိန်မှာ အနောက်ဘက်ဆီက ဒေါသတကြီး ကြိမ်းကျန်ခဲ့သည့် ရန့်မာမီအသံကြီးက သူ့ရင်ကို တင်းမာအေးစက်သွားခဲ့ရသလို အငြိုးကြီးသလိုလည်း ခံစားလိုက်ရသည်။

ဒီမိန်းမကြီး အငြိုးကြီးသလို သူလည်း အငြိုးကြီးတယ်ဆိုတာကို ဒီမိန်းမကြီး နားလည်သွားရင် သူကျေနပ်ပါသည်။

အခုချိန်မှာသူဟာ လက်စားချေခြင်းပညာကိုကောင်းကောင်းကြီး အသုံးချပြီးသွားပြီမို့ ဝိုပြီးကျေနပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလို သူ့ရင်ထဲမှာ ကျေနပ်ခဲ့မိပေမဲ့ ခွင့်မလွှတ်မဲ့ အနေအထားတစ်ခုကို ကြိုတင်သိနှင့်နေခဲ့သည့်အဖြစ်ကတော့ ရှေ့လာမဲ့ အနာဂတ်အတွက် ရင်လေးသွားတာတော့ အမှန်ပင်ဖြစ်သည်။

ဒါပေမဲ့ ရန် သူ့ကိုခွင့်လွှတ်မှာပါပဲလို့ပဲ သူ ယုံကြည်ပါသည်။

*





## ၂၀

"ဒါ ... ငါ့ကို သက်သက်စော်ကားတာ ... ဒီကောင် ငါ့ကို အရှက်ခွဲတာ ... တမင်ကို လက်စားပြန်ချေတာ ... ဒီမှာ ရန် ညည်းကြောင့် မာမီ ဒီကောင်ရဲ့ ရိုက်ပုတ်စော်ကားခံရတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ ... ဒီတစ်ကြိမ် ငါ့အနာကျင်ဆုံးပဲ ညည်း ... ဒီကောင့်ကိုယူဖို့ လုံးဝစိတ်ကူးလို့မရတော့ဘူး ... ဒီလောက် လူပါးဝတဲ့ကောင်ကို ငါမုန်းတယ် ... ငါသိပ်မုန်းတယ် ... "

မာမီနှင့် တာဝေးကြားမှာ ပြဿနာက ရှင်းနိုင်သည့်အနေအထားထိ ဆိုက်ရောက်သွားပြီဆိုတာ နားလည်လိုက်ပေမဲ့ မာမီနှင့်တာဝေတို့ ဘာတွေဖြစ်ခဲ့ကြတယ်ဆိုတာကတော့ နားမလည် မသိရှိခဲ့ရသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ မာမီက ရင်ဘတ်ကြီးကို တဘုန်းဘုန်းထုပြီး ကြိတ်မနိုင်ခဲ့မရအသံကြီးနှင့် ...

"အမယ်လေး ... ငယ်ငယ်လေးကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နဲ့ ငွေပုံပေါ်မှာ ကြီးလာတဲ့ ငါ့သမီးကိုများ ဒင်းက အလုပ်မအားလို့ Hotel မှာ မင်္ဂလာမဆောင်ပေးနိုင်ဘူးတဲ့ ... လူပါးဝလိုက်တဲ့ကောင် ... အဲဒီ သက်သက် ငါ့ကို အနိုင်ပြန်ယူတာ ... ငါ ညည်းကို ဒီကောင်နဲ့ လုံးဝမပေးစားတော့ဘူးလို့ အပြတ်ပြောလိုက်ပြီ ...

"ညည်း ... မာမ့ီဘက်က ရပ်တည်ပေးပါ ... ညည်း မာမီ ရင်ခွင်ကနေထွက်တဲ့နေ့ မာမ့ီကိုယ်မာမီ သတ်သေပြမယ် ဒီကောင်နဲ့တော့ လုံးဝအရှုံးမခံဘူး ... ငါ့ကိုယ်ငါ အသေခံမယ် ... "

ရင်ဘတ်ကြီးကို တဘုန်းဘုန်းထုပြီး ယတိပြတ်ပြောလာသည့် မာမီကိုကြည့်ပြီး ရန့်ရင်ထဲ အက်ကွဲခြောက်သွေ့သွားတော့သည်။

ပြောစရာစကားလုံးလည်း ဗလာနတ္ထိဖြစ်သွားတော့သည်။

ဒီအချိန်မှာ ရန့် မျက်ရည်လေးတွေတလိမ့်လိမ့်စီးကျလာခဲ့ပြီ။ ရန်နှင့်သူဟာ ဘယ်လိုနည်းနဲ့မှ လက်ထပ်ဖို့မဖြစ်နိုင်တော့





ဘူး (အဝေးဆုံးကမ္ဘာတစ်ခုခြားသွားပြီ) ဆိုတာကို နားလည်ယုံကြည်လိုက်မိတော့သည်။

"ရန် ... ညည်း ငါ့ကိုကတိပေးစမ်း ... ကတိပေးစမ်းပါ ... ဒီကောင်က ငါ့ကိုဘယ်လို စိန်ခေါ်လိုက်သေးတယ်မှတ်လဲ၊ ခင်ဗျားသမီးကို ခင်ဗျားပိုင်သလား တွေ့နေတော့လက်ထဲပဲ ရောက်လာမလား စောင့်သာကြည့်နေတဲ့ ...

"ဘယ်လောက်မိုက်ရိုင်းပြီး အငြိုးကြီးတဲ့ကောင်လဲ ... သူ့ကို ငါ မုန်းတဲ့စိတ်တွေက ဘယ်တော့မှ ပြေပျောက်မသွားဘူး။ ညည်း မာမီကို ကတိပေးပါ ... ဒီကောင်ကို လုံးဝလက်မထပ်ပါဘူးလို့ ကတိပေး ... ညည်းပါးစပ်က ကတိပေးမှ မာမီ ကျေနပ်နိုင်မယ် ... "

သွားပါပြီ ... ။

ရန် ... သူ့ကို ဘာမှ မျှော်လင့်လို့မရအောင် ဆုံးရှုံးသွားရပြီဖြစ်သည်။

မာမီကိုမှ (ခေါင်လှကြီး) တက်စိန်ခေါ်ရသည့် ... ဘဝရဲ့အငြိုးတွေကိုလည်း အမုန်းကြီးမုန်းခဲ့မိသလို ဒီလိုလူစားကို အသည်းပြွတ်အောင် ချစ်ခဲ့မိသည့် ကိုယ့်ဘဝကိုယ်လည်း ပထမဆုံးအကြိမ် နာကြည်းမုန်းမိသွားခဲ့ရတော့သည်။

ရန် တစ်ယောက် မာမီအရှေ့မှာ ဘာမှပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်အောင် (ရင်ထဲမှာ ကွက်လပ်ကြီးတွေ) ဖြစ်သွားချိန်မှာ မာမီ ကတော့ ကြောက်စရာကောင်းလောက်အောင် တင်းမာလွန်းသည့် မျက်နှာထားကြီးနှင့် ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက် နေခဲ့လေသည်။

မာမီကိုကြည့်ပြီး ရန် ရှုးမတတ် ခံစားကြေကွဲတိတ် ဆိတ်သွားကာ မျက်ရည်တွေပဲ စီးကျလာချိန်မှာ မာမီအသံကြီးက အပြတ်သားဆုံး(ခံစားချက်အရှိန်အဟုန်တပြင်း) ထွက်ပေါ်လာခဲ့ သည်။

"ရန် ... ညည်း ဒီကောင်ကို ပြတ်မှာလား ... ငါ့ကိုပြတ်မှာ လား ... တစ်ခွန်းပဲပြော ... "

ရန် ... မာမီ့ကို မျက်ရည်တွေဖြင့် (ဝိုးတဝါးသာမြင် ရပါသည်) မော့ကြည့်ပြီး ရင်အနာဆုံး သွေးအပျက်ဆုံးစကားတစ် ခွန်းကို ကတိပေးလိုက်ရပါတော့သည်။

"ရန် ... သူ့ကိုပြတ်ပါတယ် မာမီ"

"အေး ... ကတိပေး ... သူ့ကိုလက်မထပ်တော့ဘူးလို့"

"ဟုတ်ကဲ့ ... ကတိပေးပါတယ် ... ရန် သူ့ကို ဘယ်တော့မှ လက်မထပ်တော့ပါဘူး မာမီ ... "

ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်မသွားရအောင် ရန် ကြိုးစားထိန်းချုပ်ပြီး ပြောလိုက်ရတာဖြစ်သည်။





ဒီအချိန်မှာ ရန့်နှလုံးသားတစ်ခုလုံး မွမွကြေပျက် သေဆုံးသွားသလို အတိုင်းအတာမဲ့ နာကျင်သွားသည့် ခံစားမှုတွေ ကို မာမီ မရိပ်မိအောင် မျိုသိပ်ခဲ့ပေမဲ့ ပုံပျက်ပန်းပျက် နာကျင်သွား သည့် ရန်ရဲ့မျက်နှာကို မာမီက ခပ်မဲ့မဲ့ကြည့်ပြီး ခါးနစ်ဖက်ထောက် ကာ တစ်စုံတစ်ခုပြောမလို့ ဟန်ပြင်လိုက်လေသည်။

အဲဒီအချိန်မှာပဲ ...

I - L - ove You I love you

I - L - ove You I love you

ဆိုသည့် အသံစီမြိုင်မြိုင်က မာမီ့ကို မျက်လုံးအရောင် တောက်လက်သွားသလို ရန့်ရင်တစ်ခုလုံးကိုတော့ စုန်းစုန်းမြုပ် နစ်ဝင်သလို ခံစားလိုက်ရတော့သည်။

"တာဝေရယ် ... "

လို့လည်း ရင်ထဲမှာ လွမ်းဆွတ်တမ်းတစွာ ဆိုညည်း ရင်း အသက်မဲ့တိတ်ဆိတ်သွားရသည်။

အဲဒီအချိန်မှာ မာမီရဲ့အောင်မြင် ထည်ဝါသည့်အသံ ကြီးက ဟိန်းခနဲပေါ်လာခဲ့ပြန်သည်။

"ဟင်း ... ဟင်း ... အချစ်ရူးထနေတဲ့ကောင် ... ပက်လက် လန်ကျသွားအောင် တိုက်ထုတ်လိုက်စမ်း ... ရန် ... "

ဖုန်းက မဖွင့်မခြင်း (ရန်ဖွင့်နားမထောင်မခြင်း)



www.burmeseclassic.com

www.burmeseclassic.com



I-L-ove You I love you ဆိုပြီး အသံမြှင့်မြှင့်နေပါနေ

ဆဲ _ ဓာမီက ခါးကြီးထောက်ပြီး နောက်ခြေတစ်လှမ်းဆုတ်ကာ

"တိုင်လိုက် ရန် ... ဖုန်းဖွင့်နားထောင်လိုက် ... ဒီကောင်

အသာကီရိုကို အရေးသာရှိတဲ့ စကားလုံး စားသုံးရအောင် ...

ဟင်း ... ဟင်း ... ဒင်းကျွန်ုပ်တာကို ငါအရသာရှိရှိနားထောင်

မယ် ... ညည်း ပြတ်ပြတ်သားသား ငါ့ရှေ့မှာ ငြင်းပြ ရန်"

မာမီစကားလုံးကြီးက ရန့်နှလုံးသားတို့ မဝင်ဆန့်

နိုင်အောင် ပြင်းလွန်းသွားရသည်။

ရန် အသက်ရှင်လျက် သေဆုံးသွားသလို ခံစားခဲ့ရ

စေမဲ့ သူ ခေါ်လာသည့်ဖုန်းကိုတော့ မဖြစ်မနေ ဖွင့်နားထောင်လိုက်

ရပါတော့သည်။

"ရန် ..."

"ပြော ... တာဝေ"

"မင်း ... အခုချိန်မှာ ဘာတွေခံစားနေရသလဲဟင်"

"ဒီမှာ ... တာဝေ ... ယူ့ တို့ကို ဘာမှလာပြောစရာမလို

တော့ဘူး ... ယူ့စိတ်ဓာတ် ဘယ်လောက် အောက်တန်းကျ

သိမ်ဖျင်းသွားပြီဆိုတာ ဘွင်းဘွင်းကြီးပေါ်လွင်သွားပြီ ...

တို့ ယူ့အတွက်နဲ့ ခံစားနေရတယ်လို့ ယူထင်သလား ...

မှားသွားလိမ့်မယ် ...





"တို့ ... ယူ့ကို မာမီနဲ့ထပ်တူ မုန်းသွားပြီ ... ယူ မာမီကို

စော်ကားပြောခဲ့တာဟာ တို့ကိုစော်ကားမော်ကားပြောခဲ့

တာနဲ့ အတူတူပဲ ... ယူရဲ့အတွက်နဲ့ မာနတွေကြားမှာ တို့က

မားစားခံဖြစ်ခဲ့ရတာ ... တို့ ဒီအချိန်မှာ ခံစားရတဲ့ခံစားချက်

က သိပ်ရှက်တာတစ်ခုပဲ ... ယူ့ကို တို့ ဘယ်တော့မှ လက်

မထပ်တော့ဘူး ... အဲဒါ တို့ရဲ့ အပြတ်သားဆုံး ဆုံးဖြတ်ချက်

ပဲ ..."

"ရန် ... မင်း မဖြစ်နိုင်တာတွေ လျှောက်မပြောနဲ့ ... မင်း

ငါ့ကို ဘဝသေသွားအောင် ရိုက်မသတ်ပါနဲ့ ... ငါ မင်းကို

သိပ်ချစ်တယ် ... သိပ်လိုအပ်တယ် ... သိပ်တမ်းတတယ်၊

မင်းနဲ့ငါဟာ စိတ်ဓာတ်ချင်းတစ်သားတည်းပဲ ဖြစ်စေရမယ်၊

ပြီးတော့ မင်း ငါ့ကိုပေးထားခဲ့တဲ့ ကတိတစ်ခု မမေ့သေးဘူး

ဆိုရင် မင်း ပေးဆပ်ရမဲ့ အရာတစ်ခုကို ရယူခဲ့တာပဲ ... လို့

မင်း ငါ့ကို အလိုလိုနားလည်ရမှာပေါ့ ..."

"တို့က ယူ့ကို ဘာများကတိပေးခဲ့ဖူးလို့လဲ ..."

"မင်း မမေ့ပါဘူး ရန် ... မင်းမာမီရဲ့လုပ်ရပ်တွေကြောင့် ...

မင်း ငါ့ကို ဘာမဆိုပေးဆပ်ရဲတယ်ဆို ... ပေးဆပ်မယ်ဆို"

"အဟား ... အဲဒါက အနောက်မှာ ခေါက်ကျန်ခဲ့ပြီ ... အခု

ရှုံးနေတာက ရှေ့အရှုံးကြီးကြီးပဲ ... ပြောရမယ်ဆိုရင် ...

www.burmeseclassic.com

www.burmeseclassic.com



ဖူးကိုခွင့်မလွှတ်နိုင်တဲ့ အရှုံးကြီးကြီးပဲ ...”

ရန် ပြောရင်းနှင့် ငိုရှိုက်သံမပါအောင် အံကိုတင်းတင်းစိကြိတ်ပစ်လိုက်ရသည်။

အဲဒီအချိန်မှာ တစ်ဖက်မှ တာဝေက ခေါင်းငုံ့ကြေကွဲသွားသည်လားမသိ ...။

အတန်ကြာ တိတ်ဆိတ်သွားတာကို ရန်က မစောင့်ဆိုင်းတော့ဘဲ ...

“ယူ ပြောချင်တာ ဒါ အကုန်ပဲလား ...”

“ရန်ရယ် ... ရက်စက်လိုက်တာ”

ရန့်ကို ဘာမှမပြန်မပြောဘဲ အက်ကွဲသံကလေးဖြင့် နှိုက်ငင် ပြောလာသည့် တာဝေ့အသံက ရန့်ခေါင်းတစ်ခုလုံးကို ကြွက်သီးဖုကြီးကြီး ထသွားသည်အထိ ထိတ်လန့်ကြေကွဲသွားချိန်မှာပဲ သူ့အသံ(ဆွေးဆွေးကြီး)က ရန့်ရင်ကို ဓားပြတ်ပြတ်နဲ့ ခွဲချလိုက်သလို စူးနင့်နင့်ကြီး ထိမှန်နစ်မြုပ်သွားရလေသည်။

“အရှုံးတွေကို တစ်ခါ သတိရပြီး

ခံစားနေရတာထက်စာရင်

အဲဒီအရှုံးတွေကို ရင်ဝယ်ပိုက်ပြီး

သိမ်းဆည်းလိုက်တာက ...

ပိုပြီး မွန်မြတ်ပါတယ် ရန် ...”



ရန် သူ့ကို ဘာမှပြန်ပြောစရာ စကားလုံးမရှိတော့။

ရင်ထဲမှာ ကွက်လပ်ကြီးဖြစ်သွားသလို မျက်လုံးတွေလည်း ပြာရီမှုန်မိုက်သွားကာ လက်ထဲကကိုင်ထားသည့်ဖုန်းကလေးလည်း ကြမ်းပြင်ပေါ်သို့ ‘ဒေါက်’ခနဲ ပြုတ်ကျသွားခဲ့တော့သည်။

လက်ထဲက ဖုန်းကလေး ‘ဒေါက်’ခနဲ ပြုတ်ကျသွားချိန်မှာ အောင်မြင်စွာ(အနိုင်ရ) အပြိုင်းတွေနှင့် ပြိုးလိုက်သည့် မာမီ့အပြုံးကြီးက ရန့်နှလုံးသားကို အမည်းရောင်ဆိုးဆေး ဆိုးချလိုက်သလို၊ မည်းညစ် ညစ်နွမ်းကာ အရောင်ပျောက်ပြယ်သွားသလို အသက်မဲ့ ထိုင်းမှိုင်းသွားခဲ့ရတော့သည်။

ဒီအချိန်မှာ ရန် နားလည်ပြီး လက်ဆုပ်လက်ကိုင်ပိုင်ဆိုင်ရယူလိုက်သည့် အရာကတော့ ‘နှလုံးသားကြွေ’ ကျရှုံးခြင်းတွေပဲ ဖြစ်ခဲ့ရတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



# ၂၁

ဒီနေ့တစ်နေ့လုံး ကောင်းကင်တစ်ခုလုံး ပြိုကျလု မတတ် ညို့မှိုင်းအုံ့ဆိုင်းနေသလို သူ့စိတ်တွေလည်း ပြိုကွဲလုမတတ် နောက်ကျိုရှုပ်ထွေး အုံ့ခဲနေသည်။

အရာအားလုံးရဲ့ ပြုခဲ့ပြီးသမျှ အမှားတွေဟာ သူ့ အမှားတဲ့ ... ။

မဟုတ်ဘူး ... အဲဒါ ကျွန်တော်ပြုခဲ့တဲ့ အမှားတွေ မဟုတ်ဘူး ... ။

ခင်ဗျားတို့ ကျွန်တော့်ဆီကို တွန်းပို့ပေးခဲ့တဲ့ အမှား တွေပဲလို့ သူ ကြေညာလိုက်ချင်သည်။

အခု ... အဖြစ်အပျက်တွေကို ပြန်တွေးကြည့်မယ်





ဆိုရင် သူ့ဘဝနဲ့ သူတို့သမီးဘဝကို မထိုက်တန်တော့ဘူးလို့ ပြောခဲ့ တာဟာ ရိုးသားမှုမရှိခဲ့ပါ။

ဒီစာတ်လမ်းကြီးထဲမှာ ရန့်မာမိရဲ့တိုက်ကွက်တွေ က သူ့ကိုအပြင်းထန်ဆုံး မရှုမလှကျရှုံးစေခဲ့သည်။

ဒီကျရှုံးမှုတွေကို ဘာမှမခုခံဘဲ သူက သူတို့သမီးကို လက်လွှတ်ဆုံးရှုံးခံဖို့ သူယောင်လို့တောင် မစဉ်းစားခဲ့မိသလို ချစ် သူလေးကိုလည်း လုံးဝအဆုံးရှုံးမခံနိုင်ပါ။

ဒီခံစားချက်တွေကို ဘယ်လိုမှ မချိုသိပ်နိုင်တော့ သည့်အဆုံး သူတို့နဲ့ ချက်ချင်းရင်ဆိုင်ပစ်ဖို့ ဆုံးဖြတ်ကာ ရန့်တို့အိမ် ကို ကားနှင့်ထွက်လာခဲ့တော့သည်။

ရန့်တို့အိမ်ကို သူရောက်ရှိသွားချိန်မှာ ရန့်ဒက်ဒီနှင့် ခမီတို့ရဲ့မျက်နှာတွေက တင်းမာအေးစက်နေခဲ့တာကို သူက ဂရု စိုက်ဘဲ ရန့်အရှေ့တည့်တည့်ကို မျက်နှာချင်းဆိုင်ရပ်လိုက်ကာ အေးစက်တည်ငြိမ်နေသည့် ရန့်ကို စကားလုံးတွေ ပစ်ကျွေးလိုက် တော့သည်။

"ရန့် ... ဒီအချိန်ဟာ မင်းနဲ့ငါ့ကြားမှာ ဒီလောက်တိတ်ဆိတ် မှုပေးစရာအချိန် မဟုတ်ဘူး ... အဲဒီတော့ မင်း ငါ့ကိုစကား တစ်ခွန်းခွန်းပြောပါ ... "

"တို့ ယူ့ကို ဘာမှပြောစရာ စကားမရှိတော့ဘူး ဟာဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာမရှိဘူး မရှိပါဘူး ရန် ... မင်း ငါ့ကို စကားတစ်ခွန်းလောက် ပြောလိုက်စမ်းပါ ... "

"ကောင်းပြီ ... တို့ပြောမဲ့ စကားတစ်ခွန်းကတော့ ယူ ဒီနေရာက အမြန်ဆုံး လှည့်ပြန်ပေးလိုက်ပါ"

ရန့်ကိုကြည့်ပြီး သူ့ရင်ထဲ လှိုင်းလုံးကြီးကြီး ရိုက်ခတ်သွားသည်။ (နာကျင်သွားသည့် လှိုင်းလုံးကြီးရယ်ပါ။)

ရန် ပြောလိုက်သည့်စကားတွေက တစ်နည်းအားဖြင့် သူ့ရင်ထဲက ခံစားချက်တွေကို လျစ်လျူပြုခဲ့ခြင်းပဲ ဖြစ်သည်။

ရန့်စကားတွေက သူ့မျက်ဝန်းအစုံကို ပြာရီမှုန်မှိုက်သွားသည်အထိ အနေရှေ့မှာထိုင်နေကြသည့် သူတို့အားလုံးကို ဘာမှမမြင်အောင် သူ ရှုံးသွပ်သွားခဲ့တာဖြစ်သည်။

ဒီအချိန်မှာ ရန့်မိဘတွေက ဘာစကားတစ်ခွန်းမှ မပြောဘဲ သူနှင့်ရန် စကားဝိုင်းမှာ ပွဲကြည့်ပရိသတ်အနေနှင့် ဒေါသအမျက်ချောင်းချောင်းထနေသည့် မျက်လုံးကြီးတွေနှင့် ကဲပြီး ကြည့်နေကြလေသည်။

သူက ဒီအကြည့်ကြီးတွေကို ရှုံ့မုန်းခါးသီးလှပေမဲ့ ဒီအကြည့်ပိုင်ရှင်ကြီးတွေကိုပဲ (ချစ်သူကို လက်ဝယ်ပိုင်ဆိုင်ခွင့်ရဖို့ အရေးနဲ့)အောက်ကျနောက်ကျ ခယယတောင်းဆိုလိုက်ရပါတော့သည်။





"ကျွန်တော် တစ်ခု တောင်းဆိုချင်ပါတယ် ... ဦးနဲ့အန်တီ ကျွန်တော် တောင်းဆိုတာပါ ... ကျွန်တော် ... ကျွန်တော့် ချစ်သူနဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေးတွေ့ချင်ပါတယ် ... ကျွန်တော်တို့နှစ်ယောက်ရဲ့ ခံစားချက်ကို ဦးတို့နားလည်ပေးပါ ... "

သူ အဲဒီလို တောင်းဆိုလိုက်သောအခါ အားလုံးရဲ့မျက်နှာက တင်းမာခက်ထန်သွားလေသည်။

အဲဒီလိုတင်းမာသွားသည့် သူတို့မျက်နှာကြီးတွေကို ကြည့်ပြီး သူ့ရင်ထဲမှာ ဆို့နင့်ကြေကွဲကာ မျက်ရည်တွေ မျက်လုံးအိမ်မှာ ပြည့်လျှံသွားသည်အထိ သူ ခံစားချက်ပြင်းသွားချိန်မှာ ရန် ဒက်ဒီ အသံမာမာကြီးက သူ့ရင်ကို ဝိုပြီးအထိနာသွားခဲ့ရပါတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ ရန့်ဒက်ဒီဟာ အခုလို သူ့ကို တင်းတင်းမာမာ တစ်ခါမှ မပြောဖူးလို့ပင်ဖြစ်သည်။

"တာဝေ ... မင်း ဒီအတိုင်းအတာအထိ ငါတို့ကို အိမ်တိုင်ရာရောက် လာစော်ကားတာ ... လွန်ပြီနော် ... မင်းပြန်တော့ ... ရှေ့ဆက်ပြီး ပြဿနာမဖြစ်ချင်ဘူး ... "

သူ့ကိုဒေါသတကြီး မျက်ထောက်နီကြီးဖြင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလာသည့် ရန့်ဒက်ဒီကို သူတောင်းပန်တိုးလျှိုးစွာ မော့ကြည့်ပြီး ခေါင်းကလေးငုံ့ချကာ ရင်ထဲကစကား



www.burmeseclassic.com

www.burmeseclassic.com



ဆွေတို့ အောက်ကျ နောက်ကျ ရင်ပွင့်သွားတော့သည်။

"ဦး … ဒီကိစ္စမှာ ကျွန်တော်လွန်တာလား … ဦးတို့ဘက်က လွန်တာလား ပြန်စဉ်းစားကြည့်ပါ … ကျွန်တော့်ချစ်သူနဲ့ ကျွန်တော် ဆွေးနွေးချင်တယ် … ဦးတို့ကို အနူးအညွတ်တောင်းပန်ပါတယ် … ရန့်ကိုလည်းတောင်းပန်ပါတယ်

"ရန် ကိုယ်တို့နှစ်ယောက်ရဲ့ မျိုသိပ်မှုတွေကို မင်းနားလည်ပေးပါ … ကိုယ့်ရင်ထဲက မင်းနဲ့ပတ်သက်ပြီး ခံစားခဲ့ရတဲ့ ခံစားချက်တွေကို … မင်းနားလည် ခံစားပေးပါလို့ ကိုယ်တောင်းဆိုချင်ပါတယ် … "

ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ သူ ဇွတ်တရွတ် ရန့်အရှေ့မှာ ခြေစုံရပ်ပြီး တောင်းဆိုလိုက်သည်။ အဲဒီအချိန်မှာ ရန်က တွေဝေစွာနဲ့အမနေဘဲ ထိုင်နေသည့် ဆိုဖာကနေ ဆတ်ခနဲထရပ်လိုက်ကာ သူ့မျက်ဝန်းအိမ်တည့်တည့်ကို တစူးနင့်နင့်စိုက်ကြည့်လာရင်းက တစ်လုံးချင်း လေးနက်စွာ ပြောခဲ့သည့်စကားတွေက သူ့နှလုံးသွေးတွေကို (စီးဆင်းလည်ပတ်နေရာမှ) တန့်ခနဲ ရပ်တန့်ငြိမ်သက်သွားရတော့သည်။

"ဒီမှာ တာဝေ … ယူ့ကို ရှင်းရှင်းပဲပြောမယ် … ယူဟာ ဒက်ဒီ မာမီတို့ရှေ့မှာတောင် မလေးမစားဆက်ဆံပြုမူနေတာ … ယူ့စာရိတ္တက ဘာလဲ … ယူ့မှာ ဘာအဆင့်ရှိသလဲ၊





ဒက်ဒီတို့ ယူ့ကို အခုလောက်အထိ အခွင့်အရေးပေးခဲ့တာ၊ တို့မျက်နှာကြောင့်ဆိုတာ ယူနားလည်ပါ … "

"မဟုတ်ဘူး ရန် … ကိုယ်ပြောတာကို နားထောင်ပါဦး"

"ယူပြောတာကို တို့လုံးဝနားမထောင်နိုင်ဘူး … ဒီမှာ … တို့ရှင်းရှင်းပဲ ပြောမယ် တာဝေ … ယူဟာ သိပ်မကြာတဲ့အချိန်က တို့နဲ့လက်ထပ်မဲ့ ချစ်သူဖြစ်ခဲ့ပေမဲ့ … အခု ယူ့ကို တို့ဘဝထဲက အပြီးစွန့်လွှတ်လိုက်ပြီ … နောက်နောင် … ယူ တို့နဲ့ပတ်သက်ဖို့ လုံးဝကြိုးစားဝါနဲ့ … ကဲ … ယူပြန်တော့ … "

"ရန် … မင်း … "

သူ ပြောမည့်စကားကို ပြောခွင့်မရအောင် ချာခနဲကျောခိုင်းပစ်လိုက်သည့် ရန့်ရဲ့ရက်စက်စိမ်းကားမှုတွေကို သူ အံ့ဩမှင်တက်မိစွာ ငေးကြောင်ကြောင်ကြီး စိုက်ကြည့်နေခဲ့မိသည်။

အဲဒီလို ငေးကြည့်နေခဲ့သည့် သူ့မျက်လုံးအိမ်ထဲမှာ ဝမ်းနည်းမှုတွေနှင့် မျက်ရည်တွေက အိုင်ထွန်းသွားခဲ့ပါသည်။

မိန်းမတစ်ယောက်(ချစ်ရသူ)ကြောင့် မျက်ရည်ကျခဲ့ရသည့် ယောကျ်ားဖျင်း ယောကျ်ားညံ့အဖြစ် သူကိုယ်သူ ရှက်ခဲ့မိပေမဲ့ သူ ဂုဏ်မြွေမဆယ်နိုင်အောင်ကိုပင် ဝမ်းနည်းသွားခဲ့ရတော့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်အချိန်ကမှ သိပ်ချစ်ခဲ့ကြသည့် ချစ်သူနှစ်ဦးရဲ့ ဘဝထဲကို ဆိုးဝါးသော ကံကြမ္မာ အလှည့်အပြောင်းတစ်ခု ဝင်ရောက်မွှေနှောက်သွားခဲ့တာက သူတို့ချစ်သူနှစ်ဦးအတွက် သူစိမ်းတွေ ဖြစ်သွားခဲ့ရပြီတဲ့လား ... ။

ဒါကို သူလက်မခံနိုင်ခဲ့တာပဲ ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်နေရက်ကနေ ကျောခိုင်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်သလို သူလုံးဝလက်မခံနိုင်ခဲ့ပါ။

ဒါပေမဲ့ ...

ဒီအချိန်မှာတော့ ရန် စိတ်ချမ်းသာအောင် သူ ရန့်အရှေ့ကနေ ကျောခိုင်းလှည့်ထွက်ဖို့ ဆုံးဖြတ်ချက်ဖြင့် ရန့်အရှေ့ကိုတည့်တည့်မတ်မတ်ရပ်ကာ မျက်လုံးချင်းဆိုင်ကြည့်လိုက်ပြီး သူ ရန့်ကို တစ်ချက်နှင့်နှင့်စိုက်ကြည့်လိုက်သည်။ အဲဒီနောက် ရင်ထဲကကြေကွဲဆို့နင့်သံကြီးနှင့် တစ်လုံးချင်း ရင်ပွင့်ပေါက်ကွဲသွားတော့သည်။

"ငါ ထွက်သွားပါ့မယ် ... ရန် ... မင်း စိတ်ချမ်းသာမယ်ဆိုရင် ... ငါ မင်းဘဝထဲက အပြီးထွက်ပေးပါ့မယ် ... မင်းကျေနပ်ပါတော့ ... "

ဒီအချိန်မှာ သူ ရန့်အရှေ့ကနေ လှည့်ထွက်လိုက်တာ





ပဲ အကောင်းဆုံးဖြစ်သည်။

သူ အခုလို လှည့်မထွက်ခဲ့ဘူးဆိုရင် ပြဿနာက ဘယ်အထိကြီးထွားဦးမည်မသိ ... ။

ပြီးတော့ တစ်ချိန်လုံး ဘာစကားမှမပြောဘဲ မျက်လုံးဝိုင်းဝိုင်းကြီး တကဲကဲနှင့် မာန်ထန်စွာကြည့်နေသည့် ရန့်မဝမီကလည်း သူ့ကိုဘယ်လိုတုံ့ပြန်လာဦးမည်မသိ ... ။

အခုလို အေးအေးဆေးဆေး လှည့်ထွက်လာခဲ့တာကိုပဲ သူ့အတွက် လောလောဆယ် စိတ်ချမ်းသာခဲ့ရပါသည်။

✷



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ထားတဲ့
အပြောင်းအလဲတွေက
မထင်မှတ်ထားတဲ့အချိန်မှာ
ရောက်လာခဲ့တာကို
သူမ မယုံကြည်ချင်ပါဘဲ....
ယုံကြည်လက်ခံလိုက်မိပါသည်။





ဘဝဆိုတာ (အချစ်နဲ့အုန်းတွဲလျက်ဘဝ)
စိန်ခေါ်လို့မရကောင်းတဲ့အရာပါ...
စိန်ခေါ်လို့မရကောင်းတဲ့အရာထဲမှာလည်း
ကံလည်းပါသေးတယ်။
ကံကြမ္မာကိုလည်း
စိန်ခေါ်လို့ မရခဲ့ပါဘူး။
ကံတရားကို စိန်ခေါ်သူဟာ
အရှုံးဖြစ်တတ်ပါတယ် .... ။
ဒါပေမဲ့ ...
စိန်ခေါ်သူဟာ ... အမြဲတမ်း
ကံကောင်းခဲ့ပါလျှင်
ကံဆိုတာကလည်း အနိုင်ဘက်မှာ
ဦးတည်တတ်ကြတာပါပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"မာမိ … မာမိ … ဒါ … ဒါဘာလုပ်တာလဲ"

လက်ထဲမှာကိုင်ထားသည့် သတင်းစာစာရွက်ကြီးတို ရန် ထိတ်လန့်တုန်လှုပ်စွာ မာမို့ရှေ့ပစ်ချပေးလိုက်တော့ မာမိထ အိုးတိုးအင့်တင့်မျက်နှာကြီးနှင့် ဟင့်ခနဲတစ်ချက်ရယ်လိုက်ပြီး မခိုး မခန့်မျက်ခုံးပင့်ကာ ပါးနှစ်ဖက်ခွက်သွားသည်အထိ အပြင်းထန်ဆုံး စကားလုံးတွေနှင့် ပစ်ပေါက်လာတော့သည်။

"အေး … အဲဒီလို လုပ်လိုက်တာပဲ … ငါ့သမီးဘယ်လောက် အစွမ်းအစရှိတယ်ဆိုတာ ပြလိုက်တာ … စေ့စပ်ပွဲဖျက်ပြီး တာ … တစ်ပတ်ပဲရှိသေးတယ် … တခြားယောက်ျားတစ် ယောက်နဲ့ စေ့စပ်လိုက်တာ … ကဲ … ငါ့သမီးအစွမ်းအ





ဘယ်လောက်ရှိသလဲ … ဟင်း … ဟင်း … တာဝေ … တာဝေ … ငါ့ကိုလာမကျော်နဲ့ ချော်ကျသွားမယ် … "

ရန့်ကို တခြားယောက်ျားတစ်ယောက်နှင့် စေ့စပ် ပေးလိုက်သည့် မာမိရဲ့ပစ်မှတ်ဟာ တာဝေကို အသေပစ်လိုက်တာ ပဲဆိုတာ နားလည်ခဲ့ပေမဲ့ ဒီလုပ်ရပ်ကြီးကို ရန် ခါးခါးတူးတူးငြင်း ဆန်လိုက်မိသည်။

"မာမိ … မာမိ … ရန့်ကို အဲဒီလို လုပ်လိုက်တော့ ရန့်ကို မာမိသတ်လိုက်တာနဲ့ အတူတူပဲ … ရန်မသိဘဲနဲ့ … ဒီစေ့ စပ်ပွဲကိုလုပ်တာ ရန်လုံးဝလက်မခံနိုင်ဘူး … ပြီးတော့ … ရန် ဒီလူကို လုံးဝမနှစ်သက်ဘူး … လက်ထပ်ဖို့ဆိုတာက တော့ ထည့်တောင်မပြောနဲ့ … "

ရန် … ရင်ပွင့်သွားရပါပြီ … ။

မျိုသိပ်ခဲ့ရသည့် ရင်ထဲက နာကြည်းချက်တွေက မာမို့ရှေ့မှာ ဣန္ဒြေမဆောင်နိုင်ဘဲ ရင်ပွင့်သွားခဲ့ရတာ ဖြစ်သည်။

ရန် အဲဒီလို ဆတ်ဆတ်လူး နာကျင်(ရင်ဘတ်ခတ်) သွားတာကို မာမိက မညှာမတာ ခပ်မဲ့မဲ့ကြီးပြုံးကြည့်ရင်းက ရန့် သက်မောင်းလေးကို ခပ်ကြမ်းကြမ်းဆွဲခါကာ …

"ရန် … ညည်းကို မာမိ မောင်ထင်နဲ့ လက်ထပ်ဖို့သဘော တူလိုက်ပြီ … ညည်း မာမို့ကို ဘာမှငြင်းဖို့ မကြိုးစားနဲ့ …



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ထင်ကို မာမီ အစောကြီးကတည်းက သဘော
လက်ခံထားတာ ... ညည်းအကြောင်းကို သိသိကြီးနဲ့ထပ်ပြီး
လက်ထပ်ဖို့တောင်းဆိုတာ ... ဘယ်လောက် ညည်းအပေါ်
မေတ္တာထားတယ်ဆိုတာ ညည်းသိ ... ညည်းလက်ခံ ... "

"အို ... လက်မခံဘူး ... လုံးဝလက်မခံဘူး ... အဲဒီလူ
လူကောင်းမဟုတ်ဘူး ... လူရှုပ် ရန်သိတယ် ... မျက်လုံး
ကိုက ကြည့်ပါလား ... မိန်းမမြင်ရင် ကြာကြည့်ကြည့်ရတာ
အဲဒီယောက်ျားမျိုးလောက် ရန်ရွံတာမရှိဘူး ... တာဝေး
များ အပြတ်အသတ် ကွာခြားပါတယ် မာမီ ... "

"တော်စမ်း ရန် ... ညည်း ဒီကောင့်အကြောင်းထည့်ထည့်
မပြောစမ်းနဲ့ ... ငါလုံးဝ မကြားချင်ဘူး ... အေး ညည်းကို
ဒီနေ့ကစပြီး အိမ်ထဲမှာ တစ်လလုံးလုံး ငါစောင့်ကြပ်မယ်
အေး နောက်တစ်လကြာရင် ညည်း မောင်ထင်နဲ့ လက်ထပ်
ဖို့ကိုသာ ခေါင်းထဲထည့်ထား ... "

ရန့်မျက်လုံးတွေ မိုက်ခနဲဖြစ်သွားကာ အရှေ့က
ချပ်ကြီးကို အားပြုမှီချရင်း ရန် မာမီကို ဘာတွေပြန်ပြောလို့ ပြော
လိုက်မိမှန်းတောင် မသိတော့သည့်အချိန်မှာပဲ ကြားလိုက်ရသည်
မာမီအသံက ရန့်ရင်ကို ကွက်လပ်အတိ ဖြစ်သွားတော့သည်။

"ဟင်း ... ဟင်း ... အကြံအဖန်များမယ်တော့ မကြံနဲ့ ...





ညည်းကို ငါကိုယ်တိုင် မောင်ထင့်လက်ထဲ ခိုးရာထည့်မဲ့ဘဝ
ကို ညည်းကလိုချင်တာလား ... "

ဆိုသည့် မာမီ့အသံကြီးက ရန့်ကို ကမ္ဘာ့အပြင်
(အမှောင်ထုထဲ) ရောက်သွားသလို ခံစားလိုက်ရတော့သည်။

ဒီပုံအတိုင်းဆို ရန်ဟာ ကြိုးတုတ်ပေးစားခံရမဲ့ဘဝ
ကြီးကို ရောက်ခဲ့ရပြီဖြစ်သည်။

ဒီဘဝကြီးကိုတော့ ရန် ဖြစ်တဲ့နည်းနဲ့ လွတ်အောင်
ရုန်းထွက်ဖို့ ကြိုးစားရမည်ဖြစ်သည်။

အဲဒီအတွက် ...

ကယ်တင်ရှင် လူစွမ်းတောင်းကြီးတော့ လိုအပ်လာ
ရပြီဖြစ်သည်။

အဲဒီ ... ကယ်တင်ရှင် လူစွမ်းကောင်းကြီးဟာ ရန့်
သိပ်ချစ်ခဲ့သည့် တာဝေကလွဲပြီး တခြားမည်သူမှ မဖြစ်နိုင်ဆိုတာကို
တော့ ရန့်အတွင်းစိတ်က သိနှင့်ခံစားပြီးဖြစ်ခဲ့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးပျက်သည့် ညပေါင်းများစွာကို ရင်ဆိုင်နေရသည့် သူ့ဆီသို့ ညအချိန်မတော်ကြီးရောက်လာသည့် ဖုန်းမြည်သံက သူ့ကိုအနှောင့်အယှက်ဖြစ်ပြီး ငြိုငြင်စိတ်ဖြစ်သွားခဲ့ပေမဲ့ ...

ဖုန်းကိုင်လိုက်သည့်အချိန်မှာတော့ (ညစ်ခဲ့မှိုင်းခဲ့ရသမျှ သူ့နှလုံးသားကြီး) လင်းခနဲ အလင်းတံခါးပေါက်ရှိသွားတော့သည်။

လုံးဝမထင်မှတ်ထားသည့် ချစ်သူလေးဆီကဖုန်းက သူ့အတွက် ရက်ပေါင်းခုနစ်ရာ ဆွေးခဲ့လွမ်းခဲ့သမျှ အမောပြေဆေးတစ်ခွက် တိုက်ကျွေးလိုက်သလို ခံစားလိုက်ရပါသည်။

ဒီအချိန်မှာ ချုပ်ထိန်းထားသည့် သူ့ရင်ထဲက ခံစား





ချက်အလုံးကြီး ပွင့်ထွက်သွားရကာ တုန်ယင်လှိုင်းရိုက်သွားသည့် အသံကြီးနှင့် ...

"ရန် ... ရန် ... ကိုယ့်ဆီ ဖုန်းဆက်တယ် ... "

ဟုဆိုကာ ဝမ်းသာလွန်းလို့ သူ့ရင်ဘတ်ကြီးထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်နေပြီး ဒီစကားကိုပဲ ပြောလိုက်နိုင်သည်။

အဲဒီအချိန်မှာ (ကိုယ့်ရင်ဘတ်ထဲက ရင်ခုန်သံတွေဟာ ရန်ကုန် မန္တလေး ရထားခုတ်မောင်းနေသလို) ခံစားခဲ့ရသည်။

ရန်ရယ် ... ကိုယ် မင်းကို မျှော်ရလွန်းလို့ ရူးတော့မယ် ... ရူးတော့မယ်ကွာ ... ။

"တာဝေ ... "

သူ(အရူးအမူး) ဖုန်းကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ရင်ထဲမှာ တမ်းတမ်းတတ ဟစ်ကြွေးနေသည့်ခဏအတွင်း ရန်ရဲ့ တုန်ယင်လှိုင်းခတ်သွားသည့်အသံလေးက သူ့ရင်ဘတ်ထဲက နှလုံးသားကို အပြင်းဆုံးထိ ရိုက်သွားခဲ့သည်။

အဲဒီအချိန်မှာပဲ သူကလည်း သတိထားမိပြီး ...

ရန့်ကို ကမန်းကတန်း ပြန်ထူးလိုက်ပါသည်။

"အင်း ... ရန် ... ကိုယ်ဝမ်းသာလုံးဆို့သွားလို့ ... ခဏ ... ခဏ ဆောရီးနော် ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒိုတွေပြောမနေပါနဲ့ ... ဒီမှာ ရှင် ဘာမှမသိသေးဘူး
လား ... ကျွန်မကို မာမီက ယောက်ျားပေးစားဖို့ စီစဉ်နေ
ပြီ ... "

"ဟင် ... မသိဘူး ... မြန်လိုက်တာ ... ဘယ်သူနဲ့လဲ"

"သိပါဘူး ... ဘယ်က ... အရှုပ်ထုပ်ကို အမှိုက်ပုံးထဲကဆွဲ
ယူကောက်ထုတ်လာတာလဲ မသိဘူး ... ကျွန်မက လုံးဝ
လက်မထပ်နိုင်ဘူးလို့ အပြတ်ငြင်းတော့ ... ကျွန်မကို ဒီ
တစ်လအတွင်း အပြင်လုံးဝထွက်ခွင့်မရအောင် မာမီ စောင့်
ကြပ်လိုက်ပြီ ... "

"ဟာ ... ဒုက္ခပါပဲကွာ"

"အခုမှ ဒုက္ခတမနေနဲ့ ... အဲဒါ ရှင့်ကြောင့် ... ရှင့်ကြောင့်"

"ဟာ ... မယုံစရာဘဲ ... မင်းမာမီ ကိုယ့်ကို အဲဒီလောက်
အထိ မုန်းသွားခဲ့တာကို ... "

တစ်ဖက်မှ ချစ်သူလေးရဲ့ ငိုရှိုက်သံတွေက သူ့ကို
ညှို့နက်သန်းခေါင်အချိန်ကြီးမှာ အခုချက်ချင်းပဲ ချစ်သူလေးဆီ
အပြေးသွားလိုက်ပြီး ရင်ခွင်ထဲထည့်ကာ ချော့မော့နှစ်သိမ့်လိုက်ချင်
သည်အထိ ရင့်ထဲမှာ နေမထိထိုင်မသာ ကြိုးငြိသွားခဲ့ရပြီဖြစ်သည်။

ဒါပေမဲ့ ဒီအချိန်ကြီးက ဘယ်လိုမှ မသင့်တော်၊ မဖြစ်





နိုင်ခဲ့သလို အနားမှာ ယောက်ျားဆယ်အားလောက် အားမာန်ကြီး
သည့် ရန့်မာမီက စောင့်ကြပ်နေခဲ့ပြီမို့ သူနှင့်ရန် တွေ့ဆုံဖို့အခွင့်
အရေးဆိုတာ ဘယ်လိုမှမရှိတော့အောင် နည်းသွားရပြီဖြစ်သည်။

ဒီအချိန်မှာ သူဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲဆို
တာကိုပဲ အထပ်ထပ်စဉ်းစားတာ ပါးနှစ်ဖက်ခွက်ဝင်အောင် အကြံ
ကြီးကြီး ကြံစည်နေခဲ့ပေမဲ့၊ ဘာမှ ဦးနှောက်က မထွက်အောင် သူ့
Brain က ပိန်သွားရလေသည်။

"တာဝေ ... ရှင် ... ဘာမှမပြောတော့ဘူးလား ... ကျွန်မ
က ဒက်ဒီဖုန်းကို လစ်ပြီးဆက်ရတာ ... ဖုန်းကအခု မာမီ
သိမ်းလိုက်ပြီ ... အဲဒီလို အဝေးဆုံးဖြစ်အောင် ဖန်တီးခဲ့တာ
ဘယ်သူလဲ ... ကဲ ... ပြော ... ရှင်ပြော ... "

"ဟင် ... "

အခုလို ရန့်အသံစွာစွာလေးကို ကြားတော့မှ ရင်ထဲ
မှာ ပိန်းနေသည့်အမှောင်တွေက နေပွင့်သွားသလို လင်းလက်
တောက်ပသွားခဲ့သည်။

လုံးဝဆုံးရှုံးပြီလို့ မထင်ခဲ့ပေမဲ့ မျှော်လင့်အားနည်း
သွားခဲ့သည့် ကိုယ်နှစ်ရှည်လများစွာ ရင်းတည်ပြီးချစ်ခဲ့ရသည့် ချစ်
သူလေးကို အချိန်တိုတိုအတွင်းမှာ ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကြီးကို သူမယုံနိုင်အောင် အံ့ဩခဲ့ရသည်။

ကံကြမ္မာရဲ့ ပြောင်းလဲမှုကြီးကို မယုံနိုင်သလို ချစ်သူလေးရဲ့ (မေတ္တာစစ် ချစ်ခြင်းရင်ခုန်သံတွေကို) လည်း သူ တသက် သတ် မြတ်နိုးသွားခဲ့ရသည်။

ဒီအချိန်မှာ သူ ရင်ခုန်သံတွေက အခုန်ကြမ်းလာသလို စိတ်တွေလည်း ယိမ်းထိုးလှုပ်ရှားလျက် ရန့်ကို ဘာမှပြန်မပြောမိသေးဘဲ ရှိနေပြီးမှ ဆတ်ခနဲ မျက်နှာကြီးကို ပင့်မော့ပစ်လိုက်ပြီးမှ ရင်ထဲက လွှတ်လပ်သွားသည့် အသံကြီးနှင့် အားရပါးရ ပြောချလိုက်တော့သည်။

"ကံကြမ္မာကို စိန်ခေါ်ခဲ့တဲ့ ကိုယ့်အမှားကို ကိုယ်ဝန်ခံပါတယ် ရန့် ... ကိုယ်တို့ အခုချိန်မှာ ပြီးခဲ့တဲ့ သမိုင်းကိုခေါက်နေစရာ မလိုတော့ဘူး ... ဒီအချိန်က ကိုယ်တို့ ... ကိုယ်တို့ ခိုးပြေးဖို့ သင့်တဲ့အချိန်ရောက်ပြီ ... ပြောပါဦး ... ပြောပါဦး ... ရန့် ... ရယ်"

"ဟင်း ... "

ခနဲ တစ်ဖက်က ရှိုက်လိုက်သည်။ ရန့်သက်ပြင်းချသံလေးက သူ့နှလုံးအိမ်တစ်ခုလုံးကို ပူခနဲစီးစိမ့်ဝင်ရောက်သွားရလေသည်။ ဒီအချိန်မှာ သိပ်မကြာခင်က ဖြစ်ခဲ့ကြသည့် ပြဿနာတွေ





လည်း သူ့ရင်ထဲမှာ ဘာမှမရှိတော့။

အခုအချိန်မှာ အရေးအကြီးဆုံးကတော့ သူနှင့်ရန့် ပေါင်းဆုံခွင့်ရဖို့ပဲ ဖြစ်သည်။

"ဟင် ... ရန့် ... ပြောပါဦး"

"အင်း ... ပြောဆိုရရင်တော့ ... ရှင် ဂျွန်မကို ခိုးဖို့ပြင်ပေတော့ ... တံတိုင်းတွေ အထပ်ထပ်တာပြီးမှ ရတဲ့နည်းနဲ့ ကြံပေတော့ ... "

"အင်း ... ဒါက လွယ်ပါတယ် ... ဒီနေ့ညလား ရန့်"

"ရတော့မလား ... နာရီကိုလည်း ပြန်ကြည့်ဦး ... ည၁၁ တစ်နာရီပဲကျော်နေပြီ ... "

"အင်း ဟုတ်သား ... ကိုယ်လည်း ရင်တွေလှုပ်နေတာနဲ့ ဘာမျှမသိအောင်မူးနေရပြီ ... ဒါဆို ... မနက်ဖြန်ည ဖြစ်မလား ... "

"ဖြစ်တာတော့ ဖြစ်တာပေါ့ ... ဒါပေမဲ့ ... မလွယ်ဘူး"

"အိုခေ ... လွယ်အောင် ကိုယ်ဖန်တီးမယ် ... မနက်ဖြန်ညရှစ်နာရီလောက် ကိုယ် ရန့်တို့အိမ်ရှေ့ကိုလာခဲ့မယ် ... ပြီးတော့ ရန့်ကို ရတဲ့နည်းနဲ့တွေ့ခွင့်ရအောင် တွေ့ခွင့်တောင်းမယ် ... ဒါကို ကိုယ်မကြောက်ပါဘူး ... ကိုယ်ကြောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သေးနဲ့ဝေးရမဲ့လမ်းပဲ … အခုတော့ အရာအားလုံးကို ဘာမှကြောက်စရာမလိုတော့ဘူး … ရန် … မင်းကို ကိုယ် အမြဲချစ်တယ် … လွမ်းတယ်ကွာ … ”

“အင်း … ရန်လည်း လွမ်းတယ် … ”

“အိုခေ … မနက်ဖြန် အဆင်သင့် Ready ဖြစ်နေပစေနော်”

“အင်း … အင်းပါ … ဒါဆို ဖုန်းပိတ်တော့မယ်”

“နေဦး … ကိုယ့်ကိုချစ်တယ်လို့ ပြောပါဦး”

“ဟင် … အင်း … အမြဲတမ်းနှာငြိမ့်ချင်နေ … ”

“လုပ်ပါ ရန်ရယ် … ပူခဲ့သမျှ နှလုံးသားကို အေးမြစေချင်လို့ပါနော် … နော် … ရေခဲရေလေးတစ်ခွက်လောက်ပါနော် … ”

“ဟင်း … မုန်းဖို့ကောင်းလိုက်တာ … ရှင့်ကိုလုံးဝမချစ်ဘူး”

“ဟာကွာ … ”

“တော်ပြီ … တော်ပြီ … ဖုန်းပိတ်မယ် … ”

“ဟား … ရန် … ရန်ကလည်းကွာ … အေး ကောင်းပြီနော် ဟင်း … ”

သူ ချစ်သူလေးကို ကြိမ်းမဲ့ဆဲဆဲ ပါးစပ်ကြီးကိုပြန်လည်ထိန်းချုပ်လိုက်ရသည်။





ဒီအချိန်မှာ ချစ်သူလေးကို ဘယ်လိုစကားမျိုးနှင့်မှ စိတ်အနှောင့်အယှက်မပေးစေချင်ခဲ့တာမို့ ချစ်သူလေး ကျေနပ်သွားအောင် ရင်ထဲက စကားတွေကို နှုတ်ဆိတ်နှုတ်ပိတ်လိုက်ရတော့သည်။

အင်း …

ဘာပဲပြောပြော ချစ်သူလေး သူ့ကိုကျေနပ်ခွင့်လွှတ်နားလည်ပေးတာကိုပဲ သူ့ဘဝတစ်သက်မှာ တသသ မြတ်နိုးစွဲလမ်းတမ်းတသွားခဲ့မိတော့မှာ ဆိုတာကိုတော့ ရန့်သိအောင် လက်ထပ်ပြီးတစ်နေ့မှာ ဝန်ခံဖို့ သူ ဆုံးဖြတ်ထားခဲ့ပါသည်။

✳



www.burmeseclassic.com

www.burmeseclassic.com



## ၂၃

ညရှစ်နာရီ သူချိန်းထားသည့်အချိန်ကို တဖြည်းဖြည်း နီးကပ်လာပြီမို့ ရန် ရင်တွေတထိတ်ထိတ်ခုန်ကာ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရသည်။

ဒီအချိန်မှာ သူ ခြံထိပ်တံခါးအနားဆီရောက်လောက်ပြီဆိုတာကိုလည်း ရန် အသည်းတထိတ်ထိတ်ဖြင့် ခန့်မှန်းသိရှိထားပြီးဖြစ်သည်။

ဟင်း ... သူတော့ ရန့်ကို ဘယ်လိုနည်းနဲ့ ဒီခြံအပြင်ကို ရောက်အောင် ဆွဲခေါ်သွားမည်မသိ။

ရန်ကတော့ တွေးရင်းနဲ့တောင် တစ်ကိုယ်လုံးထူပူသွားသည်အထိ မျက်စိတွေပြာဝေကာ ခေါင်းတစ်ခုလုံး မူးနောက်





သွားရသည်။

အဲဒီချိန်မှာပဲ အိမ်ရှေ့ဆီက ကျယ်လောင်စွာ ပေါ်ထွက်လာသည့် သူ့အသံကြီးကို ကြားလိုက်ရပါတော့သည်။

"ရန် ... ရန်ရေ ... ကိုယ့်ကို တွေ့ခွင့်ပေးပါ ရန်ရယ် ... မင်းနဲ့ကိုယ်က နှလုံးသားချင်း အနီးဆုံး အဝေးတွေးဆုံး နားလည်ထားခဲ့ကြတဲ့ ... စေ့စပ်ပြီးသားချစ်သူတွေပါ ... မင်း မင်း ကိုယ့်အပေါ် မပြတ်ဘူးဆိုတာ ကိုယ်သိတယ် ... မင်း မာမီ ကြိုးဆွဲရာကို မင်း က,နေတယ်ဆိုတာကိုလည်း ကိုယ်သိတယ် ..."

"ဟင် ..."

သူ့အသံက တိခနဲပြတ်သွားပြီး ကားဟွန်းသံတွမ်တွမ်က အိမ်ရှေ့ဆီမှာ ဆူညံသွားတော့သည်။

"ပွမ် ... ပွမ် ... ပွမ်"

ရန် ... သူ့လုပ်ရပ်တွေကို ကြက်သီးထ၊ ရင်ခုန်ကြီးမှာ နားထောင်နေဆဲမှာပဲ မာမီက ရန့်အရှေ့မှာ ခါးနှစ်ဖက်ထောက်ကာ ရန့်ကို ပက်ပက်စက်စက် ပါးကိုရိုက်ချချင်သည့်မျက်လုံးတွေနှင့် စူးစူးကြီး စိုက်ကြည့်လျက် ပေါက်ကွဲလာပါတော့သည်။

"ဟင်း ... မိရန်ရန် ... ရှက်ဖို့ကောင်းလိုက်တာ ... ရှက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလိုက်တာ ... တစ်သက်နဲ့တစ်ကိုယ် ... ဒီလို အရှက်ကွဲမှုမျိုး တစ်ခါမှမကြုံဖူးဘူး ... ညည်း ... ညည်း ... ညည်းကောင်ကို အခုသွားနှင်ထုတ် ... ခြံရှေ့ကနေ ကျက်သရေမရှိ ... သူတောင်းစားသံနဲ့ လာမအော်နဲ့လို့ ... ပြောပြီးမောင်းထုတ်လိုက် ... ”

“အို ... ရန် ... မပြောရဲပါဘူး”

“ဘာ ... ညည်း ... အေး ... ညည်းမပြောချင်နေ ... ငါဒီကောင့်ကို ပါးရိုက်ပြီးပြောမယ် ... ”

လက်ဝါးကြီးနှစ်ဖက်ကို မာန်ပါပါ ဖြန့်ကားပြီး ရန့်အရှေ့တနေ ချာခနဲလှည့်ထွက်သွားသည့် မာမီ့အနောက်ကို ရန်ထိတ်လန့်တုန်လှုပ်စွာ အပြေးလိုက်သွားမိသလို ဒက်ဒီကလည်းဒေါသအင်မတန်ကြီးသည့် မာမီ့အနောက်ကနေ အပြေးလိုက်သွားရလေတော့သည်။

“မြတ် ... မင်း ... ဒေါသရှေ့မထားစမ်းနဲ့ ... မှားမယ်နော်မှားမယ် ... ”

“မျိုးမြင့်မြတ် ... လောကမှာ အမှားဆိုတာ တစ်ခါမှမရှိဘူးအမှန်တွေချည်းပဲ ... မိမြတ်တို့ကို လာတိုက်လို့ကတော့ပစ်လဲကျသွားမယ်မှတ် ... ဟင်း ဟင်း ... အကောင်တ





ငါ့ကိုနည်းနည်းမှမကြောက်ဘူးပေါ့ ... ပါးကိုမှ ရှစ်စိတ်ကွဲသွားအောင် ရိုက်ပြဦးမယ် ... ”

အမယ်လေး ...

မာမီက သူ့ပါးကိုရှစ်စိတ်ကွဲအောင်ရိုက်မယ်ဆိုတော့ သူ့ကို ထိပ်တိုက်ရင်ဆိုင်မည့်သဘောရှိတာတ ရန့်ကိုကြောက်ရွံ့တုန်လှုပ်နေသည့်ကြားက လှစ်ခနဲဝမ်းသာသွားမိသေးသည်။

အဲဒီအချိန်မှာပဲ မာမီက ခြံတံခါးကို ကိုယ်တိုင်ဖွင့်ပြီး ကားပေါ်ကနေ တပွမ်ပွမ် အချက်ပေးစော်ကားလာသည့် တော်ရမ်းဆဲဆဲ သမက်ကို အမုန်းကြီးကြီးဖြင့် (ဝှန်းဒိုင်းကျဲ) ခြံအပြင်ကို ရောက်သွားသလို ရန်လည်း သူ့ကားဘေးဆီကို လှစ်ခနဲရောက်ရှိသွားခဲ့သည်။

အဲဒီအချိန်မှာ ကားတံခါးက ဖျတ်ခနဲပွင့်လာတာကို ဘာမှစဉ်းစားမနေတော့ဘဲ ရန် သူ့ကားပေါ်ကို ဇွတ်ခနဲတက်ထိုင်ပြီးသား ဖြစ်သွားရသည်။

အဲဒီလို ရန် သူ့ကားပေါ်ကို တက်ထိုင်လိုက်တာကို အခုထိ မမြင်သေးဘဲ သူ့အပေါ် ဒေါသတကြီးရန်တွေ့နေသည့် မာမီ့အသံက သူ့အတွက် ရယ်စရာဟာသတစ်ကွက် ရသွားတော့သည်။

“မင်း ... မင်း ထွက်ခဲ့စမ်း ... ကားပေါ်က ဆင်းခဲ့စမ်း ...

www.burmeseclassic.com



**သတ္တိရှိရင်** ငါ့ကို ဆင်းပြီးရင်ဆိုင်စမ်း ... မင်းက ငါ့သမီးကို **စားရက်**တဲ့အမဲ သဲနဲ့ပစ် စော်ကားတာ ... မင်းကို ငါ ပါးရိုက်**ချင်တယ်** ... ဆင်းခဲ့စမ်း ... ဆင်းခဲ့စမ်း ... ”

မာမီ့ရန့်တွေ့သံတွေက သူ့အတွက်ရယ်စရာဟာသ**တစ်ကွက်**ဖြစ်သွားသလို သူက ကားမှန်မည်းကိုချပစ်ကာ မာမီ့ကို ခေါင်းပြူကြည့်ပြီး လက်ကာ တာတာ့ခါရင်း ...

“ယောက္ခမကြီး Lodipin လေး သောက်လိုက်ပါဦး ... ကျွန်တော်တို့တော့ Go ပြီဗျာ ... ဘိုင့် ... ဘိုင်”

ဟုဆိုကာ ကားကိုဝူးခနဲ မောင်းထွက်သွားသည်တွင် အနောက်မှ မာမီရဲ့ကြောက်စရာကောင်းသည့် အသံထန်ထန်ကြီးကို နောက်ဆုံးကြားသိလိုက်ရသေးသည်။

“တင် ... မိရန့်ရန် ... အမယ်လေး ... ငါကိုယ်ကျိုးနည်းပါပြီ ... ငါ့အမုန်းဆုံးလူနောက်ကို ... ငါ့သမီး ပါသွားပြီ ... ဟီး ... ဟီး ... ”

ဆိုသည့် ဝမ်းနည်းတုန်လှုပ်စွာ ငိုကြွေးလိုက်သည့် မာမီ့အသံကြီးက ရန့်ရင်ကို မြားအစင်းပေါင်း သောင်းသန်းချီကာ ပစ်ဝင်သွားသလို စူးနစ်ဝင်ထိခိုက်သွားခဲ့သည်။ အဲဒီအချိန်မှာ ရန့်ချစ်သူတာဝေ တစ်ယောက်ကတော့ ပရီးမီးယားလိဂ်ဘောလုံးပွဲ





တွေမှာ အအောင်မြင်ဆုံး ဆုကြီးတစ်ခု ပွေ့ပိုက်လိုက်ရသလို အနိုင်ရသူ အောင်နိုင်သူ ရယ်သံကြီးနှင့် မျက်နှာကြီးပင့်မော့ ရင်ဘတ်ကြီးကော့လျက် တဟားဟား ရယ်မဆုံးဖြစ်သွားခဲ့တော့သည်။

“ဟား ဟား ဟား”

“... ... ...”

“ဟား ဟား ဟား”

“ဟင်”

တာဝေ ရယ်သံတွေက ရန့်အသည်းနှလုံးကိုထုတ်ချင်းခတ် ပေါက်ဝင်သွားတော့သည်။

ဒီတစ်ခါတော့ ရန့် ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ သူ့ပခုံးပေါ်မှာ ပစ်အပ်သွားသည့် ခေါင်းကလေးကို ထူမတ်ပြီး သူ့ကို ရန့်တွေ့ပစ်လိုက်မိတော့သည်။

“ဟင် ... ရှင် ... ရှင်က မာမီကျရှုံးခန်းကို လှောင်တယ် ပေါ့လေ ... ဟုတ်လား ... ”

“မလှောင်ပါဘူး ... သဘောကျလို့ပါ ... ဟွန်း ... ဟွန်း”

“သဘောကျစရာလည်း မလိုဘူး ... ရန့်သူကိုသဘောကျတာ ဒါ ... အချဉ်ဖမ်းနည်းတစ်မျိုးနဲ့ လှောင်တာပဲ”

“အင်း ... ဘာပဲဖြစ်ဖြစ် ... အခု ရန့်က ကိုယ့်ကိုချစ်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယောက်ျားတော်လိုက်ရပြီ … ကိုယ်ကလည်း ရန့်ကို သိပ်ချစ်လို့ ယောက္ခမကြီး အတိုက်အခိုက်ကြား ကိုယ့်မိန်းမဖြစ်အောင် ဖန်တီးခဲ့ပြီးပြီ … ဒီအချိန်မှာ ရန်က ကိုယ့်မိန်းမ … ကိုယ်က ရန့်ယောက်ျား … အဲဒီတော့ … တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင် … ချစ်မိန်းမ … မင်းမာမီကို ကိုယ်မမုန်းပါဘူး … အဲဒါဆိုရင် လုံလောက်ပြီလားဟင် … ”

ရန် စိတ်ဆိုးနာကျင်စွာ အော်လိုက်တော့မှ သူက မျက်နှာပိုးသတ်ပြီး ရန့်ကို အကြည့်နွေးနွေး (မြတ်နိုးချစ်ခင်မဝသည့်) မျက်လုံးတွေဖြင့် စိုက်ကြည့်ကာ ကားကိုလမ်းဘေး အပင်ကလေးတစ်နေရာမှာ ထိုးရပ်လျက် နှစ်သိမ့်လာခဲ့သည်။

“ဟင် … ဟင် … ရန် … ”

“ဘာလဲ … ”

“မအော်နဲ့ကွာ … တော်ကြာ သူများတွေက … ဘာများဖြစ်နေတာလဲလို့ လာချောင်းဦးမယ် … တကယ်ပြောတာ … ကိုယ့်ရင်ထဲမှာ ရန့်ကိုသိပ်ချစ်လို့ … ရန့်မာမီကို ကိုယ်လုံးဝမမုန်းမိဘူး … အဲဒါ ကိုယ့်ရင်ထဲက သစ္စာစကားပဲ … ”





“တကယ်နော် … ”

ရိုးသားဖြူစင်လွန်းသည့် မျက်ရည်ကြည်လေးတွေ ပြည့်နေသည့် ရန့်မျက်ဝန်းအိမ်ကလေးကို သူ မြတ်နိုးခြင်းမဝနိုင်စွာ ငုံ့ရှိုက်နမ်းလိုက်သည်တွင် ရန့်ကိုယ်လုံးကလေး သိမ့်ခနဲခါသွားတာကို သူက ဘယ်လိုကြင်နာ မြတ်နိုးမိမှန်းမသိ၊ မြတ်နိုးစိတ်ဖြင့် တင်းတင်းကြီး သိုင်းဖက်ထားလိုက်သည်။

အဲဒီအချိန်ခဏအတွင်းမှာ သူ့ရင်ထဲက ရန့်မာမီအရင်တုန်းက အငြိုးထားမုန်းခဲ့သည့် အာဃာတတွေ ပြေပျောက်သွားခဲ့သလို လောလောဆယ် အစော်ကားခံ အပြောခံခဲ့ရသည့် စကားတွေလည်း တိမ်တိုက်ထဲ မျောလွင့်သွားလေတော့သည်။

အဲဒီလိုခံစားခဲ့ရသည့် ဒီခံစားမှုတွေကို လုံးဝခေါင်းကြည်လက်မခံချင်သေးသည့် ချစ်သူဇနီးလေးကိုလည်း သူ ယုန်ရှုပ်ကိုမျိုချပြီး ကတိမပေးနိုင်တော့ချေ။

အချိန်ကာလက သက်သေပြလိမ့်မည်ဆိုသည့် ခံယူချက်ဖြင့်ပင် ချစ်သူလေးရဲ့ မယုံမကြည် အမေးစကားကြီးကို ယခုမှပင်က ပြန်ဖြေခြင်းမပြုတော့ဘဲ ခေါင်းကလေးညိတ်ကာ သူ ဖြေပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ခေါင်းညိတ်အဖြေပေးလိုက်ခြင်းဟာ ကတိစကား အလုံးတစ်ရာထက် အရာရောက်ခဲ့သည်ဆိုတာကို ချစ်သူ မိန်းလေး တစ်ချိန်ချိန်မှာ အလိုလို သိနားလည်လာခဲ့လိမ့်မည်ထင်ပါသည်။

ပရိသတ်အတွက်
အမြဲတမ်း...
ရှင်မီထယ်



BURMESE CLASSIC
www.burmeseclassic.com